မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃) အမှတ် (၁၃)

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သည့်အခါ မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုတိုးတက်အောင်မြင်လာမည်

စာမျက်နှာ ➤ ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ဦးချင်းဝင်ငွေကို တစ်နှစ်လျှင် ၃၁ သိန်းကျော်အထိရရှိစေရန် ရည်မှန်းထား

ရန်ကုန် အောက်တိုဘာ ၁၂

ခင် ရ တ နာ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်ဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ တစ်နှစ်ပျမ်းမျှဝင်ငွေကို ၃၁၈၅၃၃၀ အထိရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးနှင့်စီမံကိန်းဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအရ အချက်အချာကျသည့်မြို့တစ်ခုဖြစ်ပြီး လူဦးရေသိပ်သည်းဆမှာလည်းအခြားတိုင်းဒေသကြီး၊ပြည်နယ်များထက် မြင့်မားသည့်အပြင် နိုင်ငံတော်၏ ဂျီဒီပီရာခိုင်နှုန်းအချိုးတွင်လည်း အခြားတိုင်းဒေသကြီး၊ ပြည်နယ်များထက် ရန်ကုန်တိုင်းဒေသကြီးက ပိုမိုများပြားလျက်ရှိခြင်းကြောင့် တစ်နှစ်တာအတွက် တစ်ဦးချင်းဝင်ငွေကို ယခုရရှိလျက်ရှိသည့် အခြေအနေထက်ပိုမိုမြင့်မားအောင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း သုတေသန စစ်တမ်းများအရ နိုင်ငံတော်တစ်ဝန်းလုံးအနေအားဖြင့် လူတစ်ဦးချင်း၏ တစ်နှစ်တာဝင်ငွေကို ၇၆၁၈၅၁ ရရှိရန် အကောင်အထည်ဖော်နေခဲ့ရာမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူတစ်ဦးချင်းစီ၏ တစ်နှစ်တာဝင်ငွေကို ၁၅၀၂၀၉၂ အထိ ရရှိစေရန် ရည်မှန်းဆောင်ရွက်ကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ○

သီလဝါအထူးစီးပွားရေးဇုန်၏ အရေးပါသော နေရာတစ်ခုဖြစ်လာနိုင်သည့် သီလဝါဆိပ်ကမ်းအမှတ်(၄) ကို တွေ့ရစဉ်။

ကမ္ဘာ့ရွှေဈေး တစ်ဟုန်ထိုးကျဆင်း မြန်မာ့ရွှေဈေးလိုက်ပါကျလာ

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယနေ့ကမ္ဘာ့ရွှေဈေးနှုန်းတစ်ဟုန်ထိုးကျဆင်းလာခြင်းနှင့်အတူ မြန်မာ့ရွှေဈေးသည်လည်း လိုက်ပါကျဆင်းနေသည်ဟု သိရသည်။

ယခုကဲ့သို့ ကမ္ဘာ့ရွှေဈေးကျဆင်းရခြင်းအကြောင်းအရင်းကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ဤသို့ဆိုသည်။ "ကမ္ဘာ့အဓိကနိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးဂယက်အပေါ်မူတည်ပြီး ကမ္ဘာ့ငွေဈေးက ကျဆင်းလာသလို ကမ္ဘာ့ရွှေဈေးကလည်း ကျဆင်းလာပါတယ်" ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ သုံးသပ်ပြောကြားခဲ့သည်။

ယနေ့ ငွေကြေးလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မိမိဝယ်ဈေးမှာငွေကျပ် ၉၇၈ ရှိသကဲ့သို့ မိမိက ပြန်ရောင်းဈေးမှာ ငွေကျပ် ၉၆၈ ရှိနေခဲ့သည်။ ကမ္ဘာ့ရွှေဈေးအနေဖြင့် အောက်တိုဘာ ၁၂ ရက် နံနက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၂ ရှိနေခဲ့ပြီး အောက်တိုဘာ ၁၁ ရက် မြန်မာ့ရွှေဈေးကွက်ပိတ်ချိန်၌ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၆၈၅၀၀ဖြင့် ပိတ်သိမ်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ဆိုသည်။

မြန်မာ့အလင်းသတင်းအဖွဲ့ အသင်းရုံးခန်းသို့ရောက်သွားချိန်၌ အသင်းဝင်များ၏ ရွှေရောင်းခြင်း၊ ဝယ်ခြင်းလုပ်ငန်းက ရုံးခန်းအပြည့်။ ဈေးခေါ်သံ ဈေးပေးသံတို့က အခန်းတွင်းမှ လျှံထွက်နေသည်။ တနင်္ဂနွေနှင့် နေ့ကြီးရက်ကြီး ရုံးပိတ်ရက်များမှအပ နေ့စဉ် စည်စည်ကားကားရှိသည်ဟု ရုံးအဖွဲ့မှူး ဒေါ်အေးအေးခိုင်က ပြောသည်။ အောက်တိုဘာ ၁၃ ရက် နံနက်ဈေးအဖွင့်၌ အခေါက်ရွှေတစ်ကျပ်သားကို ငွေကျပ် ၆၈၀၀၀၀ သို့ ကျဆင်းခဲ့သည်ဟု သူက ဆိုသည်။ ဤသို့ ရောင်းဝယ်ကြသည်မှာလည်း လေပတ်ကား(လေဖြင့်)အရောင်းအဝယ်ပြုကြခြင်းမဟုတ်ကြောင်း၊ ရောင်းသူဝယ်သူ ဈေးကတိတူညီမှုအတွက် စလစ်လေးများဖြင့် အသိအမှတ်ပြုရောင်းကြခြင်းဖြစ်ကြောင်းကိုလည်း အတွင်းရေးမှူးက ရှင်းပြ၍ သိခဲ့ရသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●



ရွှေဆိုင်တစ်ဆိုင်၏ အခင်းအကျင်း။

ရန်ကုန်မြို့ရေပေးဝေရေး ဂျပန်မှအကူအညီပေးမည်

ရန်ကုန် အောက်တိုဘာ ၁၂

လူဦးရေတစ်နေ့တခြားတိုးပွားလာသော စီးပွားရေးမြို့တော်ရန်ကုန် မြို့ပြဧရိယာကျယ်ပြန့်လာသည်နှင့်အတူ လူနေထိုင်မှုသိပ်သည်းလာသည်။ တိုးပွားလာသည့်လူဦးရေနှင့် အိမ်ထောင်စုများအတွက် သောက်သုံးရေဖြည့်ဆည်းပံ့ပိုးပေးရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံမှ ဂျကာအဖွဲ့တို့အကြား သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပြီ ဖြစ်သည်။

ထိုသို့အကူအညီပေးရေးအတွက် ၂၀၁၃ ခုနှစ် မေလက နှစ်နိုင်ငံအစိုးရအချင်းချင်းလက်မှတ်ရေးထိုးခဲ့ပြီး နောက်ဆက်တွဲအဖြစ် ပြီးခဲ့သည့် စက်တင်ဘာ ၂၈ ရက်၌ အကူအညီပေးမည့် ဂျကာအဖွဲ့နှင့်လက်ခံဆောင်ရွက်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

"ဒီလိုအကူအညီပေးမှုအရ ညောင်နှစ်ပင်ရေသန့်စက်ရုံက ၂၀၀၄ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တာဆိုတော့ ရှစ်နှစ်ခန့်ရှိပါပြီ။ အဲဒီအချိန်က ပြည်ပက အကူအညီမပါဘဲ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့နေပြည်သူတွေ ရေလိုအပ်ချက်ကြောင့် တည်ဆောက်ခဲ့တာဖြစ်ပြီး အခုတော့ နှစ်ကြာလာတဲ့အတွက် ရေတွန်းစက်တွေ အသစ်လဲပေးဖို့ လိုအပ်ပြီဖြစ်လို့ ရေတွန်းစက်ရုံတည်ဆောက်ရမယ်။ ရေတွန်းစက်အသစ်လေးလုံးလည်း တပ်ဆင်ရမှာဖြစ်ပြီး လိုအပ်တဲ့ထိန်းချုပ်စနစ်လည်း တပ်ဆင်ပေးမှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေနှင့်သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးမျိုးသိမ်းက ပြောကြားသည်။

ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေ ပြည့်ဝစွာရရှိရေးအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးခြင်းဖြစ်ပြီး ပြန်ဆပ်စရာမလိုသည့် ဂျပန်ယန်းသန်း ၁၉၀၀ ကို ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယင်းငွေများကို ရန်ကုန်မြို့ ညောင်နှစ်ပင်ရေသန့်စင်စက်ရုံတွင် ရေတွန်းစက်ရုံနှင့် ရေတွန်းစက်များကိုအသစ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၄* ✻

သတင်းဆောင်းပါး ➤ မောင်မောင်မြင့်ဆွေ

ကြော်ငြာအချုပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချုပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကယ်ရီနှင့်ခရီးသည်

ကျွန်ုပ်တို့နိုင်ငံတွင် ဆိုင်ကယ်များ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလာနိုင်ခြင်းကြောင့် မြို့ပြများသာမက ကျေးလက်ဒေသများအထိ ဆိုင်ကယ်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။ အထူးသဖြင့် ဆိုင်ကယ်များ ပေါများလာခြင်းကြောင့် မြို့ပြနှင့် ကျေးလက်ကူးလူး ဆက်သွယ်သွားလာရေးတို့ လွယ်ကူလျင်မြန်ချောမွေ့စေလျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကျေးလက်ဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

ဤသို့ဆိုင်ကယ်များ လွတ်လပ်စွာ စီးနင်းအသုံးပြုလာနိုင်ခြင်းသည် တစ်ဖက်မှ တိုးတက်ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း အခြားတစ်ဖက်တွင် ဆိုးကျိုးများဖြစ်လာသည်ကို သတိပြုမိသည်။ ထိုဆိုးကျိုးများသည် အခြားမဟုတ်ပါ။ ဆိုင်ကယ်မတော်တဆမှု (Accident) များပင် ဖြစ်ပါသည်။ မတော်တဆဟုဆိုခြင်းထက် ပေါ့ဆမှု၊ မကျွမ်းကျင်မှု၊ စည်းကမ်းမလိုက်နာမှုဟု ပြောလျှင် ပို၍မှန်ပေလိမ့်မည်ဖြစ်သည်။

မှန်ပါသည်။ ဆိုင်ကယ်စီးနင်းသူ၊ ဆိုင်ကယ် ကယ်ရီဆွဲသူနှင့် ခရီးသည်တို့၏ ပေါ့ဆမှုကြောင့် နေ့စဉ်နှင့်အမျှ ဆိုင်ကယ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိပါသည်။ အထူးသဖြင့် ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါသည့် ခရီးသည်များ ပြုတ်ကျသေဆုံးလျက်ရှိပါသည်။ အများဆုံးစုမှာ အမျိုးသမီးများဖြစ်ပါသည်။ အမျိုးသမီးများသည် ဆိုင်ကယ်ကို နောက်မှလိုက်၍စီးရာတွင် ဘေးတိုက်အနေအထားဖြင့် စီးကြရလေ့ရှိပါသည်။ ဆိုင်ကယ်က လမ်းကြမ်းတစ်ခုကို ဖြတ်သည့်အခါဖြစ်စေ၊ ချောက်တစ်ခုကို ဖြတ်သည့်အခါဖြစ်စေ ဆိုင်ကယ်ခုန်ပြီး နောက်မှစီးသော အမျိုးသမီးများ ပြုတ်ကျလေ့ရှိပါသည်။ ထိုသို့ ပြုတ်ကျသည့်အခါ ဆိုင်ကယ်ဦးထုပ်ကိုဆောင်းပါဟု သက်ဆိုင်ရာက သတိပေးထားသော်လည်း မဆောင်းကြသည့်အတွက် ခေါင်းနှင့်လမ်း ရိုက်မိပြီး သေဆုံးလျက်ရှိပါသည်။

ထို့အတူ ဆိုင်ကယ် ကယ်ရီဆွဲသူအများစုတွင် ဆိုင်ကယ်ဦးထုပ်များမရှိကြပါ။ နေပြည်တော်ကဲ့သို့ မြို့ကြီးများ၌သာ သက်ဆိုင်ရာ ယာဉ်ထိန်းအဖွဲ့၏ ကြီးကြပ်မှုကြောင့် ဆိုင်ကယ် ကယ်ရီဆွဲသူများနှင့် ခရီးသည်များ ဆိုင်ကယ်ဦးထုပ်ဆောင်းကြလေ့ရှိပါသည်။ အချို့သောဒေသများတွင် ပညာပေးလုပ်ငန်းများ မည်မျှပင်လုပ်ဆောင်သည်ဖြစ်စေ လိုက်နာမှုအားနည်းနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့်လည်း ဆေးရုံကြီးများတွင် အရေးပေါ်ဌာနများ၌ ဆိုင်ကယ်ကြောင့်ဖြစ်ရသည့် လူနာများသည် အများဆုံးဖြစ်ကြောင်း ကြားသိနေရပါသည်။ ဆိုင်ကယ်စီးခြင်းအလုပ်သည် အသက်ကိုစွန့်၍လုပ်ရသည့် အလုပ်သဖွယ် ဖြစ်လာပါသည်။ ဆိုင်ကယ်ကြောင့် သေဆုံးမှုများ ပိုမိုများပြားလာပါသည်။ ထို့ကြောင့် ဆိုင်ကယ်ကယ်ရီစီးမည်ဆိုလျှင် ဆိုင်ကယ်စီးဦးထုပ်ကို မဖြစ်မနေဆောင်းခြင်း၊ ဆိုင်ကယ်ကို အရှိန်ပြင်းစွာမောင်းနှင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အမျိုးသမီးခရီးသည်များကလည်း ပေါ့ဆစွာ စီးနင်းခြင်းမှ ရှောင်ကြဉ်ခြင်း စသော စည်းကမ်းများကို လိုက်နာခြင်းဖြင့် ဆိုင်ကယ်ကြောင့်ဖြစ်ရသည့် မတော်တဆမှုများ လျော့နည်းလာ မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည့် စီမံချက်အား မိဘပြည်သူများသို့ အသိပေးတင်ပြခြင်း

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှု နည်းပညာများအရ Analogue မှ ASEAN Digital Standard ဖြစ်သော Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် Digital Video Broadcasting-Terrestrial -2 (DVB-T2) သို့ ပြောင်းလဲပြီး အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free to Air (FTA) စနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲထုတ်လွှင့်မှုစီမံချက် ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး(စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)၊ နေပြည်တော်(တပ်ကုန်း)ရှိ စက်ရုံ လေးရုံမှ အောက်တိုဘာ ၁၅ ရက်မှစ၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟင်္သာတနှင့်ထားဝယ်မြို့များရှိ စက်ရုံ ၂၁ ရုံတွင် Digital လွှင့်စက်များ ဆက်လက် တပ်ဆင်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကိုလည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကိုလည်းကောင်း၊ ပဉ္စမအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၆၆ ရုံကိုလည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့်လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များတပ်ဆင်၍ လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International (MI Channel)၊ လွှတ်တော် (Channel)၊ တိုင်းရင်းသားရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers Channel) စသည်ဖြင့် ရုပ်သံလိုင်းငါးလိုင်းကို Free to Air စနစ်ဖြင့် ကနဦး ထည့်သွင်းထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသား ရုပ်သံလိုင်းများအပါအဝင် ချန်နယ်ရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ရန်ကုန်စက်ရုံမှ လွှင့်အား (3 KW)၊ လိုင်းနံပါတ် (CH-23)ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်အထိလည်းကောင်း၊ တောင်ဘက်ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များအထိ လည်းကောင်း၊ အရှေ့ဘက်တွင် သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်အထိ လည်းကောင်း၊ အနောက်ဘက်တွင် တွံတေးမြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ စစ်ကိုင်းစက်ရုံမှ လွှင့်အား (3 KW)၊ လိုင်းနံပါတ် (CH-31) ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် မတ္တရာမြို့အထိ လည်းကောင်း၊ တောင်ဘက် ဝမ်းတွင်းမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့အထိ လည်းကောင်း၊ အနောက်ဘက်တွင် မြောင်မြို့အထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(ပျဉ်းမနား)ရုပ်သံစက်ရုံမှ လွှင့်အား (3 KW)၊ လိုင်းနံပါတ် (CH-30) ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် တပ်ကုန်းမြို့နယ်ရှိ ရွှေမြို့အထိ လည်းကောင်း၊ တောင်ဘက်သာဂရမြို့အထိ လည်းကောင်း၊ အရှေ့ဘက်တွင် ရေဆင်း၊ သိုက်ချောင်းအထိ လည်းကောင်း၊ အနောက်ဘက်တွင် တောင်ညိုအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေပြည်တော်(တပ်ကုန်း)ရှိ လွှင့်စက်ရုံမှ လွှင့်အား (1 KW)၊ လိုင်းနံပါတ် (CH-23) ဖြင့် ထုတ်လွှင့်မှုကို မြောက်ဘက် ပျော်ဘွယ်မြို့ အဝင်လမ်းဆုံအထိ လည်းကောင်း၊ တောင်ဘက် ကျည်တောင်ကန်အထိ လည်းကောင်း၊ အရှေ့ဘက် သပြေကုန်းကျေးရွာ၊ နောက်ဘို့အိုးကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် မြောင်းမြိုက်၊ သရက်ကွင်းကျေးရွာအထိ လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။ ၎င်းအပြင် နေပြည်တော်ရှိ Cable TV လိုင်းတွင်လည်း ထည့်သွင်းထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။

DVB-T2, MPEG-4 Tuner ပါသော Digital TV များဖြင့် လည်းကောင်း၊ DVB-T2, MPEG-4 Set-top Box များဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ရုပ်သံလိုင်းငါးခုသာမက မြဝတီမှထုတ်လွှင့်သော ရုပ်သံလိုင်း ခုနစ်လိုင်းကိုလည်းကောင်း၊ Forever မှ ထုတ်လွှင့်သော ရုပ်သံလိုင်း လေးလိုင်းကိုလည်းကောင်း ဖမ်းယူကြည့်ရှုနိုင်နိုင်မည်ဖြစ်ရာ စုစုပေါင်းရုပ်သံလိုင်း ၁၆ လိုင်းကို လစဉ်ကြေးပေးသွင်းရန်မလိုဘဲ အခမဲ့ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် လက်ရှိ Analogue TV ပိုင်ဆိုင်ထားသော ပြည်သူလူထုများ၏အကျိုးစီးပွားအတွက် လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ် ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ကလေးမြို့ ဥပုတ်ချောင်းတွင် မြေထိန်းနံရံတည်ဆောက်ပေးစေချင်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၉ ရက်က မကြုံစဖူးရေလျှံမှု ဖြစ်ပေါ်ခဲ့ရာ ရပ်ကွက်နေရာအနှံ့အပြားတွင် ရေလွှမ်းခြင်း၊ ချောင်းကမ်းပါး ပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ လေကြောင်းဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော လေယာဉ်ကွင်းတိုးချဲ့နေရာရှိ ဥပုတ်ချောင်းရေလွှဲမြောင်း စီမံကိန်းအဆုံးသတ်နေရာတစ်ဝိုက်၌ မြေထိန်းနံရံနှင့် ရပ်ကွက်ခြံဝင်းများ ဆိုးရွားစွာ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ဥပုတ်ချောင်း ရေလွှဲမြောင်းမှာ ပေ၂၀၀၀ ခန့်ရှည်လျားပြီး ရေစီးသန်သဖြင့် မိုးတွင်းကာလ ရပ်ကွက်အတွင်းသို့ ရေတိုက်စားနိုင်မည့် အရေးကြောင့် ပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း ရေလွှဲမြောင်း အဆုံးသတ်နေရာတစ်ဝိုက်တွင် ခိုင်မာသည့် မြေထိန်းနံရံကို တစ်ဆက်တည်း တည်ဆောက်ဆောင်ရွက်ပေးရန် ပြည်သူများက လိုလားလျက်ရှိသည်။ ဥပုတ်ချောင်း၏ ရေလွှဲမြောင်း အဆုံးသတ်နေရာမှစတင်ပြီး မိုးရာသီကာလ ကမ်းပါးပြိုကျမှု၊

ထင်သာမြင်သာ ပြုပြင်စရာ



အသက်အိုးအိမ်ပစ္စည်းများ ပြိုကျပျက်စီးမှု စသည်များ စဉ်ဆက်မပြတ် ဖြစ်ပေါ်ခဲ့သဖြင့် ခိုင်မာသည့် မြေထိန်းနံရံဆောက်ရွက်ပေးရန် ရပ်ကွက်နေပြည်သူများ လိုလားလျက်ရှိသည်။

စတားလေး(ကလေး)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဩစတြီးယားနိုင်ငံသမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၂

ဩစတြီးယားနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ (President of the National Council) H.E.Mrs. Barbara Prammer၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ချစ်ကြည်ရေးခရီးသွားရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင်ရောက်ရှိရာ ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် ဩစတြီးယားနိုင်ငံ National Council မှ တာဝန်ရှိသူများက လေဆိပ်၌ကြိုဆိုကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက် ၁၀ နာရီတွင် ဩစတြီးယားနိုင်ငံ သမ္မတနန်းတော်၌ ဩစတြီးယားနိုင်ငံသမ္မတ H.E.Dr.Heinz Fischer နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဩစတြီးယားနိုင်ငံ ပါလီမန်၌ H.E.Mrs.Barbara Prammer နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)ယင်းနောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့အား ဩစတြီးယားနိုင်ငံလွှတ်တော်ဥက္ကဋ္ဌက ပါလီမန်အဆောက်အအုံ ထမင်းစားခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် ဩစတြီးယားနိုင်ငံ လွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုးရှင်းစူပါစင်တာ၏ နေပြည်တော်ဥတ္တရသီရိ(စင်တာ) ဖွင့်

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အိုးရှင်းစူပါစင်တာ၏ ပဥ္စမမြောက်ဆိုင်ခွဲ နေပြည်တော် ဥတ္တရသီရိ (စင်တာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်အားပေးသည်။

ရှေးဦးစွာ City Mart Holding Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်က Ocean Super Centerဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် Ocean Super Center အတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အကျယ်အဝန်း မြေဧက ၂၀ ပေါ်တွင် တည်ဆောက်ထားသည့် Ocean Super Center သည် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက်တွင်တည်ရှိပြီး ဈေးဆိုင်ခန်းပေါင်း ၄၁ ခန်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ယခု Ocean Super Center သည် ပဥ္စမမြောက်ဆိုင်ခွဲဖြစ်ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံး Super Center ဖြစ်သည်ဟု သိရသည်။

လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ခေတ်မီအိမ်အသုံးအဆောင် ပစ္စည်းများ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများနှင့် သန့်ရှင်းလတ်ဆတ်သော စားသောက်ကုန် ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းချလျက်ရှိပြီး ငွေရှင်းကောင်တာ ၂၆ ခုဖြင့် နေ့စဉ် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Ocean Super Center သည် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဈေးဝယ်သူများ အဆင်ပြေစွာ ဝယ်ယူနိုင်စေရေးအတွက် စက်လှေကားနှစ်စင်း နှင့် ဓာတ်လှေကားနှစ်စင်း ပါဝင်ဆောက်လုပ်ထားကာ ရုပ်ရှင်ကြည့် ပရိသတ်များအတွက် Cineplex ရုပ်ရှင်ရုံနှစ်ရုံပါရှိသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများထံမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ၂၀၁၂ ခုနှစ်၊ ၁၃၇၄ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူ ၁၂၀ ဦးအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၁၃၇၅ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးပုံး(ရှူးဒိုင်း)အား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုသူ မိဘပြည်သူများသို့ ရေအောက်ကေဘယ်လ်ဆက်ကြောင်း ချွတ်ယွင်းမှုအား အသိပေးတင်ပြ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်ပဆက်ကြောင်းများ ချိတ်ဆက်သုံးစွဲထားသော SMW-3 ရေအောက်ကေဘယ်လ်ကုန်းတွင်းပိုင်းဆက်ကြောင်းသည် ၁၀-၁၀-၂၀၁၃ ရက်နေ့ ညနေ ၁၇း၁၅ နာရီတွင် ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သဖြင့် ပြည်ပနှင့် ချိတ်ဆက်ထားသော ဆက်ကြောင်းအချို့ ပြတ်တောက်မှုဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါ ချွတ်ယွင်းမှုကြောင့် အင်တာနက်သုံးစွဲမှု မြန်နှုန်းအနည်းငယ်နှေးကွေးသွားနိုင်မည်ဖြစ်သော်လည်း ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဆက်ကြောင်းများမှ ပြောင်းလဲချိတ်ဆက်ပေးထားမည်ဖြစ်သဖြင့် ပြည်ပနှင့် ဆက်သွယ်မှုများ ပုံမှန်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ချွတ်ယွင်းမှုကို ပြုပြင်ရန် (၇)ရက်ခန့် ကြာမြင့်နိုင်မည်ဖြစ်ပြီး အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် ပြုပြင်လျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ယာယီနံပါတ်ကားသန့်များ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ TOYOTA COROLLA AXIO, 1.3 G-EDITION, 2012, TV+BACK CAMERA, S/A,
၂။ TOYOTA MARK II, 2.0 REGALIA, 2003, TV+BACK CAMERA, 4/B, PEARL. WHITE,
၃။ TOYOTA PROBOX, 1.3 GL, 2007, 4/B, WHITE,
၄။ TOYOTA SUCCEED, 1.5 ULX. PACKAGE, SILVER, 2008. TV ပါ။

ဖုန်း-၀၉-၇၃၃၂၁၅၀၀၊ ၀၉-၅၁၁၁၆၆၂

ခြံရောင်းမည်

တ/ဒဂုံ စိုက်မွေး(၁)ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ် ပေ(၄၀-၁၂၀) (ဂရန်မြေ) လူနေရပ်ကွက်၊ ဈေး၊ အထက်တန်းကျောင်းအနီး၊ ကျပ်သိန်း ၃၂၀ ညှိနှိုင်း။

ဖုန်း-၀၉-၇၃၁၈၁၅၅၈

ဘန်ကောက်(ကြက်ဆီထမင်း)

လူကြီးမင်း၏ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ၊ မွေးနေ့နှင့် ဧည့်ခံပွဲများအတွက် စိတ်တိုင်းကျ မှာယူသုံးဆောင်နိုင်ပါသည်။ (၃)ရက်ကြိုမှာယူ သုံးစွဲနိုင်ပါသည်။

ဖုန်း-၀၉-၃၁၃၃၅၃၃၀၊ ၀၉-၃၁၃၆၁၆၅၃

ပြည်တွင်းသတင်း

၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေအရ လက်ရှိအစိုးရသစ်လက်ထက်မှာ လယ်ယာမြေများ စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲရန်အလို့ငှာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ ထုတ်ပြန်၍ ခွင့်ပြုပေးထားခြင်း လုံးဝမရှိသေး

၇-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၏ မေးခွန်းအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဖြေကြားချက်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ပြောကြားချက်များအား ဖော်ပြအပ်ပါသည်-

ဥက္ကဋ္ဌ။ ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးမင်းဦးက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေးလမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ သိရှိလိုတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်းဘေးဘက်ဝဲယာမှ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုထားခြင်းနဲ့ ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ /မရှိ နှင့် ကိုက်ညီမှုမရှိပါက မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါ၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော့်မေးခွန်းကဲ့သို့ ပုံစံတူဖြစ်တဲ့ မေးခွန်းမျိုးကိုလည်း ပထမအကြိမ် သတ္တမပုံမှန်အစည်းအဝေးမှာ ၂၇-၆-၂၀၁၃ ရက်နေ့မှာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းကလည်း ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းကို မီးမောင်းထိုးပြီးတော့ မေးပြခဲ့ဖူးသလို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဖိုးဇော်ကလည်း ၂၁-၈-၂၀၁၃ရက်နေ့မှာ ကဝမြို့နယ်နဲ့ သနပ်ပင်မြို့နယ်ကို မီးမောင်းထိုးပြီး မေးပြခဲ့တာကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်တို့ ပဲခူးတိုင်းထဲမှာတော့ လယ်ယာမြေကိုအခြားမြေများအဖြစ် ပြောင်းလဲသုံးစွဲမှုတွေဟာ မြန်ဆန်များပြားနေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးမြန်းချက်ဟာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အုတ်တွင်းမြို့နယ်ကို အခြေခံပေမယ့် တစ်နိုင်ငံလုံးကိုစီးဆင်းသက်ဝင်သွားစေဖို့ ရည်ရွယ်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေဥပဒေဟာ ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ ရေးဆွဲပြဋ္ဌာန်းပေးခဲ့တဲ့ လယ်ယာမြေနည်းဥပဒေဟာ ဩဂုတ်လ ၃၁ ရက်နေ့တွင်လည်းကောင်း စတင်ပြီး အာဏာတည်ခဲ့ပါတယ်။ ဒီလယ်ယာမြေဥပဒေ၊ နည်းဥပဒေများထဲမှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူများရဲ့ အခွင့်အရေးများ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ၊ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက အရေးယူခြင်းနဲ့ ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်ခြင်းတို့ကို အသေးစိတ်ရေးဆွဲထားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် လယ်သမားများရဲ့ အခွင့်အရေးနဲ့လိုက်နာရမယ့် စည်းကမ်းတို့ကို ချိန်ခွင်လျှာညီပေးပြီး ပြစ်မှု၊ ပြစ်ဒဏ်များမပေါ်ပေါက်စေရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ကို ရပ်/ကျေးမှသည် ဗဟိုအထိ ဖွဲ့စည်းပြီး တာဝန်ပေးထားတာကိုလည်း တွေ့ရပါတယ်။ သို့ပါသော်လည်း လက်ရှိပကတိအခြေအနေများမှာတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသူများ၊ မြေစာရင်းမှတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ အိမ်ခြံမြေပွဲစားများ၊ ငွေရှင်ကြေးရှင်စီးပွားရေးလုပ်ငန်းရှင်များဟာ လယ်ယာမြေဥပဒေ အခန်း (၃)၊ ပုဒ်မ ၉(ခ) အရ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေလုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနဲ့အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နဲ့ ပေးကမ်းခွင့်ရရှိစေရမည်ဆိုတဲ့ အချက်အပေါ်မှာ လိုရာကိုဆွဲယူပြီး အပေးအယူပြု၊ နားလည်မှုလုပ်ကာ လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲအသုံးပြုနိုင်အောင် ကြိုးစားလုပ်လာခဲ့တဲ့အတွက် ယနေ့ကျွန်တော်တို့ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်းကြီးရဲ့ ဘေးမှ လယ်ယာမြေဈေးနှုန်းများဟာ အဆမတန် တန်ဖိုးမြင့်တက်နေလျက် ရှိပါတယ်။

လယ်သမားများရဲ့ စီးပွားရေးကျပ်တည်းမှု၊ ငွေကြေးလိုအပ်မှုတို့ကို အခွင့်ကောင်းယူကာ တာဝန်ရှိသူများနဲ့ပူးပေါင်းပြီး ငွေရှင်ကြေးရှင် စီးပွားရေးလုပ်ငန်းရှင်များက ကယ်တင်ရှင်ကြီးများသဖွယ် လယ်သမားအခက်၊ ငွေရှင်ကြေးရှင်အချက်မှတ်ယူကာ လယ်သမားများထံမှ လယ်ယာမြေများကို လယ်ယာမြေဈေးနှုန်းလည်းမက၊ အိမ်ခြံမြေဈေးနှုန်းများလည်းမကျ ဈေးကောင်းများပေး၍ ဝယ်ယူနေလျက်ရှိပါတယ်။ အချိန်ကာလကြာလာလျှင် လယ်သမားများဟာ လယ်မဲ့၊ ယာမဲ့ဘဝများသို့ရောက်ရှိသွားပြီး ဆင်းရဲတွင်းနက်ကြရမယ့် အခြေအနေမျိုးသို့ ရောက်ရှိလာနိုင်ရာ ဥပဒေနဲ့အညီ စိစစ်တားမြစ်နိုင်ခြင်း မရှိပါက အလွန်စိုးရိမ်စရာအခြေအနေများကို ရောက်ရှိလာနိုင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမဟောင်းဘေးဘက်ဝဲယာတစ်လျှောက်မှာ လယ်ယာမြေများကို အခြားမြေများအဖြစ်သို့ ပြောင်းလဲအသုံးပြုမှုများဟာ ယခင်ကထက် ပိုမိုများပြားနေလျက်ရှိပါတယ်။ ဒီလိုပြုလုပ်မှုများထဲမှာ လူနေအိမ်များဆောက်လုပ်ခြင်း၊ ဈေးဆိုင်၊ စားသောက်ဆိုင်နှင့် ဆီဆိုင်များဆောက်လုပ်ခြင်း၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေများကို ခြံစည်းရိုးတိုင်စိုက်၍ လပ်ထားခြင်းများ ပြုလုပ်ထားသည်ကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဒါတွေကို အထောက်အထား ပြည့်ပြည့်စုံစုံ Power Point နဲ့ တင်ပြဖို့ စီစဉ်သော်လည်း ကျွန်တော့် Memory Stick အခက်အခဲကြောင့် ကျွန်တော် တင်ပြနိုင်ခြင်း မရှိပါဘူး။ ကျွန်တော် အစက စီစဉ်ထားပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ ဤကဲ့သို့ ပြုလုပ်မှုများမှာ အဓိက တာဝန်ရှိတဲ့ အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများ၊ မြေတိုင်းစာရေးများနဲ့ မြေစာရင်းဦးစီးမှူးများ၊လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် စိစစ်ကြပ်မတ်တားဆီးမှုအားနည်းလျက်ရှိသည့်အပြင် ပါဝင်ပတ်သက်မှုများပင်ရှိနေသည့်အတွက် မကြာခဏတိုင်ကြားမှုများ ပေါ်ပေါက်နေလျက်ရှိပါတယ်။ အဆောက်အအုံ ခိုင်မာစွာ ဆောက်လုပ်ပြီးပါမှ တားဆီးပါက မလိုလားအပ်တဲ့ ဆုံးရှုံးနစ်နာမှုများနဲ့ ဆိုးကျိုးများကို ဖြစ်နိုင်သလို၊ တာဝန်ရှိအဖွဲ့အစည်းများရဲ့အပေါ်မှာလည်း အများပြည်သူရဲ့ အထင်အမြင်လွဲမှားမှုများကို ဖြစ်စေနိုင်ပါတယ်။ အောက်ခြေအဆင့်မှာဆိုလျှင် မြေတိုင်းစာရေးများကို လိုင်စင်ရ မြေပွဲစားများ၊ မိုးမခေါင် ရေမကြီး မြေကြီးက ရွှေသီးသူများ၊ ကွင်းမဆင်း၊ ရုံးမတက် ဂရန်လုပ်ဖို့သာ ဆောင်ရွက်လို့ပြောနေကြတာကိုလည်းကြားနေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ အလျဉ်းသင့်လို့ ဒါလေးကို ကျွန်တော် ဆက်လက်ပြီးတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာအုပ်စု မအူပင်ကျေးရွာမှာ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်း ရှိပါတယ်။ ယခု ပညာသင်နှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အတွက် ကျောင်းပြောင်းရွှေ့ခွင့် ပညာရေးဝန်ကြီးဌာနက ခွင့်ပြုထားတာရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကျေးရွာက ကျောင်းဖြစ်မြောက်ရေးကော်မတီအဖွဲ့များက မြေတိုင်းစာရေးနဲ့ညှိနှိုင်းတဲ့အခါမှာ လယ်ယာမြေကိုအခြားမြေအဖြစ် ကျွန်တော်တို့ကျောင်းဆောက်လုပ်ခွင့်ရအောင် ဆောင်ရွက်တဲ့အခါမှာ အထက်အဆင့်ဆင့်ကိုပေးဖို့ဆိုပြီးတော့ ငွေ ၇၀၀၀၀ တောင်းပါတယ်။ အဲဒီလို တောင်းတဲ့အခါမှာ တချို့ကော်မတီအဖွဲ့ဝင်တချို့က ကျေနပ်မှုမရှိတဲ့အတွက် ကျွန်တော့်ဆီကို အကျိုးအကြောင်းလာပြောပါတယ်။ ကျွန်တော်ကလည်း သက်ဆိုင်ရာ မြေစာရင်းဦးစီးကို မြို့နယ်မြေစာရင်းဦးစီးကိုသွားပြီးတော့ အကျိုးအကြောင်းပြောတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဌာနဆိုင်ရာ အဆောက်အအုံများကို အခြားမြေအဖြစ် သုံးစွဲခွင့်ရအောင် ပြုလုပ်တဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ ယူပြီးတော့ ဆောင်ရွက်ပေးတာမရှိပါဘူးလို့ ပြောပါတယ်။ နောက်နေ့မှာ အဲဒီလို ပြောပြီးတဲ့ နောက်နေ့မှာ အဲဒီငွေ ၇၀၀၀၀ ကို ၆၀၀၀၀ တော့ ပြန်ပေးပါတယ်။ ၁၀၀၀၀ တော့ လက်လွန်သွားလို့ဆိုပြီးတော့ မရခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာက ဌာနဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်တဲ့နေရာမှာတောင်မှ အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲတဲ့နေရာမှာ တစ်ပြားတစ်ချပ်မှ မယူပါဘူးလို့ ပြောတာတောင် ၇၀၀၀၀ လောက်အထိ တောင်းတယ်ဆိုရင် ပုဂ္ဂလိကဆိုင်ရာ အဆောက်အအုံများနဲ့မြေများကို အခြားမြေများအဖြစ် ပြောင်းလဲပြီး သုံးစွဲမယ်ဆိုရင် မည်ရွေ့မည်မျှများ တောင်းခံနေမှာလဲလို့ ကျွန်တော်တွေးမိတာပါ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ရေနံချောင်းခရီးစဉ်တုန်းက ပြောခဲ့သလိုပဲ ပုဒ်မ ၄၊ ပေးမှလုပ်။ အပိုင်း(၄)၊ အပေးလိုင်းများ ခွင်မဝင် ဝင်အောင် ညှိပြီးတော့ ခေါက်ရိုးကျိုးတွေမပြေသေးတဲ့ ညဉ်ဆိုးတွေဟာအောက်ခြေမှာ အမြစ်တွယ်ရှင်သန်နေလျက်ရှိပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား ။ အဓိကတာဝန်အရှိဆုံး ဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေနဲ့ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေးအတွက် တောင်သူလယ်သမားများထံမှ လယ်ယာမြေများကို ဝယ်ယူထားတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ကုမ္ပဏီများကို စပါးသီးနှံမပျက်မကွက် ဆက်လက်စိုက်ပျိုးကြရေးနှင့် ယင်းမြေပေါ်မှာ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အခြားနည်းအဖြစ် ပြောင်းလဲအသုံးပြုကြစေရေးအတွက် အသစ်ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စားသိရှိလို၍ မေးမြန်းလိုသည်မှာ (က)ဖော်ပြပါ အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခဲ့ခြင်းများမှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှု ရှိ/မရှိ၊ မရှိပါက မည်သို့ အရေးယူဆောင်ရွက်ပါမည်လဲ။ (ခ) ယခင်နှင့် ယခုအထိ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ လက်ဦးမှုရယူကာ အခိုင်အမာ အဆောက်အအုံများဆောက်လုပ်ထားခြင်းအပေါ်မှာ ဥပဒေနှင့်ညီညွတ်အောင် မည်ကဲ့သို့ ပြန်လည်ကုစားပေးပါမည်လဲ။ (ဂ) နောက်ထပ် ဥပဒေမဲ့ဖြစ်ရပ်မျိုး မပေါ်ပေါက်အောင် မည်ကဲ့သို့စီမံဆောင်ရွက်ပါသလဲ။ ဒီဖြစ်ရပ်မျိုးတွင် ပါဝင်ပတ်သက်သော သက်ဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်ကို မည်ကဲ့သို့အရေးယူဆောင်ရွက်ပါမည်လဲလို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ သိရှိလို၍ လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီးက တင်ပြဖြေရှင်းသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမင်းဦး၏ ကြယ်ပွင့်ပြ မေးခွန်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း၏ လမ်းဘေးဝဲယာတစ်လျှောက်မှ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲသုံးစွဲခြင်းများသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိ။ မရှိပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မှု ပြုလုပ်မည်ကို သိရှိလိုပါကြောင်း ဖော်ပြပါရှိပါတယ်။ လယ်ယာမြေဥပဒေ အခန်း(၁၀)၊ လယ်ယာမြေကို အသုံးချခြင်းတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ ပုဒ်မ ၂၉၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ မှာ အောက်ပါအတိုင်း တိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၂၉၊ နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်တယ်။

လယ်ယာမြေဥပဒေ ပုဒ်မ ၃၀၊ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်လျှောက်ထားချက်နဲ့ စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ (ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်တယ်။

အလားတူ လယ်ယာမြေနည်းဥပဒေ ၇၉၊ ၈၀ တို့တွင်လည်း လယ်ယာမြေကို အခြားနည်းလမ်းဖြင့် အသုံးပြုနိုင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ် တိကျစွာ ပြဋ္ဌာန်းထားရှိပါတယ်။ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ဝင် ၂၀ ဦးပါ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဖွဲ့ဝင် ၁၀ ဦးပါ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်း ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းတာဝန်ပေးပြီးဖြစ်ပါတယ်။ လယ်ယာမြေ ဥပဒေ ပုဒ်မ ၂၅(ဂ)တွင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်ရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ကို ဆက်လက်တင်ပြရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး မူလ လမ်းဘေးဝဲယာမှာ ဖြူးမြို့နယ်အဆုံး အုတ်တွင်းမြို့နယ်အစ ညောင်လွင့်ကျေးရွာအုပ်စုမှ ညောင်လွင့်ကျေးရွာ အပါအဝင် အုတ်တွင်းမြို့နယ်အဆုံး တောင်ငူမြို့နယ်အစ အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာအုပ်စုအထိ ကျေးရွာ ၁၂ ရွာ တည်ရှိပြီး အဆိုပါကျေးရွာ ၁၂ ရွာမှာ ယခင် အစိုးရအဆက်ဆက် လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲခွင့် လ/န (၃၉)အရ တရားဝင်ခွင့်ပြုချက် မရဘဲလယ်ယာမြေပေါ်မှာ ကျူးကျော်လျက်လူနေအိမ်ရာမြေအများစု အပါအဝင် ဆောက်လုပ်အသုံးပြုထားသည့် အဆောက်အအုံ၊ ခြံဝင်းပေါင်း ၄၅၀ ခန့် အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လက်ရှိ အစိုးရသစ်လက်ထက်မှာ လယ်ယာမြေများ စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲရန်အလို့ငှာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ ထုတ်ပြန်၍ ခွင့်ပြုပေးထားခြင်း လုံးဝမရှိသေးကြောင်းနဲ့ အဆိုပါ ကျူးကျော်ဆောက်လုပ်အသုံးပြုထားတဲ့ အဆောက်အအုံ၊ ခြံဝင်းများနဲ့ပတ်သက်ပြီး ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူလိုက်နာမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနဲ့အညီ စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ ဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲနိုင်ငံ့ဝန်ထမ်းဥပဒေအရသော်လည်းကောင်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးဟာ သာမန်ပြည်သူ/ပြည်သားများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းဥပဒေအပြင်ဝန်ထမ်းဆိုင်ရာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကိုလည်း လိုက်နာရပြီး အကယ်၍လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲစည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတစွာဖြင့် သတိပေးခြင်းမှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည်အထိ နိုင်ငံနှင့်အဝန်းအပြစ်ပေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါက တရားစွဲအရေးယူ ဆောင်ရွက်ခြင်းအထိ အရေးယူဆောင်ရွက်မှုများရှိပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဖြေကြားခဲ့ပါတယ်။

လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ) မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရဟု တားမြစ်ပြဋ္ဌာန်းထားရှိပြီး အခန်း(၇)၊ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်၍အရေးယူခြင်းနှင့် အခန်း(၁၂) ပြစ်မှုနှင့် ပြစ်ဒဏ်များမှာ

စာမျက်နှာ ၇ သို့

သတင်းဆောင်းပါးနှင့်နိုင်ငံတကာအားကစားသတင်း

သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်မှုမှသည် တိုင်းပြည်ကြွယ်ဝမှုဆီသို့

မြန်မာ့ကမ်းလွန်ရေနံလုပ်ကွက်အတွင်း ထိုင်းနိုင်ငံ PTTEPI ရေနံကုမ္ပဏီနှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ PSC စာချုပ်အရ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ဇောတိကသဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးစီမံကိန်းအတွက် စင်ကာပူနိုင်ငံ SMOE Yard ၌ တည်ဆောက်လျက်ရှိသည့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးနှင့်လူနေပလက်ဖောင်း(Zawtika Processing and living Quarters)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ပြည်ထောင်စုဝန်ကြီးဦးဇေယျာအောင်နှင့်တာဝန်ရှိသူများ သွားရောက်လေ့လာခဲ့သည့် သတင်းတစ်ပုဒ်ကို ယခုရက်ပိုင်းအတွင်း သတင်းစာတစ်စောင်တွင် ဖတ်လိုက်ရသည်။

အဆိုပါ သတင်းဆက်နှင့် ပတ်သက်၍ မိဘပြည်သူများ ပိုမိုသိရှိနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ကမ်းလွန် ရေနံရှာဖွေရေးညွှန်ကြားရေးမှူး ဦးသန်းထွန်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

မေး။ မြန်မာ့ကမ်းလွန်မှာ ရေနံ ရှာဖွေရေးလုပ်ကိုင်နေမှုနဲ့ ပတ်သက်ပြီး ပထမဆုံးဖြေကြားပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ မြန်မာ့ကမ်းလွန်မှာ စီမံကိန်းလေးခုရှိပါတယ်။ ပထမတစ်ခုက ပြင်သစ်နဲ့တွဲလုပ်တဲ့ ရတနာစီမံကိန်းဖြစ်ပါတယ်။ ဒုတိယက မလေးရှားနိုင်ငံက ပက်ထရိုနပ်(စ်) ကုမ္ပဏီနဲ့တွဲလုပ်တဲ့ ရဲတံခွန်စီမံကိန်းဖြစ်ပြီး တတိယအနေနဲ့ကျတော့ ပြီးခဲ့တဲ့ ဇူလိုင်လကစပြီး ဓာတ်ငွေ့ထုတ်လုပ်လိုက်တဲ့ ရွှေစီမံကိန်းပါ။ အဲဒါက ဒေဝူးနဲ့ တွဲလုပ်တာဖြစ်ပါတယ်။ အခု နောက်ဆုံးတစ်ခုကတော့ ဇောတိက စီမံကိန်းပါ။ စုစုပေါင်း ပရော့ဂျက်ကြီးလေးခုဖြစ်ပါတယ်။

မေး။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနဲ့ ဖြန့်ဝေသုံးစွဲမှုအပိုင်းကို ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ စောစောက ကျွန်တော်ပြောခဲ့တဲ့ စီမံကိန်းသုံးခုက ထုတ်လုပ်မှုတွေလုပ်နေပြီး ရတနာစီမံကိန်းဆိုရင် ၁၉၉၈ ခုနှစ်ကတည်းက စပြီးထုတ်ခဲ့တာ။ အခုဆိုရင်တစ်နေ့ကို သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၉၀၀ ထုတ်နေပြီဖြစ်ပါတယ်။ ပြည်တွင်းအတွက်ရော ပြည်ပအတွက်ပါ ခွဲထုတ်ပေးနေတာ။ ရဲတံခွန်စီမံကိန်းဆိုရင်လည်း တစ်နေ့ကို သဘာဝဓာတ်ငွေ့ကုဗပေသန်း ၄၅၀ ထုတ်ပေးနေတယ်။ အဲဒီမှာကျတော့"လေဆီ" ပါပါတယ်။ တစ်နေ့ကို ပီပါတစ်သောင်းဝန်းကျင်ထွက်တယ်။ ရွှေစီမံကိန်းက ဇူလိုင် ၂၈ ရက်တုန်းက ရန်ကုန်နဲ့ မန္တလေးမှာ ဖွင့်ပွဲလုပ်ခဲ့တာ။ ဒေဝူးကုမ္ပဏီနဲ့ပူးပေါင်းလုပ်တာပါ။ အခုစပြီး ထုတ်နေပြီ။ ဒါပေမယ့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်က ယူဖို့အဆင်မပြေသေးဘူး။

ရခိုင်ပြည်နယ် ကျောက်ဖြူတို့တော့ ဒေသကသုံးနိုင်သလောက်ကို စပေးနေပါပြီ။ အခုလောလောဆယ် ကျောက်ဖြူက အပြည့်မယူနိုင်သေးဘူး၊ အပြည့်ယူနိုင်မယ်ဆိုရင် ကျောက်ဖြူရမ်းဗြဲတစ်ခွင်လုံးကိုပေးနိုင်မှာပါ။ အဲဒီအတွက် ကောင်းကောင်းလုံလောက်တယ်။ ပြောရရင် ကျောက်ဖြူကတော့ ကောင်းကောင်းမီးလင်းပြီပေါ့။

မေး။ အဲဒီမှာ တူးဖော်ထုတ်လုပ်နေမှု အခြေအနေတွေကိုလည်း သိလိုပါတယ်ခင်ဗျာ။

ဖြေ။ အခုဇောတိကစီမံကိန်းကတော့ မုတ္တမကမ်းလွန်လုပ်ကွက် M-9 မှာရှိတာ။ PTTEPI ထိုင်းကုမ္ပဏီနဲ့ပေါင်းလုပ်တာပါ။ ပထမဆုံးတွင်းက ၂၀၀၅ ခုနှစ်မှစတူးတယ်။ ဇောတိက (၁)ဆိုပြီးတော့တူးတာ။ အဲဒီတုန်းက လုပ်ငန်းပြီးအောင်မလုပ်လိုက်နိုင်ဘူး။ ၂၀၀၆ ခုနှစ်ကျတော့ အဲဒီဇောတိက (၁) နေရာမှာ နောက်တစ်တွင်းထပ်တူးတယ်။ ဇောတိက -၁(က)ဆိုပြီးတော့ အမည်ပေးထားတယ်။ အဲဒီမှာ သဘာဝဓာတ်ငွေ့နဲ့ လေဆီနည်းနည်းစထွက်တယ်။

၂၀၀၆ ခုနှစ်မှာ စတွေ့တာပါ။ ဒီစီမံကိန်းက တစ်နေ့ကို သဘာဝဓာတ်ငွေ့ကုဗပေသန်း ၃၀၀ ထုတ်မှာပါ။ အဲဒီကနေပြီးတော့ ပြည်တွင်းမှာ သုံးနိုင်သလောက်ယူမယ်။ ကျန်တာကိုမှ ပြည်ပတင်ပို့ရောင်းချမှာပါ။ **နိုင်ငံတော်ရဲ့ မူဝါဒအရ ပြည်တွင်းမှာ လုံလောက်အောင်သုံးစွဲပြီး ပိုလျှံတော့မှ ပြည်ပကို တင်ပို့ရောင်းချမှာပါ။**

နောက်ထပ် တူးဖော်တွေ့ရှိသမျှအားလုံးကိုလည်း ပြည်တွင်းမှာ ပြည့်ပြည့်ဝဝသုံးနိုင်အောင် ရည်ရွယ်ပြီး ထုတ်မှာပါ။ ပြီးတော့မှ ပိုလျှံတာကို ပြည်ပရောင်းချသွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကို ထုတ်လုပ်မှု သက်တမ်းနှစ် ၃၀ သတ်မှတ်ထားပါတယ်။ ဒါ ပထမဆုံးအဆင့် စထုတ်တာ။ ပြောရရင် ဒီစီမံကိန်းကို အဆင့်သုံးဆင့်သတ်မှတ်ထားတယ်။ အဆင့် နှစ်ဆင့်ကျန်သေးတယ်။ အခုပထမဦးဆုံးအနေနဲ့ ထုတ်လုပ်မယ့် တွင်း တွေကို တူးနေပြီ။ စုစုပေါင်း ၃၃ တွင်းရှိတယ်။ အဲဒီကနေမှ စုစုပေါင်း သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၃၀၀ ထုတ်မှာပါ။ ဒါကပထမအဆင့်ပေါ့။ ပြောရရင် PTTEPIအနေနဲ့ လုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်း ရှယ်ယာပါဝင်ထားပြီး ကျွန်တော်တို့ MOGE က ရှယ်ယာ ၂၀ ရာခိုင်နှုန်းပါဝင်ထားပါတယ်။ အခုတူးဖော်မယ့် သဘာဝဓာတ်ငွေ့သိုက်ကြီး ပမာဏက ကုဗပေ ၁ ဒသမ ၄ ထရီလီယံ ကုဗပေရှိတယ်။ လောလောဆယ်ပင်လယ်ထဲမှာ ဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းစဖို့အတွက် တူးနေတဲ့ ပလက်ဖောင်းသုံးခုရှိပါတယ်။

မေး။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးနဲ့ လူနေပလက်ဖောင်း (Zawtika Processing and Living Quarters) နဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ။ ထုတ်လုပ်တဲ့စင်နဲ့ လူနေတဲ့ ပလက်ဖောင်းပါ။ စင်ကာပူမှာ တည်ဆောက်နေတာဖြစ်ပါတယ်။ အခုလာမယ့်ရက်ပိုင်းအတွင်းမှာ မြန်မာနိုင်ငံကို တင်ပို့တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ မှန်းထားတာကတော့ နောက်ထပ်နှစ်ပတ်ကျော်ကျော်အတွင်း ရောက်နိုင်လိမ့်မယ်။ ရာသီဥတုအပေါ်လည်း မူတည်တယ်။ သူကဖြည်းဖြည်းမောင်းလာရမှာ။ သူ့ရဲ့အလေးချိန်က တန်ချိန်တစ်သောင်းလေးထောင်ကျော်လေးတာဆိုတော့ သယ်လာတဲ့ BARGE သင်္ဘောကလည်း ဖြည်းဖြည်းချင်းပဲမောင်းလာရမှာ။

သူတို့ အခုတည်ဆောက်ရေးလုပ်ငန်းကိစ္စတွေ ပြီးစီးလို့ တင်ပို့တော့မယ့် အခြေအနေမှာ ဖွင့်ပွဲလုပ်ခဲ့တာ။ ဟိုကထွက်လာမယ့်ရက်ကိုတော့ အတိအကျမသိရသေးဘူး။ တစ်ရက်နှစ်ရက်အတွင်း ထွက်လာမှာပါ။ ထွက်လာရင် ဒီလုပ်ကွက် M-9 အထိရောက်ဖို့ အနည်းဆုံး နှစ်ပတ်တော့ အချိန်ယူရလိမ့်မယ်။ဒီလမကုန်ခင်တော့ လုပ်ကွက်ထဲကိုရောက်မှာပါ။ ရာသီဥတု မကောင်းရင်တော့ နည်းနည်းလောက် နောက်ကျနိုင်ပါတယ်။

ဒီကိုရောက်တဲ့အခါမှာ အဲဒါက Top Side ဆိုတော့ အပေါ်မှာတင်တဲ့ ပလက်ဖောင်းပါ။ ဒီမှာ အောက်ထိုင်အနေနဲ့ Jacket တိုင်ကြီးတွေ ပင်လယ်ထဲမှာ စိုက်ထူပြီးသားဖြစ်နေပါပြီ။ အဲဒီအောက်ခံ Jacket တိုင်ကြီးတွေအပေါ်မှာ အဲဒီ Top Side ကို တင်မှာဖြစ်ပါတယ်။ အဲဒီ Jacket တိုင်ကြီးတွေက တရုတ်နိုင်ငံမှာ တည်ဆောက်

အမေး၊ အရေးနှင့် ဓာတ်ပုံ ကိုပေါက်(နေပြည်တော်)

တာပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကမှ ဒီကိုရောက်လာတာပါ။

Top Side ရောက်လာတဲ့အခါမှာ သယ်လာတဲ့ BARGE သင်္ဘောက Jacket တိုင်ကြီးတွေကြားထဲဝင်ပြီး တပ်ဆင်နိုင်အောင် လုပ်မှာပါ။ Jacket တိုင်ကြီးတွေ ရှစ်တိုင်ရှိတယ်။ အပေါက်တွေ ဖောက်ထားတယ်။ အဲဒီကြားထဲကိုဝင်ပြီး Top Side ကို တိုင်ကြီးတွေနဲ့ ချိန်သားကိုက်ဖြစ်အောင် တပ်ဆင်ရမှာပါ။

ရာသီဥတုငြိမ်နေတဲ့ အချိန်ကို စောင့်ပြီး တပ်ဆင်ရမှာပါ။ ကျွန်တော်တို့ လကုန်ပိုင်းလောက်ဆိုရင် တပ်ဆင်ပြီးသား ဖြစ်သွားလောက်ပါပြီ။ အဲဒါ တပ်ဆင်ပြီးပြီဆိုတာနဲ့ ကျွန်တော်တို့အပေါ်မှာ လုပ်ဆောင်ရမယ့်လုပ်ငန်းတွေကို တစ်လ၊ နှစ်လလောက် အချိန်ပေးပြီးလုပ်ရပါမယ်။ Process လုပ်နိုင်တဲ့အခြေအနေမျိုးရောက်တဲ့အထိပေါ့။ ကျွန်တော်တို့ သတ်မှတ်တဲ့ Target က ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ စတင်ဖို့ဖြစ်ပါတယ်။

အခုလက်ရှိတူးနေတဲ့ တွင်းတွေအားလုံးက ပင်လယ်အောက်မှာ ပိုက်တွေသွယ်တန်းထားပြီးသားဖြစ်နေပြီ။ အောက်ခြေ Processing Platform သုံးခုမှာ ပိုက်တွေသွယ်တန်းပြီးသားဖြစ်နေတော့ ဒီ Top Side တပ်ဆင်ပြီးတာနဲ့ တစ်ခါတည်း Processing Platform က ပိုက်တွေကို ချိတ်ဆက်တပ်ဆင်တော့မှာပါ။

အဲဒီတော့မှ တူးပြီးသားတွင်းထဲက ဓာတ်ငွေ့တွေက Processing Platform ကို ရောက်လာမယ်။ Top Side ကနေ Processing လုပ်တဲ့အခါမှာ ရေသတ်သတ်၊ ဓာတ်ငွေ့သတ်သတ်၊ လေဆီကသက်သက် အဲဒီလိုမျိုး ခွဲထုတ်ပေးသွားလိမ့်မယ်။ Processing Platform က အားလုံးကို ထိန်းချုပ်ထားတာပါ။ အဲဒီကတစ်ဆင့် ကုန်းမြေပေါ်မှာရှိတဲ့ Station တွေကို ဆက်လက်ပေးပို့မှာပါ။

ထားဝယ်မှာဆိုရင် ကံဘောက် Station ရှိတယ်။ ကုန်းပေါ် Station ကနေတစ်ဆင့် ပြည်ပပို့သင့်တာပို့တယ်။ ပြည်တွင်းမှာ ဖြန့်ဖြူးသင့်တာ ဖြန့်ဖြူးပေးပို့ပါတယ်။ ပြောရရင် Top Side က အားလုံးရဲ့ Control ပေါ့။ တွင်းတူးပလက်ဖောင်းသုံးခုက ဒီလုပ်ကွက် M-9 ထဲမှာပဲရှိတယ်။ W/P-1၊W/P-2၊ W/P-3 ဆိုပြီးတော့ပေါ့။ ဒီသုံးခုအတွက် တွင်းတွေတူးနေတယ်။ အဲဒီကမှတစ်ဆင့် ထွက်လာတဲ့ ဓာတ်ငွေ့တွေကို Processing Platform ဆီ ပေးပို့ပေးတယ်။

သူ့ဆီကို ရောက်တဲ့အခါမှာ အားလုံးကိုခွဲထုတ်ပြီးတော့ ပင်လယ်အောက်ပိုက်လိုင်းတွေကတစ်ဆင့် ကုန်းပေါ် Station ကို ဆက်လက်ပေးပို့မှာဖြစ်ပါတယ်။ အဲဒီကုန်းပေါ် Control Station က တစ်ဆင့် သက်ဆိုင်ရာနေရာတွေကို ဖြန့်ဖြူးပေးပို့မှာဖြစ်ပါတယ်။ သူ့ရဲ Process ကအဲဒီအတိုင်း ဖြစ်ပါတယ်။

မေး။ သဘာဝဓာတ်ငွေ့ထွက်ရှိတူးဖော်ထုတ်လုပ်နိုင်မှုအပေါ် မူတည်ပြီး ဝန်ကြီးဌာနရဲ့ အနာဂတ်အစီအမံတွေနဲ့ ပတ်သက်လို့ ပြောလို့ရနိုင်တာ ပြောပေးပါဦးခင်ဗျာ။

ဖြေ။ သဘာဝဓာတ်ငွေ့တွေစထုတ်နိုင်ရင် အဓိကအားဖြင့် ရန်ကုန်မြို့ရဲ့ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ပေးမှာဖြစ်ပါတယ်။ ရန်ကုန်မှာ လက်ရှိတည်ဆောက်နေတဲ့စက်ရုံတွေ၊ သဘာဝဓာတ်ငွေ့ကို အသုံးပြုတဲ့ စက်ရုံတွေရှိတယ်။ ဒီကထွက်လာတဲ့ သဘာဝဓာတ်ငွေ့တွေကို ရန်ကုန် ကို ပိုမိုပေးပို့နိုင်ခြင်းအားဖြင့် ရန်ကုန်မြို့တစ်ဝိုက် လျှပ်စစ်မီးအတွက်လုံလုံလောက်လောက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ထုတ်လုပ်မှုကနေ ပိုလျှံတဲ့ သဘာဝဓာတ်ငွေ့တွေကို လမ်းတစ်လျှောက်မှာရှိတဲ့မြို့တွေကို ဖြန့်ဖြူးခွဲဝေပေးနိုင်မှာပါ။ ရန်ကုန်ကို အဓိကထားဦးတည်ပြီးပေးမှာပါ။ နောက်ထပ်ပိုထွက်လာမယ်ဆိုရင် ထားဝယ်ဒေသကို ပေးပို့နိုင်အောင် ဆောင်ရွက်သွားမှာပါ။ ထားဝယ်မှာက ရေနက်ဆိပ်ကမ်းစီမံကိန်းရှိနေတော့ သဘာဝဓာတ်ငွေ့လိုအပ်ပါတယ်။ ဒီလိုဆိုရင် အဲဒီဒေသအတွက် လိုအပ်နေတဲ့ လျှပ်စစ်မီးလည်းလုံလုံလောက်လောက် ရရှိသွားနိုင်မှာဖြစ်ပါတယ်။

ရေတွင်းတူးတာ ကြာလာသည်နှင့်အမျှ ရေကြည်သောက်ရဖို့နီးလာပြီဖြစ်သည်။

နိုင်ငံတော်အတွင်းမီးတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အပိုင်းက စွမ်းဆောင်ကြိုးပမ်းလျက်ရှိရာတွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း တစ်ထောင့်တစ်နေရာအတိုင်းအတာအားဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်သိခွင့်ရခဲ့သည်။

မြန်မာ့ရေမြေသဘာဝအရ သယံဇာတ အရင်းအမြစ်ကြွယ်ဝသည့်အလျောက် သဘာဝဓာတ်ငွေ့လုံလောက်စွာ ထုတ်လုပ်တူးဖော်ရရှိလာနိုင်မည်ဆိုပါက ပြည်သူလူထု၏ လူနေမှုစနစ်၊ အဆင့်အတန်း မကြာတော့သောကာလတွင် မလွဲမသွေ မြင့်မားတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဂျာမနီတို့ အိုင်ယာလန်၏မျှော်လင့်ချက်ကို အဆုံးသတ်

ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ထားသော ဂျာမနီအသင်းက အိုင်ယာလန်၏ မျှော်လင့်ချက်ကို အဆုံးသတ်လိုက်ပြီဖြစ်သည်။ ဂျာမနီအိမ်ကွင်းတွင် သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူလိုက်သည်။ ဂျာမနီအတွက် ခီဒီယာ၊ စချာလီနှင့်အိုဇေလ်းတို့က သွင်းယူခဲ့သည်။

အင်္ဂလန်ခြေစစ်ပွဲအောင်ရန်တစ်ပွဲလို

အင်္ဂလန်တို့ မွန်တီနီဂရိုးကို အနိုင်ရရှိလိုက်သဖြင့် လာမည့်နှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန်မျှော်လင့်ချက်ပြန်လည်ရှင်သန်လာသည်။ ယင်းပွဲတွင် အင်္ဂလန်က မွန်တီနီဂရိုးကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် အင်္ဂလန်အသင်းသည် နောက်ဆုံးခြေစစ်ပွဲအဖြစ် ပိုလန်နှင့်ကစားမည့်ပွဲတွင် အနိုင်ရရန် လိုအပ်နေသည်။

လူကာကူ ဂိုးများဖြင့် ဘယ်လ်ဂျီယံခြေစစ်ပွဲအောင်

လာမည့် ၂၀၁၄ ကမ္ဘာ့ဖလား ဘောလုံးပွဲပါဝင်ကစားခွင့်ရရန် ဘယ်လ်ဂျီယံအသင်းအတွက် လူကာကူ၏ သွင်းဂိုးနှစ်ဂိုးဖြင့် အရောက်ပို့ပေးလိုက်သည်။ ချယ်လ်ဆီးမှ အဲဗာတန်သို့ အငှားချထားသော လူကာကူက ခရိုအေးရှားကို ဘယ်လ်ဂျီယံက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားရာတွင် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပထမပိုင်းတွင် သွင်းယူခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ဂျာမနီနှင့် ဆွစ်ဇာလန်တို့နှင့်အတူ ခြေစစ်ပွဲအောင်သွားပြီးဖြစ်သည်။

ကောင်းမြတ်သူ-ရေးသည်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသံချောင်းအား ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌအဖြစ် မြို့ခံပြည်သူများမှ မဲဆန္ဒပြု တင်မြှောက်လိုက်ပြီး ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမိန့်အမှတ် (၁/၂၀၁၃)ဖြင့် တာဝန်ပေးလိုက်ခြင်းကို များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ မြို့ရွာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ဦးမြထူး-ဒေါ်မြတ်သက်နိုင်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူပုဂ္ဂိုလ်အမိန့်ညွှန်ကြားချက်များကြောင့် အတားအဆီးအခက်အခဲဖြစ်နေပါက သက်ဆိုင်ရာ အစိုးရအဖွဲ့ကော်မတီသို့တင်ပြပြီး ချက်ချင်းဖြေရှင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၂

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ ခေါင်းဆောင် သမ္မတရုံးဝန်ကြီးဌာန (၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်အဖွဲ့ဝင်များ၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ UMFCCI မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းအလိုက် Working Group များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပုဂ္ဂလိကကဏ္ဍများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် ဆောင်ရွက်ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့သည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ခေါင်းဆောင် သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုအစိုးရအဖွဲ့ ဆပ်ကော်မတီ (Delivery Units) များကို ဒုတိယဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ကျန်သည့်လ ၃၀ အတွင်း ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍအလိုက် လက်တွေ့အောင်မြင် ပြီးမြောက်သည်အထိ ညှိနှိုင်းဆောင်ရွက်ပေးရန်အတွက် မြေပြင်ကွင်းဆင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပြည်သူကိုဗဟိုပြုသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကဏ္ဍအလိုက် ကြုံတွေ့နေရသော အခက်အခဲများမှာ လူပုဂ္ဂိုလ်အမိန့် ညွှန်ကြားချက်များကြောင့် အတားအဆီးအခက်အခဲဖြစ်နေပါက သက်ဆိုင်ရာ အစိုးရအဖွဲ့ကော်မတီသို့ တင်ပြပြီး ချက်ချင်းဖြေရှင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ကဏ္ဍအလိုက် ကြုံတွေ့နေရသော အခက်အခဲများကို Delivery Units များသို့ တင်ပြကြရန်နှင့် တင်ပြချက်များအပေါ် သက်ဆိုင်ရာ Delivery Units များနှင့် ဆက်စပ်၍ ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဆပ်ကော်မတီအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းအလိုက် Working Group များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဈေးကွက်ဖော်ဆောင်နိုင်ရေး ပံ့ပိုးဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လွဲ့လွဲ့သိန်းက ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်က ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့မှ အဖွဲ့ဝင်များနှင့် ပညာရှင်များဖြစ်သည့် ဒေါက်တာဇော်ဦး၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးကိုကိုလှိုင်တို့က ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် UMFCCI မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိက ကဏ္ဍလုပ်ငန်းအလိုက် Working Group များမှ တာဝန်ရှိသူများ၊ ဆွေးနွေးပွဲသို့တက်ရောက်လာသည့်ကုန်သည်လုပ်ငန်းရှင်များက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် Delivery Units များမှ ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အခက်အခဲရှိနေသည်များကို ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များအား ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့ခေါင်းဆောင် သမ္မတရုံးဝန်ကြီးဌာန (၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် အစိုးရပိုင်းတွင်သာမက ပုဂ္ဂလိကပိုင်းတွင်လည်း ပြုပြင်ရန်လုပ်ငန်းများ ရှိနေကြောင်း၊ ယနေ့ဆွေးနွေးဖော်ထုတ်ရရှိချက်များအရ ငွေကြေးအရင်းအနှီး လိုအပ်ချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ကိစ္စသည် ပထမဦးစားပေးကိစ္စဖြစ်ပြီး လျှပ်စစ်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ အခက်အခဲများကိုလည်း ဦးစားပေးအဆင့်အလိုက် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ ဤသို့ ဆောင်ရွက်ပေးရမည့် ကိစ္စများအပေါ် Delivery Units များက ဖိဖိစီးစီး ဆောင်ရွက်ပေးရန် လိုအပ်သလို ပုဂ္ဂလိကကဏ္ဍများကလည်း တိကျသေချာစွာ တွက်ချက်တင်ပြပေးရန်နှင့် အခက်အခဲများကို ပွင့်လင်းမြင်သာစွာ အပြန်အလှန်ဆွေးနွေးဖြေရှင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဦးသန့်ရှင်းနှင့် ဒေါက်တာစန်းလွင်တို့ တက်ရောက်ခဲ့ကြသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့သို့ ပြည်သူများမှ အကြံပြုချက်များ ပေးပို့နေသည့် အီးမေးလ်လိပ်စာ pspa.taskforce@gmail.com နှင့် Hotline ၀၁၂၃၀၀၆၆၆ သို့ ပေးပို့ပါကလည်း ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီသို့ပါ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ညော့လမ်းညွှန် အထူးသီးသန့် မွမ်းမံသင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၁၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဖွင့်လှစ်သော ဧည့်လမ်းညွှန် အထူးသီးသန့်မွမ်းမံသင်တန်းအမှတ်စဉ် (၅)ဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ Asia Plaza Hotel ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ တက်ရောက်၍သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဧည့်လမ်းညွှန်သင်တန်းသား သင်တန်းသူ ၈၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

အသံဖလှယ်သည့်ကိစ္စ

မောင်ခင်မင်(ဓနုဖြူ)

တစ်ခါက သတင်းစာဆရာလူငယ်တစ်စုနှင့် စကားစမြည်ပြောဖြစ်ကြသည်။ သူတို့မှာ ဂျာနယ်များတွင် ကိုယ်တိုင်သတင်းရေးနေသူများ၊ ဂျာနယ်တည်းဖြတ်ထုတ်ဝေနေသူများဖြစ်သည်။ စကားဝိုင်းမှာ သူတို့ဖိတ်ကြားထားသော ဝါရင့်ဘာသာပြန်ဆရာတစ်ဦးနှင့် ဝါရင့်အယ်ဒီတာတစ်ဦးပါသည်။ ကျွန်တော့်ကိုတော့ မြန်မာစာသမားအဖြစ် ဖိတ်ကြားထားခြင်းဖြစ်သည်။ ထိုနေ့က အဓိကပြောကြ ဆိုကြသော အကြောင်းအရာမှာ ဘာသာခြားစကားလုံးများကို မြန်မာလိုအသံဖလှယ်သည့် အတွေ့အကြုံအကြောင်းဖြစ်သည်။ လူငယ်တစ်ဦးက ဆွေးနွေးသည်။

"အင်္ဂလိပ်စကားလုံးတွေကို မြန်မာလိုအသံဖလှယ်တဲ့အခါ တွေ့ရတဲ့ ပြဿနာတစ်ခုက အဆုံးဗျည်းသံပါတဲ့ စကားလုံးမျိုးတွေမှာ အဲဒီဗျည်းသံ ထည့်ပြီး ဖလှယ်ဖို့ သင့် မသင့်ဆိုတဲ့ ပြဿနာပါပဲ။ ဒီနေ့အသုံးတွင်နေတဲ့ e mail တို့ internet တို့ကို အသံဖလှယ်ရင် 'အီးမေးလ်'၊ 'အင်တာနက်တ်' ဆိုတာမျိုး အဆုံးသံတွေ ထည့်သင့်သလား၊ မထည့်သင့်ဘူးလားဆိုတာ ကျွန်တော်တို့ချင်း ဝိဝါဒကွဲနေပါတယ်။ ဆရာတို့အမြင်ကို သိပါရစေခင်ဗျာ"

"ဒီကိစ္စမှာတော့ ကျွန်တော်တို့အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ အစဉ်အလာတစ်ခုကို သတိထားဖို့ လိုပါလိမ့်မယ်" ဟု ဝါရင့်အယ်ဒီတာက စကားစသည်။ "အင်္ဂလိပ်စကားလုံးတွေမှာ အဆုံးဗျည်းသံ ရှိတတ်ပေမယ့် ကျွန်တော်တို့ မြန်မာစကားလုံးတွေမှာ အဆုံးဗျည်းသံ မရှိဘူးမဟုတ်လား။ ဒီတော့ အသံဖလှယ်ရာမှာ အဆုံးဗျည်းသံကို ဖြုတ်ပြီး ဖလှယ်ခဲ့ကြတာ အစဉ်အလာတစ်ခုပါပဲ။ ဘောလုံးကန်ရာမှ 'ဂိုး'ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ 'ဂိုးလ်' လို့ မရေးပါဘူး။ 'ဂိုးသွားပြီ'လို့ပြောရင် လူတိုင်းသိတာကို 'ဂိုးလ်သွားပြီ'လို့ ပြောရင် ရယ်စရာဖြစ်သွားမှာပေါ့ဗျာ။ 'ဂေါက်ကွင်း' တို့ 'ဂေါက်ရိုက်တယ်' တို့ဆိုတာကို 'ဂေါ့ဖ်ကွင်း' 'ဂေါ့ဖ်ရိုက်တယ်'လို့ သုံးဖို့လိုပါ့မလား။ 'တယ်လီဖုန်း'တို့ 'ကောလိပ်'တို့ကိုလည်း 'တယ်လီဖုန်းန်' နဲ့ 'ကောလိပ်ဂ်'လို့ အဆုံးသံထည့်ဖို့ မလိုပါဘူး။ act ကို 'အက်ဥပဒေ'လို့ သုံးတာတွင်နေပါပြီ။ 'အက်က်ထ်'လို့ရေးစရာမလိုဘူး ထင်ပါရဲ့"

"ဟုတ်ပါပြီ။ အခု'ရဲ'ဖြစ်နေတဲ့ police ကို'ပုလိပ်'လို့ မြန်မာ့အာလျှာနဲ့ လွယ်လွယ်ခေါ်ခဲ့ကြတယ်မဟုတ်လား။ 'ပုလိစ်'လို့မှ မသုံးဘဲဟာ" ဟု ဘာသာပြန်ဆရာက ပြောသည်။

"ဟုတ်ပါတယ်။ ဒါပေမယ့် တချို့ဂျာနယ်တွေမှာ style ကို 'စတိုင်လ်' လို့ ရေးတာ တွေ့နေရပါတယ်။ 'စတိုင်'ဆိုတဲ့ စကားဟာ တော်တော်အသုံးတွင်နေပါပြီ။ နောက်က 'လ'မပါဘဲ သုံးတာပါ" ဟု လူငယ်တစ်ယောက် ထောက်ပြသည်။

"မှန်ပါတယ်။ ခုပြောတဲ့ 'ဂျာနယ်'ဆိုတဲ့စကားကို ဆရာကြီးရွှေဥဒေါင်း ထုတ်ဝေတဲ့ ပထမဆုံးဂျာနယ်ဖြစ်တဲ့'မြန်မာ့ဗျူဟာဂျာနယ်' မှာ ကတည်းက 'ဂျာနယ်'လို့ပဲ သုံးခဲ့တာ အသုံးတွင်နေပါပြီ။ Journal ကို အသံဖလှယ်တာဆိုပြီး 'ဂျာနယ်လ်' လို့ မရေးခဲ့ပါဘူးဗျာ"

"ပြောမယ်ဆိုရင် သာဓကတွေအများကြီးပါပဲ။ ဒါတင်မက အင်္ဂလိပ်နာမည်ဖြစ်တဲ့ George တို့ Elizabeth တို့ကိုတောင် 'ဂျော့' 'အယ်လိဇဘက်' ဆိုပြီး အဆုံးဗျည်းသံမထည့်ဘဲ ရေးခဲ့ကြတာပါ။ 'ဂျော့ချ်' 'အယ်လိဇဘက်သ်' ဆိုတာမျိုးရေးဖို့မလိုပါဘူး"

"ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော်တို့ မြန်မာစကားမှာ အဆုံးဗျည်းသံမရှိတော့ အသံဖလှယ်ရာမှာ အဆုံးဗျည်းသံမထည့်ဘဲ အသံဖလှယ်တာ သဘာဝလည်းကျတယ်။ အစဉ်အလာနဲ့လည်း ညီတယ်ဆိုတာ သဘောပေါက်ပါပြီ"

"နောက်တစ်မျိုးက စကားနှစ်လုံးပေါင်းထားတဲ့ စကားပေါင်းတွေမှာ ရှေ့စကားလုံးက အဆုံးဗျည်းသံ ပါနေရင်လည်း အဲဒီအသံကို မထည့်ဘဲ အသံဖလှယ်လေ့ရှိပါတယ်" ဟု ဘာသာပြန်ဆရာကပြောသည်။

"သာဓကလေးပြောပြပါဦး ဆရာ" လူငယ်တစ်ယောက်က မေတ္တာရပ်ခံသည်။

"ဩော်- Foolscap ကို'ဖူးစကက်'၊ Platform ကို 'ပလက်ဖောင်း'လို့ အသံဖလှယ်တာမျိုးပါ။ ရှေ့စကားလုံးတွေရဲ့အဆုံးဗျည်းသံပါထည့်ပြီး 'ဖူးလ်စကက်'၊ 'ပလက်တ်ဖောင်း'လို့ မရေးခဲ့ကြပါဘူး"

"ဒီလိုဆိုရင် Soft Ware တို့ online တို့ကိုလည်း 'ဆော့ဝဲ' 'အွန်လိုင်း' လို့ ရေးရင်ဖြစ်တာပေါ့နော်"

" ဖြစ်ပါတယ်။ 'ဆော့ဖ်ထ်ဝဲ'၊ 'အွန်န်လိုင်း' လို့အဆုံးသံတွေထည့်ရေးရင် ဆီလျော်မယ်မထင်ဘူးလေ။ မြန်မာ့အာလျှာနဲ့ မကိုက်ဘူးပေါ့"

"နောက်တစ်မျိုးက စကားတစ်လုံးရဲ့အလယ်မှာ အဆုံးဗျည်းသံလို အသံတစ်ဝက်ပဲ ပါနေရင်တော့ အဲဒီအသံကိုပါထည့်ပြီး ဖလှယ်လေ့ရှိတယ်။ အသတ်တော့ထည့်လေ့မရှိဘူး။ taxi ကို တက်ကစီ၊ album ကို 'အယ်လဘမ်'၊ multimedia ကို 'မာလတီမီဒီယာ'လို့ ရေးတာမျိုးပေါ့။ 'တက်က်စီ၊ အယ်လ်ဘမ်၊ မာလ်တီမီဒီယာ'ဆိုတာမျိုး အသတ်တွေထည့်လေ့မရှိပါဘူး။ အသံထွက်တော့လည်း အဲဒီအသံတွေကို အသံတစ်ဝက်ပဲထွက်ပါတယ်"

"ball တို့ cake တို့ကျတော့ မြန်မာစကားလုံးပါတွဲပြီး 'ဘောလုံး' တို့ 'ကိတ်မုန့်'တို့တောင် ဖြစ်နေပါပြီလေ" ကျွန်တော်က ဝင်ပြောလိုက်ပါသည်။

"စိတ်ဝင်စားစရာတစ်ခုက မြန်မာမှာမရှိတဲ့အသံကို ဖလှယ်ရင်လည်း အနီးစပ်ဆုံးအသံနဲ့ ဖလှယ်လေ့ရှိပါတယ်။ 'ကော်ဖီ၊ ဖက်ရှင်၊ ဖလင်၊ ဖောင်၊ ဖိုင်' ဆိုတဲ့ စကားလုံးတွေကို ကြည့်ပေါ့။ အဲဒီစကားလုံးတွေမှာပါတဲ့ 'f ' သံက မြန်မာစကားမှာမရှိတဲ့ အသံလေ။ အပေါ်သွားနဲ့ အောက်နှုတ်ခမ်းကို ဖိပြီးဆိုရတဲ့ အသံမဟုတ်လား။ မြန်မာစကားမှာ ရှိတဲ့အသံက နှုတ်ခမ်းနှစ်ခုထိပြီး ဆိုရတဲ့ 'ဖ' သံပါ။ ဒီတော့ အဲဒီအသံတွေကို ဖလှယ်ရာမှာ အနီးစပ်ဆုံးဖြစ်တဲ့ မြန်မာ 'ဖ'သံနဲ့ပဲ ဖလှယ်ခဲ့ကြတယ်မဟုတ်လား။ အင်္ဂလိပ်စာတတ်တဲ့ သူတွေက အဲဒီအသံတွေကို f သံနဲ့ပြောပေမယ့် အင်္ဂလိပ်စာမတတ်တဲ့သူတွေကတော့ 'ဖ'သံနဲ့ ပြောနေကြတယ်မဟုတ်လား။ Film ကို မူရင်းအတိုင်း 'ဖလင်မ်' လို့ ခက်ခက်ခဲခဲအသံမထွက်ဘဲ 'ဖလင်' လို့ မြန်မာသံနဲ့ ဖလှယ်ပုံဟာ မှတ်သားစရာပါပဲ"

"အင်္ဂလိပ်စာသင်တဲ့အခါ မူလအသံထွက်အတိုင်း တိတိကျကျ ပီပီသသ ထွက်တတ်အောင် သင်တာ သိပ်လိုအပ်ပါတယ်။ အသံဖလှယ်ရာမှာတော့ မြန်မာ့အာလျှာနဲ့ ရွတ်လို့ ဆိုလို့ အဆင်ပြေတဲ့အသံနဲ့ ဖလှယ်ခဲ့ကြတာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ အလေ့တစ်ခုပါပဲ" ဘာသာပြန်ဆရာက ပြောပါသည်။

"ဆရာတို့နဲ့ကြုံတုန်း သမီးတစ်ခုမေးချင်ပါတယ်။ အဲဒီဘာသာခြားစကားလုံးတွေကို အသံဖလှယ်တာလည်း နည်းတစ်ခုဆိုတာ သဘောပေါက်ပါတယ်။ အသံဖလှယ်တာထက် မြန်မာဘာသာပြန်တာက ပိုမကောင်းဘူးလားလို့ သိချင်တာပါ"

"ဘာသာပြန်တာဟာ ကောင်းတဲ့နည်းလမ်းတစ်ခုပေါ့ သမီးရယ်။ ဒါပေမယ့် ဘာသာပြန်တယ်ဆိုတာ ပညာရပ်တစ်ခုမဟုတ်လား။ စကားလုံးတွေကိုပဲဖြစ်ဖြစ်၊ ဝါကျတွေ စာပိုဒ်တွေကိုပဲဖြစ်ဖြစ် ဘာသာပြန်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးလေ။ ပညာရှင်တွေကတော့ 'ဘာသာပြန်ဖို့ကြိုးစားပါ။ ချက်ချင်းဘာသာမပြန်နိုင်သေးတဲ့ စကားလုံးတွေကိုတော့ အသံဖလှယ်ပြီး သုံးပါ' လို့ လမ်းညွှန်လေ့ရှိကြတယ်ကွဲ့"

"စကားလုံးတွေကို ဘာသာပြန်တဲ့ကိစ္စက တစ်ကဏ္ဍဆွေးနွေးရမယ့်ကိစ္စပါ။ အရေးကြီးပါတယ်။ တချို့စကားလုံးတွေကိုတော့ ဘာသာပြန်တာထက် အသံဖလှယ်တာက ပိုပြီး 'အလုပ်ဖြစ်တယ်' လို့ ဆိုရမယ်ထင်တယ်။ ဒီနေရာမှာ စာပေပညာရှင်ဆရာကြီး ဦးတင်ဇရဲ့ စကားတစ်ခွန်းကို သတိရမိတယ်။ ဦးတင်ဇဆိုတာ ပင်လုံစာချုပ်လက်မှတ်ထိုးတဲ့အထဲမှာ ပါခဲ့တဲ့ ရှမ်းပြည်နယ်က ပညာရှင်ကြီးပါ။ တက္ကသိုလ်ဘာသာပြန်ဌာနမှာ စာတည်းမှူးအဖြစ် အကြာကြီးဆောင်ရွက်ခဲ့တယ်။ မြန်မာစာ ကော်မရှင်မှာလည်း ဆောင်ရွက်ခဲ့တယ်။ အဲ. . ဆရာကြီးက သာဓကတစ်ခုပြောဖူးတယ်၊ gear ဆိုတဲ့ အင်္ဂလိပ်စကားလုံးကို 'ဂီယာ'လို့ အသံဖလှယ်ပြီး သုံးတာဟာ အသုံးတွင်နေပါပြီတဲ့။ အဲဒီစကားလုံးကို ပညာရှင်တစ်ယောက်က ဘာသာပြန်လိုက်တယ်တဲ့။ ဂီယာရဲ့ အလုပ်တွေအကုန်ပါအောင် ဘယ်လိုပြန်တယ်ထင်သလဲ။ 'ရှေ့တိုးနောက်ငင် အမြန်နှုန်းပြောင်းကိရိယာ' လို့ ဘာသာပြန်တယ်တဲ့ဗျ"

လူငယ်များက ရယ်လိုက်ကြသည်။ ဘာသာပြန်ဆရာက ဆက်ပြောသည်။ "ဆရာကြီး ဦးတင်ဇက ဆက်ပြောတယ်။ ဒီစကားလုံးမှာ ဂီယာရဲ့ လက္ခဏာတွေ အကုန်လုံးတော့ပါပါရဲ့။ ဒါပေမယ့် ရှည်လွန်းတော့ ကားမောင်းရင်း 'ဆက်ကင်းဂီယာချိန်း'လို့ အမိန့်ပေးရင် အလွယ်တကူ နားလည်ပေမယ့် 'ဒုတိယ ရှေ့တိုးနောက်ငင်အမြန်နှုန်းပြောင်း ကိရိယာပြောင်း' လို့ အမိန့်ပေးရင်တော့ ဂီယာမပြောင်းရသေးခင် ကားချင်းတိုက်မိမှာ သေချာတယ်လို့ ဆရာကြီးက ရယ်စရာပြောတာ မှတ်သားလိုက်ရတယ်ကွဲ့"

"အသံဖလှယ်တဲ့ကိစ္စကို ဖဆပလခေတ်က ပါလီမန်လွှတ်တော်မှာလည်း ဆွေးနွေးကြဖူးတယ်။ တာယာထဲက ရော်ဘာပိုက်လုံးလေးကို အင်္ဂလိပ်လို tube လို့ခေါ်တာ မြန်မာလို 'ကျွတ်'လို့ အသံဖလှယ်သုံးတာ လူတိုင်းနားလည်ပြီးသားကို ဘာသာပြန်ပြီး 'ဟို-နီနီရှည်ရှည်ပိုက်လုံးလေးလေ၊ လေထိုးရတယ်လေဆိုတာမျိုး ရှင်းပြနေရရင် လိုရင်းမရောက်ဘဲ ရှုပ်ကုန်မှာပေါ့လို့ အဲဒီတုန်းက ဆွေးနွေးကြတာ မှတ်မိနေပါတယ်"

"ဆရာတို့အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား"

ပြည်တွင်းသတင်း

စာမျက်နှာ ၄ မှ

အောက်ပါအတိုင်း တိကျစွာပြဋ္ဌာန်းထားရှိပါတယ်။ ပုဒ်မ ၁၉ ဤဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သည် ဥပဒေနှင့် ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်တယ်။ (က)သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ (ခ) သတ်မှတ်သည့် နည်းလမ်းအတိုင်း လယ်ယာမြေကိုဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကိုဖယ်ရှားခြင်း၊ ပုဒ်မ ၂၀၊ ပုဒ်မ ၁၉ ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်ထားသောအမိန့်ကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

ပုဒ်မ ၃၅၊ မည်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ်ထားသောအမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမှာ ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်တယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ခိုင်မာစွာဖွဲ့စည်းထားရှိပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၂/၂၀၁၂ ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းထားရှိခဲ့ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ဖြင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပေးခဲ့ပြီး၊ ထိုလယ်ယာမြေဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ကိုယ်တိုင်ပါဝင်ဦးဆောင်တဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကိုလည်း ခိုင်မာစွာ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။

လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်ကိစ္စများနှင့်စပ်လျဉ်းပြီး အထက်တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနဲ့ညီညွတ်စွာ လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်းဥပဒေကို တိတိကျကျ ကျင့်သုံးလိုက်နာတာဝန်ခံ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်၏ စားရေရိက္ခာဖူလုံစေရန် လယ်ယာမြေကိုအကြောင်းကြောင်းကြောင့်အခြားနည်းလမ်းအသုံးပြု၍ လျော့နည်းမှုများကို ဥပဒေနှင့် ညီညွတ်စွာ ထိန်းသိမ်းနိုင်ရေးနှင့် ယခင် အစိုးရကာလက ယခင်ကာလဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အတွက် လက်ရှိအစိုးရကာလတွင် ဖြေရှင်းမပြီးပြတ်သေးသော လယ်ယာမြေပြဿနာများကို လေးနက်စွာ သင်ခန်းစာယူပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တွင် တာဝန်ယူနေကြသူများအနေနဲ့ ဥပဒေနှင့် မညီညွတ်သော လယ်ယာမြေကို အခြားနည်း အသုံးပြုမှုများမပေါ်ပေါက်စေရေးအတွက် တိတိကျကျ ကျင့်သုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ၆-၈-၂၀၁၃ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ်သတင်းစာများမှာ ဖော်ပြထားပြီးလည်း ဖြစ်ပါတယ်။

လယ်ယာမြေကို သီးနှံပုံစံပြောင်း၍ စိုက်ပျိုးလိုပါကလည်း ဆောင်ရွက်ရမည့် နည်းလမ်းများကို လယ်ယာမြေနည်းဥပဒေ ၆၉၊ ၇၇နဲ့ ၉၇ တို့မှာ တိကျစွာ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ လယ်ယာမြေများအပေါ် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမြေလျော့နည်းမှုမရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ရမှာဖြစ်ပြီး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်များအနေဖြင့် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် လယ်ယာမြေများ လျော့နည်းမှုမရှိစေရေးကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီစွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်ပြီး တင်ပြကြရန် အကြောင်းကြားထားပြီးလည်း ဖြစ်ပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လိုအပ်သည့် စုံစမ်းစစ်ဆေး ဖော်ထုတ်အရေးယူမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၅-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၄/၂၂၀(ဂ)(၆)(၆၁၀/၂၀၁၃) ဖြင့် တင်ပြဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၉-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉/အဖရ (၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံးထံကို လက်ရှိအချိန်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ အချို့မြို့ကြီးများတွင် လယ်ယာမြေများအား အခြားနည်းဖြင့် သုံးစွဲခြင်းကို ဥပဒေမဲ့ဆောင်ရွက်နေကြောင်း တင်ပြစာများအရ သိရှိရပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က ကွပ်ကဲမှုနယ်မြေအလိုက် ဥပဒေမဲ့ဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်နဲ့ ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေများနဲ့ ကိုက်ညီမှုမရှိသည့် အသုံးပြုဆောင်ရွက်ထားရှိမှုများအပေါ်မှာ မြေပြင်စစ်ဆေးဖော်ထုတ်၍ ဥပဒေနှင့်ညီညွတ်စွာ အရေးယူဆောင်ရွက်သွားကြရန် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်းပဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို တိတိကျကျ ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်ရဲ့မဲဆန္ဒနယ် ရမည်းသင်းဘက်မှာလည်း အလားတူပဲ။ လယ်ယာမြေတွေမှာ မြေဖို့ပြီးတော့ အထူးသဖြင့်တော့ ခြံဝင်းဆိုင်တွေ မှိုလိုပေါက်ပြီးတော့ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခုပေါ်လာတာတွေ ဖြစ်နေတယ်။ ရန်ကုန်နဲ့မန္တလေးကြားထဲမှာ ခြံဝင်းဆိုင်လုပ်ငန်းတွေ ထွန်းကားလာတဲ့အတွက် ဒီလယ်ယာမြေ အခြားနည်းဥပဒေမဲ့သုံးစွဲတဲ့ တရားဝင်ခွင့်ပြုချက်မရဘဲနဲ့ သုံးစွဲတဲ့ကိစ္စတွေကတော့ အမြောက်အမြားရှိမယ်ထင်ပါတယ်။ အခု ပဲခူးတိုင်းမှာ ၄၅၀ လောက်ရှိသလို မန္တလေးတိုင်းမှာလည်းရှိမှာပဲ။ ရန်ကုန်နဲ့မန္တလေးကြားဖြစ်တဲ့အတွက် ဒါတွေကိုတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်တင်ပြသလို အရေးယူစရာရှိရင်လည်း အမြန်အရေးယူတားဆီးဖို့လိုမယ်။ တရားဝင်ခွင့်ပြုလို့ရတဲ့နေရာတွေမှာ ခွင့်ပြုပါ။ လိုအပ်ချက်တစ်ရပ်အနေနဲ့ ခွင့်ပြုနိုင်ပါတယ်။ အဲဒီတော့မြေအမျိုးအစားခွဲခြားရမယ်။ စိုက်လို့ပျိုးလို့မရတဲ့ မြေဖြစ်ရမယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ အခုလုပ်ချင်သလို လုပ်နေတဲ့သဘောဖြစ်လာတာပေါ့နော်။ ဒါကြောင့်မို့လို့ ဒီကိစ္စမှာ ခုနက ဒုဝန်ကြီးပြောတာ၊ ပြည်ထောင်စုသတင်းစာတွေဆိုတဲ့အခါကျတော့ ပြည်ထောင်စုသတင်းစာဆိုတာ မှားနေတယ်ထင်တယ်။ ပြည်ထောင်စုသတင်းစာဆိုတာ ပါတီကထုတ်တဲ့ သတင်းစာပါ။ ကြေးမုံနဲ့မြန်မာ့အလင်းမှာ ထည့်ရမှာပေ့ါ။ ခင်ဗျားဆိုလိုတာ အဲဒါပဲဖြစ်ပါလိမ့်မယ်။ ကြေးမုံနဲ့မြန်မာ့အလင်းမှာ သေချာအောင်လုပ်ပြီးတော့ ဒါတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကလည်း ဆောင်ရွက်သလို ခင်ဗျားတို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း အမြင်မတော်တာတွေ့ရင်၊ တွေ့တဲ့ဥစ္စာကို ချက်ချင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်တတ်ဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ လယ်ယာထွက်ကုန်နဲ့ပတ်သက်လို့ တာဝန်အရှိဆုံးက ခင်ဗျားတို့ဖြစ်နေလို့။

အဲဒီတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ။ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဒီမေးခွန်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်တဲ့ မေးခွန်းဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ မေးမြန်းတဲ့ လုံးကောက်၊ ဖြေကြားတဲ့ လုံးကောက်နဲ့ ဥက္ကဋ္ဌရဲ့ပြောကြားချက်ကို ထည့်သွင်းတဲ့အပြင် ကြေးမုံနဲ့မြန်မာ့အလင်းသတင်းစာတွေမှာ ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။

● *ရွှေဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးဘသန်း (ဘသန်း-အခေါက်ရွှေ)က "အမေရိကန်နိုင်ငံမှာ ငွေစက္ကူအသစ်ထုတ်လုပ်မှုက ကမ္ဘာ့စီးပွားရေးမှာ အကျိုးသက်ရောက်မှုရှိသလို စီးပွားရေး ကျလာတာနဲ့အမျှ ဒေါ်လာ ဈေးကျလာမယ်။ စီးပွားရေးတည်ငြိမ်ရင် ဒေါ်လာဈေးလည်းငြိမ်မယ်၊ စီးပွားရေးကောင်းလာရင် ဒေါ်လာဈေး တက်လာမယ်။ အဲဒါကြောင့် ကမ္ဘာ့ရွှေဈေးက ဒေါ်လာဈေးအတက်အကျပေါ်မှာလည်း သက်ဆိုင်ပါတယ်။ ကမ္ဘာ့ရွှေဈေးနဲ့အညီ မြန်မာ့ရွှေဈေးကလည်း အပြောင်းအလဲဖြစ်တတ်ပါတယ်။ နောက်အာဖရိကတိုက်ရဲ့ ရွှေထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်မှုကလည်း ရွှေဈေးအတက်အကျအတွက် အကျိုးဆက်တစ်ခုပါပဲ" ဟု ရှင်းပြသည်။

ယနေ့ မြန်မာ့ရွှေဈေးမှာ ကမ္ဘာ့ရွှေဈေးနှင့်ငွေကျပ် ၁၅၀၀၀ ကွာလျက်ရှိပြီး မြန်မာ့ရွှေဈေးကပိုမြင့်နေကြောင်းကိုပါ အတွင်းရေးမှူးက ပြောပြခဲ့သည်။ သို့အတွက် စီးပွားရေးသဘောအရ နိမ့်ရာမှမြင့်ရာသို့သာ စီးဆင်းမြဲဖြစ်ကြောင်း ဆိုခဲ့သည်။

အရောင်းအဝယ်ဈေးကွက်အား စေ့ငုကြည့်ရာ ယနေ့ ပွင့်လင်းရာသီသို့ ရောက်ပြီဖြစ်၍ တစ်နိုင်ငံလုံးအတိုင်း အတာအရ ပွဲလမ်းသဘင်များကျင်းပရန်အချိန်ဖြစ်ကြောင်း၊ မြန်မာတို့ဓလေ့အရ ပွဲလမ်းသဘင်ရှိက ရွှေကိုသာ အဓိကဆင်မြန်းတတ်ကြောင်း၊ အဆင်ပြေသူများအနေဖြင့်ယခုကဲ့သို့ ပွဲလမ်းသဘင်နှင့် တိုက်ဆိုင်နေသည်က တစ်ကြောင်း၊ ရွှေဈေးကျဆင်းလာမှုကြောင့် တစ်နည်းနှင့် ရန်ကုန်အပါအဝင် လက်လီရွှေထည် အရောင်းဆိုင်များ ပြန်လည်လှုပ်ရှားမှုရှိနေပြီဖြစ်ကြောင်းကိုပါ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် တစ်ဦးဖြစ်သည့် ဦးအေးချို (စမ်းချောင်း)က "ရာသီပွင့်လင်းလာတာနဲ့အမျှ ရွှေလုပ်ကွက်တွေ ပြန်စလာတော့မယ်။ ရွှေတူးရွှေကျင်တဲ့သူတွေဆီက ရွှေတွေက အရောင်းအဝယ်သမားတွေဆီ စီးဝင်လာတော့မယ်၊ အဲဒီတော့ ပစ္စည်းပေါလာမယ်၊ ပစ္စည်းအဝင်များလာတာနဲ့အမျှ ဈေးက ကျလာမယ်၊ ဈေးကျလာရင် ဝယ်တဲ့သူပိုများလာမယ်၊ အဲဒါက ရွှေအရောင်းအဝယ်လုပ်ငန်းရဲ့ သဘောတရားပါပဲ" ဟု ဆိုသည်။

အသင်းရုံးမှသည် ရန်ကုန်မြို့၏ ရွှေထည်ဈေးကွက်ဖြစ်သော ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်ချုပ်ဈေး ရွှေရောင်းဆိုင်များသို့ လျှောက်လှမ်း၍ အရောင်းအဝယ်အဝင်အထွက်တို့ကို လေ့လာခဲ့သည်။

မဟာဗန္ဓုလလမ်းပေါ် လသာမြို့နယ်အတွင်းရှိ ရွှေဆိုင်တစ်ဆိုင်သို့ ဝင်ရောက်စေ့ငုကြည့်မိသည်။ ပထမ ရွှေဝယ်မည်အထင်ဖြင့် ခရီးဦးကြိုမှုကိုပြုံးပြီးပြခဲ့မိသည်။ နောက်မှ သတင်းမေးမည့်သူမှန်းသိ၍ အပြုံးလေး တန့်သွားခဲ့သည်။ သို့သော် မေးသမျှကို ဖြင့် ဖြေပေးရှာသည်။

"ပြီးခဲ့တဲ့ လတွေထက်စာရင် အရောင်းအဝယ်ပုံမှန်လောက် ပြန်ဖြစ်လာတယ်လို့ ဆိုရမှာပါ။ ပွဲတော်ရက်ကလည်းနီးလာပြီ။ ရွှေဈေးကလည်း ကျလာတာဆိုတော့ ဝယ်လက်ဆင်းပါတယ်၊ ရွှေဈေးကျလာတာနဲ့အမျှ ဝယ်တဲ့သူများလာရင် အရောင်းအဝယ်ပိုကောင်းလာမှာပေ့ါ" ဟု အရောင်းအဝယ်ကို ကြီးကြပ်နေသည့် ကြားမှပင် ဖြေပေးသည့်အတွက် ကျေးဇူးတင်မိပါသည်။

အောက်တိုဘာလ၏ ပြီးခဲ့သော ရက်များအတွင်း အမြင့်ဆုံးတက်ခဲ့သည့် ရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၆၉၃၀၀၀ အထိ မြင့်တက်ခဲ့ပြီး ယခုအခါ တဖြည်းဖြည်း ကျဆင်းလာသည်ကို လေ့လာတွေ့ရှိရပါကြောင်း ယခုအပတ် ရွှေသတင်းအဖြစ် ဖြန့်ခင်းရေးသားလိုက်ရပါသည်။

▲ *ကျောဖုံးမှ*

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ကိုယ်စား သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက မေးမြန်းခဲ့သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့အောက် မြို့နယ်အဆင့် စက်မှုကြီးကြပ်ရေးစစ်ဆေးရေးဌာနအနေနှင့် မှတ်ပုံတင်စာရင်းများနှင့် ထောက်ခံချက်များ ပေးနိုင်ခြင်းမရှိခြင်းကြောင့် လုပ်ငန်းရှင်များ အခက်တွေ့နေရကြောင်း မေးမြန်းချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်အနေနဲ့ ကိုယ်စားမေးပေးရတဲ့ မေးခွန်းဖြစ်လို့ မရှင်းလင်းတဲ့ အချက်ကိုသေချာအောင် ထပ်မံမေးမြန်းထားခဲ့ပါတယ်။ ဒုတိယဝန်ကြီးအနေနဲ့လည်း ပြန်လည်ပြီးစုဆောင်းလို့ အဖြေပြန်ပေးမယ်လို့ လွှတ်တော်မှာ ပြောခဲ့တာရှိပါတယ်။ အမှန်တိုင်းပြောရရင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို မြေတောင်မြှောက်ပေးနိုင်ဖို့ ချေးငွေထုတ်ပေးခြင်းက အဓိကကျသလို ရန်ကုန်လိုနေရာမျိုးမှာ ဆောင်ရွက်တာနဲ့ နယ်ဒေသမှာ ဆောင်ရွက်နေတဲ့ ပုံသဏ္ဌာန်ချင်းတူညီဖို့လည်း လိုအပ်ပါတယ်။ နောက်တစ်ခုက လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်လိုစိတ်ရှိသူတွေအတွက် စိတ်ပျက်နောက်တွန့်သွားမှာကို စိုးရိမ်မိပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ပြောကြားသည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဘဏ်မှ ၂၀၁၃ ခုနှစ် ဩဂုတ်လအထိ ချေးငွေကျပ် ၈၈၆၄၉ ဒသမ ၂၆ သန်း ထုတ်ချေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်ပေါင်း ၆၀၅ ဦးအထိ ချေးငွေထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ချေးငွေရယူလိုသည့် လုပ်ငန်းများအနေဖြင့် စက်မှုလုပ်ငန်းလိုင်စင်ကိုင်ဆောင်ကာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ တင်ပြလျှောက်ထားနိုင်ပြီး လိုအပ်သည့်ချေးငွေပမာဏ၊ လုပ်ငန်းလည်ပတ်နေသည့် အခြေအနေပေါ် မူတည်ကာ ဗဟိုဌာနက စစ်ဆေးပေးမည်ဖြစ်ပြီး လိုအပ်သည့် အချက်အလက်များအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်၌ ငွေချေးယူနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဘဏ်ရာဖြတ်များက မရွှေ့ပြောင်းနိုင်သည့် စက်ရုံ သို့မဟုတ် အဆောက်အအုံများကို ကွင်းဆင်းရာဖြတ်မည်ဖြစ်ကာ သက်ဆိုင်ရာဘဏ် သို့တင်ပြပြီး အများဆုံး ကျပ်သိန်း ငါးထောင်အထိ ချေးယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ငွေချေးယူဖို့အတွက် အရင်ကထက်စာရင် အများကြီးလွယ်ကူလာတာတော့ အမှန်ပဲဖြစ်ပါတယ်။ သို့သော် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတဲ့အတွက် ကျွန်တော်တို့မှာ ယှဉ်ပြိုင်မှုအနေအထားတွေက ပိုပြီး ပြင်းထန်လာနေပါပြီ။အဲဒီအချက်ကိုတွန်းလှန်ဖို့အတွက် ပြည်တွင်းပြည်ပဘဏ်အသီးသီးမှာ ချေးငွေရယူနိုင်အောင် သက်သေခံလက်မှတ်ကို ထုတ်ပေးနိုင်ရင် အလွန်အကျိုးရှိမှာဖြစ်ပေမယ့် လွှတ်တော်က ခွင့်မပြုခဲ့ပါဘူး။ချေးငွေအတွက် ပြည်တွင်းဘဏ်တွေမှာ ဆောင်ရွက်လို့ရနေသလို အတိုးနှုန်းကိုလည်း ယခုထက် ပိုမိုသက်သာအောင် ဆောင်ရွက်ပေးစေချင်ပါသေးတယ်။ အဲဒါမှလည်း အခုလူတွေပြောနေတဲ့ သေးသေးလေးကနေ စတင်နိုင်ဖို့ ပိုပြီး အခွင့်အလမ်းရှိလာမှာပါ" ဟု ကုန်သည်/စက်မှုအသင်းချုပ်၏ ဥက္ကဋ္ဌ ဦးဝင်းအောင်က မှတ်ချက်ပြုပြောကြားသည်။

✻ *ရွှေဖုံးမှ*

"နောက်ပြီး အဲဒီငွေကြေးထဲကပဲ ကမ္ဘာအေးဘုရားလမ်းတစ်လျှောက် အောက်မှာ သွယ်တန်းထားတဲ့ ၄၂ လက်မ ရေပိုက်ကို အသစ်လဲလှယ်မှုပြုလုပ်မယ့်လုပ်ငန်းလည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီရေပိုက်က နှစ်ပေါင်းရာချီနေပြီဖြစ်တာမို့ ပိုက်ဆွေးမြည့်လာပြီး ရေယိုစိမ့်မှုတွေ ဖြစ်ပေါ်နေတာကြောင့် ရေပိုက်အသစ်လဲပေးတဲ့ လုပ်ငန်းဆောင်ရွက်မှုမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာအေးဘုရားလမ်းရှိ အဆိုပါရေပိုက်မှာ ကားလမ်းဘေးတစ်လျှောက် မြေအောက်၌ သွယ်တန်းထားရာ ပိုက်ဆွေးမြည့်လာမှုကြောင့် ပို့လွှတ်သည့်ရေများ ယိုစိမ့်နေသည့်အပြင် လမ်းပျက်စီးထိခိုက်မှုလည်း ရှိလာသဖြင့် အသစ်လဲပေးရန် လိုအပ်လာခြင်းဖြစ်သည်။

"ဒ့ါအပြင် ရေပေးဝေရေးစနစ်ကို နိုင်ငံတကာ ပုံစံအတိုင်း အဝေးထိန်းစနစ် တပ်ဆင်ဆောင်ရွက်သွားဖို့လည်း လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်မှာ သတ်မှတ်ဇုံဧရိယာအလိုက် ရေမီတာတိုင်းပြီး ထိန်းချုပ်တဲ့စနစ် ပြုလုပ်သွားမယ်။ ရေပေးဝေတဲ့ သတ်မှတ်ဇုံဧရိယာအတွင်း ဖြန့်ဖြူးပေးလိုက်တဲ့ရေတွေ အပြည့်အဝရရှိမှု ရှိ၊ မရှိ ပိုက်တွေပေါက်နေမှု ရှိမရှိ တရားမဝင်ရေသွယ်တန်းမှု ရှိ၊ မရှိ၊ ပိုက်ပေါက်နေမှုကြောင့် ပြင်ပက ရေတွေဝင်ခြင်း ရှိ၊ မရှိကိုလည်း စစ်ဆေးနိုင်တယ်" ဟု လက်ထောက်ဌာနမှူး ဦးမျိုးသိမ်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ သတ်မှတ်ဇုံဧရိယာအလိုက် အဝေးထိန်းစနစ်ကို ဇုံဧရိယာတစ်ခုချင်းစီ၌ ပြုလုပ်သွားမည်ဖြစ်ပြီး လောလောဆယ်တွင် ရန်ကင်း၌ သတ်မှတ်ဇုံဧရိယာတစ်ခု ပြုလုပ်ရန်စီစဉ်မည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဖြန့်ဖြူးပေးလိုက်သည့်ရေများ ပြည်သူများထံ အပြည့်အဝ ရောက်ရှိမှု ရှိ၊ မရှိ သိနိုင်သည့်အပြင် အားနည်းမှု၊ ချွတ်ယွင်းမှု၊ ရေဆုံးရှုံးမှုများကိုလည်း သိရှိနိုင်ပြီး သုံးစွဲသည့် ရေဖိုးကိုလည်း ပြည့်ပြည့်ဝဝရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဂျကာမှပေးမည့် ငွေကြေးအကူအညီများဖြင့် ရန်ကုန်မြို့ အရှေ့ပိုင်းနှင့် မြောက်ပိုင်းနေပြည်သူများကို ရေပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်လျက်ရှိနေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေး ယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဖိတ်ကြားချက်အရ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှလေကြောင်းခရီးဖြင့်ထွက်ခွာရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီးနှင့်တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အတူ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဗိုလ်ချုပ်မြထွန်းဦး၊ ဗိုလ်ချုပ်စိုးသိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်မှူးချုပ်လွင်ဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များဆွေးနွေးခြင်း၊ တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းများကို လေ့လာခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူး၊ ကျိုဇိုက်ကုပ်၊ ပေကျင်း၊ ဟိုင်နန်၊ Sanya မြို့များအပါအဝင် တရုတ်နိုင်ငံ၏ ထင်ရှားသော နေရာများအား လေ့လာခြင်း၊ ပညာတော်သင်များအား တွေ့ဆုံအားပေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်သည့်အခါ မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုတိုးတက်အောင်မြင်လာမည်

(သတင်းအဖွဲ့)

အောက်တိုဘာလ ၁၀ ရက်နေ့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အာဆီယံဥက္ကဋ္ဌရာထူးကို ဘရူနိုင်းနိုင်ငံဘုရင်ထံမှ အခမ်းအနားဖြင့် လွှဲပြောင်းလက်ခံလိုက်ပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌတာဝန်ကိုလက်ခံပြီး ထိုနှစ်အတွင်း ကျင်းပမည့်အာဆီယံထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည်ကို ပြည်သူများ သိနေ၊ မြင်နေ၊ ကြားသိနေကြမည်ဖြစ်ပါသည်။

ထိုကဲ့သို့ အာဆီယံအစည်းအဝေးများ လက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံနှင့်ပြည်သူများအတွက် မည်သို့သော အကျိုးကျေးဇူးများ ရရှိခံစားရမည်၊ ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် မည်သည့်အချက်များဆွေးနွေးခဲ့သည်တို့ကို သိရှိနိုင်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ အစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုဝန်ကြီးများအား မြန်မာနိုင်ငံသို့ ပြန်လည်မထွက်ခွာမီ အောက်တိုဘာလ ၁၁ ရက်နေ့တွင် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ပါသည်-

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ်က အာဆီယံအဖွဲ့ထဲကို စဝင်ခဲ့တာမို့ လာမယ့်နှစ်ဆိုရင် ၁၇ နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ၁၇ နှစ်အတွင်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံအစည်းအဝေးတွေ ကျင်းပခွင့်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေအနေနဲ့ အာဆီယံမိသားစုတာဝန်တစ်ခုကို ကျေကျေပွန်ပွန်နဲ့ ဆောင်ရွက်ရမှာဖြစ်လို့ ဝမ်းသာစရာ၊ ဂုဏ်ယူစရာဖြစ်တယ်လို့ ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ အာဆီယံဆိုင်ရာ အစည်းအဝေးတွေကို အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေ အောင်အောင်မြင်မြင်နဲ့ ကြိုးပမ်းဆောင်ရွက်ဖို့အတွက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ရဟန်းရှင်လူ ပြည်သူအပေါင်းက ကိုယ့်တိုင်းပြည်မှာ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းဖြစ်နေဖို့ ထိန်းသိမ်းဆောင်ရွက်ကြရပါမယ်။

ဦးဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ကမ္ဘာမှာ အောင်မြင်နေတဲ့၊ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံကြီးတွေနဲ့ အာဆီယံရဲ့ ဆက်ဆံရေးကလည်း ပိုမိုကျယ်ပြန့်လာနေတယ်။ အလားတူ ဒီလို ကျယ်ပြန့်လာတာနဲ့အမျှ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေးကလည်း ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်တဲ့အခါ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာဆက်ဆံရေးဟာလည်း ဒီထက်ပိုမိုကျယ်ပြန့်တိုးတက်အောင်မြင်မှုတွေ အများကြီးရလာမှာပါ။

မြန်မာနိုင်ငံကိုလည်း ကမ္ဘာ့ပြည်သူအများက ပိုမိုသိရှိလာမယ့် အနေအထားရှိပါတယ်။ တစ်ချိန်တစ်ခါက မြန်မာနိုင်ငံနဲ့ပတ်သက်ရင် ဗဟုသုတအလွန်နည်းပါးနေကြတဲ့ နိုင်ငံတွေဟာ အခုအချိန်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်တိုးတက်မှုတွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေ၊ နိုင်ငံသစ်တစ်ရပ် တည်ဆောက်နေမှုတွေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ အသေးစိတ်ထိတွေ့ခွင့်ရမယ့် အခွင့်အလမ်းတွေလည်း ရလာခဲ့ပါတယ်။ ဒါကြောင့်မို့ အလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်တဲ့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာပိုပြီးမြင့်မားစေပြီးတော့ ဒေသအတွင်းမှာလည်း တာဝန်ရှိတဲ့၊ တာဝန်သိတဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ကိုယ့်ဒေသကို တိုးတက်ဖွံ့ဖြိုးမှုဆီကို ဦးတည်ပြီးတော့ ဦးဆောင်ခေါ်ဆောင်သွားနိုင်မယ့် အခွင့်အလမ်းတွေရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း။

ဦးစိုးသိန်း
ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန

အခု ထိပ်သီးအစည်းအဝေးမှာ အဓိကအားဖြင့်တော့ အာဆီယံအဖွဲ့တွေရဲ့ ညီညီညွတ်ညွတ်နဲ့ အမြင်တွေဖလှယ်ကြပြီး ဆောင်ရွက်တဲ့သဘောဖြစ်ပါတယ်။ United ASEAN ပေါ့။ Unity ပေါ့။ နောက်တစ်ချက်ကတော့ ဆင်းရဲမှုပပျောက်ရေးတွေ၊ နိုင်ငံချင်းဆက်သွယ်မှုတွေ၊ Dister Management တွေ စသည်ဖြင့် တော်တော်များများ ဆွေးနွေးကြတာတွေ့ရပါတယ်။ ဘရူနိုင်းနိုင်ငံအနေနဲ့တော့ လူငယ်တွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ထားတာတွေ့ရပါတယ်။

အာဆီယံအပေါင်းသုံး နိုင်ငံတွေကလည်း ဝိုင်းဝန်းကူညီမယ့် ကတိလေးတွေကို ပေးပါတယ်။ ဒါတွေက အလွန်တရာမှ အလေးအနက်ထားဖို့ကောင်းပါတယ်။ ရာသီဥတုပြောင်းလဲမှုအပိုင်းကိုလည်း ပိုပြီးဂရုစိုက်ဆောင်ရွက်ကြဖို့အတွက် နှိုးဆော်တာတွေ့ရပါတယ်။

အားလုံးအနေနဲ့ကတော့ ရှေ့လုပ်သွားရမယ့် ကျွန်တော်တို့အနေနဲ့လည်း ရှေ့ဆက်ပြီး ဆွေးနွေးကြ၊ တိုးတက်အောင်လုပ်ကြရမယ့်လုပ်ငန်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအပိုင်းကတော့ ပြင်ဆင်နေတာပါပဲ။ အားလုံးပြီးစီးဖို့တော့ လိုတာလေးတွေ ရှိပါသေးတယ်။ တစ်နှစ်ခွဲ၊ နှစ်နှစ်အတွင်းမှာ ရှေ့ဆက်ပြောင်းလဲမှုတွေ အတော့်ကို လုပ်ရဦးမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါလည်း နိုင်ငံတွေရဲ့ Investment တွေဝင်လာတာရယ်၊ Financial Sector က ပြုပြင်ပြောင်းလဲမှုတွေကို အချိန်ကိုက်လုပ်ဆောင်ပြီးတော့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ကောင်းသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။

ဒေါ်နန္ဒာမွန်း
ညွှန်ကြားရေးမှူးချုပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၂၀၁၃ ခုနှစ်မှာ ဘရူနိုင်းနိုင်ငံ အလှည့်မှာ Youth and Culture (လူငယ်နဲ့ ယဉ်ကျေးမှု) ကိုလည်း အဓိကထားတယ်။ ကျန်းမာရေးနဲ့ ပညာရေးကိုလည်း အဓိကထားတယ်။ ပြီးတော့နောက်တစ်ခုက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲမှုတွေကို အဓိကထားပြီးဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ၂၀၀၉-၂၀၁၂ ခုနှစ်အထိ AFCC Mid Term Review Report ကို အာဆီယံထိပ်သီးအစည်းအဝေးမှာ အစီအစဉ်တစ်ရပ်အနေနဲ့ တင်ပြတာတွေ့ရပါတယ်။

အဲဒါကတော့ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ဖို့ ဘယ်ဟာတွေက အဆင်သင့်ဖြစ်ပြီလဲ၊ ဘယ်ဟာတွေက ကျန်သေးလဲ၊ ဘယ်လုပ်ငန်းတွေလုပ်ဖို့ ကျန်သေးလဲလို့ လုပ်တဲ့အခါ ကျွန်မတို့လူမှုဝန်းကျင်မှု အသိုက်အဝန်းအောက်မှာ Narrow the Gap ဆင်းရဲမှုကို လျှော့ချပြီး ဒီကွာဟချက်ကို နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ အထူးသဖြင့် စီအယ်လ်အမ်ဗွီနဲ့ တခြားအာဆီယံ ခြောက်နိုင်ငံကွာဟမှု ဘယ်လောက်လျှော့ချနိုင်သလဲ ဆောင်ရွက်တဲ့အခါမှာ နောက်ဆုံးတစ်ချက်ဖြစ်တဲ့ Narrow the Gap က လိုသေးတယ်ဆိုတာ ဖော်ညွှန်းပါတယ်။

အခု အာဆီယံထိပ်သီးအစည်းအဝေးမှာ Mid Term Review ကို တင်ပါတယ်။ နောက်တစ်ခါ ဒီမှာလုပ်တဲ့အချက်တွေကို အားလုံးပေါင်း Declaration ခြောက်ခုတင်ပါတယ်။ ဒါ့အပြင် စာတမ်းသုံးခုတင်ပါတယ်။ ဒါတွေက နောင်လုပ်မယ့် အာဆီယံရဲ့ Education ပေါ်မှာ Review လုပ်တဲ့ဟာရယ်။ ASEAN-China ပူးပေါင်းဆောင်ရွက်မယ့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနဲ့ သစ်တောဆိုင်ရာတွေ ဖြစ်ပါတယ်။

❍ ***ရှေ့ဖုံးမှ***

လူတစ်ဦးချင်းစီ၏ ဝင်ငွေရရှိမှုတိုးတက်လာစေရေး အခြေခံအချက်အလက်များဖြစ်သည့် အလုပ်အကိုင်ရရှိရန် လွယ်ကူစေရေး၊ လိုအပ်သည့်သင်တန်းကျောင်းများထွက်ပေါ်လာစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုးပမ်းလျက်ရှိနေပြီး လူတစ်ဦးချင်းဝင်ငွေတိုးပွားစေရေး စီမံကိန်းကာလငါးနှစ်ပြည့်မြောက်မည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်နှစ်တာ တစ်ဦးချင်းအလိုက်ဝင်ငွေမှာ ငွေကျပ် ၃၁၈၅၃၃၀ အထိ တိုးပွားလာနိုင်ရန် ရည်မှန်းအကောင်အထည်ဖော်သွားရန်ရှိကြောင်း သိရသည်။

"စက်မှုဇုန်တွေ အများကြီးဖွံ့ဖြိုးတိုးတက်လာပါတယ်။ လုပ်ငန်းတွေလည်း တိုးချဲ့လာတယ်။ အလုပ်ရရှိမှုကိုက အခြားတိုင်းဒေသကြီး/ပြည်နယ်တွေထက် ရန်ကုန်က အခွင့်အလမ်းသာပါတယ်။ လူတစ်ဦးချင်းစီရဲ့ဝင်ငွေရရှိမှု များပြားလာတာနဲ့ အပြိုင်ကုန်ကျစရိတ်အားဖြင့်ဆိုလျှင်လည်း ရန်ကုန်နေလူတန်းစားတွေရဲ့အခြေခံကုန်ကျစရိတ်က အနိမ့်ဆုံးတစ်ရက်ကို ငွေကျပ် ၁၅၀၀ နှုန်းနဲ့ တွက်ရင်တောင်တစ်နှစ်အတွက် ငွေကျပ်ငါးသိန်းကျော်နှုန်းကျမယ်။ လူတစ်ဦးရဲ့အခြေခံလုပ်အားခကို လက်ရှိမှာတစ်နေ့ ၂၀၀၀ ကျပ်တောင် မသေချာပါဘူး။ အခုလိုအခြေအနေနဲ့ဆိုရင်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ မျှော်မှန်းချက်ကအောင်မြင်နိုင်ဖို့ မလွယ်ကူပါဘူး။ အဲဒီအခြေအနေထိ မဟုတ်တောင် အလုပ်လက်မဲ့ပြဿနာကိုတော့ ကျိန်းသေပေါက်အဖြေရှာသင့်တယ်"ဟု ပြည်တွင်းအထည်ချုပ်လုပ်ငန်းရှင် ဦးစိုးသန်းငြိမ်းက ပြောကြားသည်။

စီးပွားရေးနှင့် စီမံကိန်းဝန်ကြီးဌာနမှ ကိန်းဂဏန်းများအရ လက်ရှိရန်ကုန်တိုင်းဒေသကြီး၏ ဂျီဒီပီမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၃ ရာခိုင်နှုန်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးမှာ ၁၂ ဒသမ ၁ ရာခိုင်နှုန်းရှိနေခဲ့ပြီး စီမံကိန်းလျာထားချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ၂၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ဂျီဒီပီမြင့်တက်ရန် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်စာရင်းဇယားများအရ အသားတင်ထုတ်လုပ်မှုတန်ဖိုးအားဖြင့် ငွေကျပ် ၈၉၂၄ ဒသမ ၇ ဘီလီယံအထိ ရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာအလုပ်သမားတို့၏ အခွင့်အရေးများအပေါ် စက်ရုံပိုင်ရှင်ဖောက်ဖျက်ကျူးလွန်မှု မြန်မာ-ထိုင်းတာဝန်ရှိသူများ ချိန်းရိုင်း၌ တွေ့ဆုံဆွေးနွေးပြီး ပြေလည်အောင်ဖြေရှင်းပေး

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ နန်းကျန်းရပ်ကွက်ရှိ Prove Garment Co.,Ltd. ပိုင် အထည်ချုပ်စက်ရုံတွင် မြန်မာနိုင်ငံသား အလုပ်သမားများအပေါ် စက်ရုံပိုင်ရှင်က လစာပုံမှန်ပေးချေမှုမရှိခြင်း၊ MoU ပါအချက်အလက်များကို ချိုးဖောက်ခြင်း၊ ယာယီနိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်းများ အပါအဝင် အခွင့်အရေး အရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်နေကြောင်း တာချီလိတ်မြို့ရှိ "ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ"ထံသို့ စက်တင်ဘာ ၆ ရက်တွင် လာရောက်အသိပေးအကူအညီတောင်းခံခဲ့ရာ တာချီလိတ်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ညွှန်ကြားချက်နှင့်အညီ ကော်မတီမှတာဝန်ရှိသူများသည် မယ်ဆိုင်မြို့ လက်ထောက်မြို့ပိုင် Mr.Wiwat Jeansawan နှင့်အတူ စက်တင်ဘာ ၇ ရက်တွင် အဆိုပါအထည်ချုပ်စက်ရုံသို့ သွားရောက်လေ့လာခဲ့ပြီး တွေ့ရှိချက်များအပေါ်အခြေခံကာ ထိုင်းနိုင်ငံ ချိန်းရိုင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန နှင့်ဆက်သွယ်ပြီး ယင်းပြဿနာအပေါ် မည်သို့ဆောင်ရွက်သင့်ကြောင်း အကြံဉာဏ်တောင်းခံခဲ့ကာ စက်တင်ဘာ ၁၀ ရက်တွင် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတာဝန်ရှိသူများသည် ချိန်းရိုင်းမြို့ရှိ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနရုံးတွင် ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့နောက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အလုပ်သမားရေးရာ သံအရာရှိ ဦးကျော်ကျော်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်များသည် ဒုတိယအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်တွင် ထပ်မံဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထိုင်းနိုင်ငံ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မဲခေါင်မြစ်ဝှမ်းဒေသ လူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ အလုပ်သမားအခွင့်အရေးဆိုင်ရာ ရှေ့နေ Mr.Chartaree တို့၏ကူညီပံ့ပိုးမှုဖြင့် အောက်တိုဘာ ၂ ရက်တွင် မယ်ဆိုင်မြို့ ပိုင်ရုံး စုဝေးခန်းမဆောင်ကြီးတွင် ကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာအလုပ်သမား ၁၈၆ ဦး၏ အခွင့်အရေးဆိုင်ရာများအတွက် လိုအပ်သောပုံစံများ ရေးသွင်းခြင်း၊ လစာနှင့် လျော်ကြေးငွေများကို တွက်ချက်ခြင်းများအား ဆောင်ရွက်ခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် ယာယီနိုင်ငံကူးလက်မှတ်များနှင့် အလုပ်လုပ်ကိုင်ခွင့်ပါမစ်များကို သိမ်းဆည်းထားသည့် အလုပ်ရှင်ဖြစ်သူအား မယ်ဆိုင်မြို့ ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်လှစ်ခဲ့ရာ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ညှိနှိုင်းဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ထိုင်းနှင့် မြန်မာနှစ်နိုင်ငံတာဝန်ရှိသူများသည် အောက်တိုဘာ ၈ ရက်၌ ချိန်းရိုင်းမြို့တွင် တတိယအကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ပြီးနောက် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်ကာ အလုပ်သမားများ၏ ယာယီနိုင်ငံကူးလက်မှတ်များ၊ အလုပ်လုပ်ကိုင်ခွင့်ပါမစ်များနှင့် စက်တင်ဘာလအထိ ရရှိသင့်သော လစာငွေများကို မယ်ဆိုင်မြို့ လက်ထောက်မြို့ပိုင်နှင့် ကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် ထိုင်းနိုင်ငံ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက အလုပ်သမားများကို တစ်ဦးချင်းစိစစ်ကာ အပ်နှံထုတ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မြန်မာအလုပ်သမား ၁၈၆ ဦး၏ အခက်အခဲကို ဖြေရှင်းပေးနေသောကာလအတွင်း စက်ရုံပိုင်ရှင်က အလုပ်သမားများ၏ စားဝတ်နေရေးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမှုမရှိသည့်အတွက် အလုပ်သမားများ အခက်အခဲဖြစ်ပေါ်ခဲ့ရာ တာချီလိတ်ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ဦးဆောင်မှုဖြင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီမှ တာချီလိတ်မြို့သူ မြို့သားများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် တစ်လကျော်ကြာ ရိက္ခာအတွက် ဆန် ၄၉ အိတ်၊ ဆီ ၁၄ ပုံး၊ ငါးသေတ္တာဘူး ၁၃၀၀၊ ကြက်ဥအလုံး ၅၉၇၀၊ ရိက္ခာစုံအထုပ် ၁၈၆ ထုပ် အပါအဝင် ငါးပိ၊ ငါးခြောက်၊ အာလူးစသည့် စားနပ်ရိက္ခာများ၊ အလုပ်သမားများ၏ အိမ်ခန်းငှားရမ်းခများကို ထောက်ပံ့ကူညီခဲ့ပြီး မီးဖွားပြီးစ မိခင်တစ်ဦးနှင့် ရင်သွေးငယ်တစ်ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးခြောက်ဦးတို့ကို သီးခြားအလှူငွေနှင့် အားဖြည့်အစားအစာများကို ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ယခုအခါ အလုပ်သမားများ၏ ယာယီနိုင်ငံကူး လက်မှတ်များနှင့် အလုပ်လုပ်ကိုင်ခွင့် ပါမစ်များ၊ စက်တင်ဘာလအတွက် လုပ်အားခများကို ရရှိပြီးဖြစ်ကာ ကျန်ရှိနေသေးသော အလုပ်သမားများ၏ နစ်နာကြေးများ၊ အခွင့်အရေးများအတွက် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီက ထိုင်းနိုင်ငံတာဝန်ရှိသူများနှင့် တိုင်ပင်ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

လူကို လူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

သဘာဝဘေးလျှော့ပါးရေး မသန်စွမ်းလည်း ပူးပေါင်းပေး

ကြည်စိုး(လူမှုဝန်ထမ်း)

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ နေရာတိုင်း၌ အချိန်အခါနှင့် အတိုင်းအတာပမာဏသာ ခြားချင်ခြားမည်။ သဘာဝဘေး အန္တရာယ်တစ်ရပ်ရပ်ကိုမူ တစ်ကြိမ်တစ်ခါတော့ တွေ့ကြုံခံစားရမည်မှာ အမှန်ပင်။ သို့ရာတွင် သဘာဝဘေးအန္တရာယ်ဟုဆိုတိုင်း ငုံ့ခံနေရန်မလိုပေ။ "သဘာဝဘေးဒဏ် ကြံ့ကြံ့ခံဘေးရန် လျှော့ထား အသင်လူသား" ဟူသည့် ဆောင်ပုဒ်ကို နှလုံးမူ၍ အကြံ၊ ဉာဏ်၊ ဝီရိယစွမ်းအားတို့ဖြင့် တုံ့ပြန်ရမည်သာဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လေတိုင်း အဆိုးရွားဆုံးခံရသူများမှာ ဆင်းရဲသည့်နိုင်ငံများ၊ အဆင်းရဲဆုံး ပြည်သူများဖြစ်သည်။ ထိုသူများထဲတွင် "နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း" သည့်အခြေသို့ စိုက်ရသူများမှာ အဆင်းရဲတကာ့အဆင်းရဲဆုံး (The Poorest of the Poor) ဟုဆိုလောက်သည့် မသန်စွမ်းသူများပင်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေး နေ့ဆောင်ပုဒ်ကို A Not so obvious Conversation Living with Disability an Disaster "သဘာဝဘေးလျှော့ပါးရေး၊ မသန်စွမ်းလည်းပူးပေါင်းပေး"ဟု ရွေးချယ်လိုက်ခြင်းမှာ လျော်ကန်သင့်မြတ်လှပါ၏။

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၁)၌ "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ လူတို့၏ ဆင်ခြင်တုံတရားနှင့် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်"ဟု ဖော်ပြပါရှိသည်။ သို့ရာတွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များစွာတွင် မသန်စွမ်းမှုကိစ္စသည် နောက်ဆုံးအဆင့်တွင်သာ ရှိနေပါသည်။ သာဓကအားဖြင့် ကလေးသူငယ်သေဆုံးမှုလျှော့ချရေး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ကျန်းမာရေးမြှင့်တင်ရေး၊ AIDS၊ ငှက်ဖျားနှင့် အခြားရောဂါများတိုက်ဖျက်ရေးစသည့် တိကျသော ပန်းတိုင်(၈)ရပ်ပါဝင်သည့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် ကြေညာစာတမ်းတွင် မသန်စွမ်းသူများကိစ္စကို ချန်လှပ်ထားခြင်းခံခဲ့ရသည်။

စင်စစ် အဆိုပါထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များသည် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ချမှတ်ထားသည့် ရည်မှန်းချက်များပင် မဟုတ်ပါလော။ သို့ရာတွင် ကမ္ဘာ့အဆင်းရဲဆုံးသူများစွာအနက် အကြီးမားဆုံးလူနည်းစုအဖွဲ့ (The greatest minority group)ဖြစ်သော မသန်စွမ်းသူများ၏အရေးကို ထည့်သွင်းမှုမရှိခြင်းမှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံခန့်ကို ကိုယ်စားပြုသောမသန်စွမ်းသူများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများတွင် လည်းကောင်း၊ ဘေးအန္တရာယ်များတားဆီးကာကွယ်ရေးတွင်လည်းကောင်း၊ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသော လူမှုအသိုက်အဝန်းနှင့် ရပ်ရွာများ ထူထောင်ရေးတွင် လည်းကောင်း ကိုယ်စားပြုပါဝင်မှုမရှိသေး" ဟု ဆိုထားပါသည်။ ဤသို့ဆိုလျှင် မသန်စွမ်းသူများအဖို့ ထိခိုက်လွယ်၍ အင်အားနည်းသူများဖြစ်သည့် အားလျော်စွာ မည်သို့ ကြိုတင်သတိပေး၊ သိရှိ၊ ရှောင်တိမ်းနိုင်ပါမည်နည်း။ ကြုံတွေ့လာပြီဟော့ ဆိုလျှင်လည်း မသန်စွမ်းသော သဘာဝဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြည့်ပြည့်စုံစုံ မည်သို့လုပ်နိုင်မည်နည်း။ အနာဂတ်အတွက် စိတ်ချရအောင် မည်သို့ကြိုတင်ဆောင်ရွက်နိုင်မည်နည်း။ ဤအရေးကို နှောင့်နှေးခြင်းမရှိအောင် စီမံဆောင်ရွက်ကြဖို့လိုပြီ။

မသန်စွမ်းသူများအပါအဝင် ကမ္ဘာ့ပြည်သူများအဖို့ ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်များမှာ မနည်းလှပေ။ "သဘာဝဘေးအန္တရာယ်" ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်း အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများ ပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးမှုဖြစ်ခြင်း၊ လူသို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အဏုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့များ ယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကို ဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်သည်။

အချို့သော သဘာဝဘေးအန္တရာယ်များမှာ လူ့ပယောဂနှင့် ဆက်နွှယ်ပြီး ဖြစ်ထွန်းကြီးထွားလာခြင်းဖြစ်သည်။ အထူးသဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လုပ်မှု တိုးတက်များပြားလာခြင်းကြောင့် လေထုညစ်ညမ်းမှု (Air Pollution)၊ ကမ္ဘာ့မြို့ရွာများက အညစ်အကြေးနှင့် အမှိုက်သရိုက်များ စွန့်ပစ်မှုကြောင့် ရေထုညစ်ညမ်းမှု (Water Pollution) တို့သည် လူသားများအပါအဝင် သတ္တဝါအားလုံးအတွက် သဘာဝဘေးအန္တရာယ်တို့ကို ဖြစ်ပေါ်စေသည်။ လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်လာသည့် စိန်ခေါ်မှုများတွင် ရာသီဥတုပြောင်းလဲမှုမှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့်ပင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးညီလာခံများကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းက ကျင်းပပြုလုပ်ခဲ့ကြသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် နိုင်ငံအဖြစ်ရပ်တည်ရန် ခြိမ်းခြောက်ခံနေရသော ကျွန်းနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ယခုအခါ ရာသီဥတုပြောင်းလဲမှု ချောက်ကမ်းပါးကြီးရှေ့သို့ ရောက်ရှိလာပြီဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် ချမ်းသာသည့် နိုင်ငံများအနေဖြင့် မည်သို့မည်မျှ ကူညီထောက်ပံ့ကြမည်၊ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှု မည်ရွေ့မည်မျှ လျှော့ချမည်ဆိုသည်တို့ကို ဖွင့်ဟအာမခံမှု မပြုကြသေးပေ။ သို့ဖြစ်၍ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကား အလှမ်းဝေးနေဆဲပင်။

ငလျင်၊ မုန်တိုင်းစသည့် သဘာဝဘေးများသည် ကမ္ဘာဦးအစကပင် ရှိခဲ့သော်လည်း မျက်မှောက်ခေတ် ၂၁ ရာစုတွင် ဒေါသမာန်ပို၍ ကြီးလာသည်။ သာဓကအားဖြင့် ၂၀ ရာစု၊ ၁၉၉၂ ခုနှစ်က အမေရိကန်ပြည်ထောင်စု၌ တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်း အင်ဒရူး (Andrew) ကြောင့် လူ့လောကဆုံးရှုံးမှု အမေရိကန် ဒေါ်လာ ၁၈၀ ဘီလီယံခန့်ရှိခဲ့သည်။ ၂၁ ရာစုအဝင် ၂၀၀၅ ခုနှစ်က တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်း ကက်ထရီနာ (Katrina)၏ ဖျက်ဆီးမှုစွမ်းအားမှာ အမေရိကန်ဒေါ်လာ ၂၇၀ ဘီလီယံအထိ ရှိလာသည်။ ထို့အတူပင် ၂၀ ရာစု၏ အကြီးမားဆုံးငလျင်ဖြစ်သော ၁၉၉၅ ခုနှစ် ဂျပန်နိုင်ငံ ကိုဘေး (Kobe) မြေငလျင်တွင် အမေရိကန် ဒေါ်လာ ၂၅၀ ဘီလီယံကျော် ဖျက်ဆီးခဲ့သည်။ ၂၁ ရာစု၊ ၂၀၁၁ ခုနှစ် မတ်လက ဂျပန်နိုင်ငံ ဆန်းဒိုင်း (Sundai) ငလျင်၏ ပျက်စီးမှုစွမ်းအားမှာ အမေရိကန်ဒေါ်လာ ၃၈၀ ဘီလီယံခန့်အထိ ရှိလာသည်။ ၂၁ ရာစုနှစ်သို့ ဝင်သည်မှာ ဆယ်စုနှစ်တစ်စုမျှသာ ရှိသေးသည်ဖြစ်ရာ ကက်ထရီနာမုန်တိုင်းနှင့် ဆန်းဒိုင်းငလျင်တို့ကို အကြီးမားဆုံးမုန်တိုင်းနှင့် အကြီးမားဆုံး ငလျင်ဟူ၍ ပြောလို့မရနိုင်သေးသည်မှာ အမှန်ပင်။

ဤဖြစ်စဉ်တို့ကို လေ့လာကြည့်လျှင် သဘာဝဘေးအန္တရာယ်များ၏ ဖျက်ဆီးနိုင်မှုစွမ်းအားများသည် နှစ်အနည်းငယ်အတွင်း ကြောက်ခမန်းလိလိ တက်လာသည်ကို တွေ့ရပေမည်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ဟေတီနိုင်ငံ၏ မနှစ်မြို့စရာ ထိတ်လန့်တုန်လှုပ်ဖွယ် မြေငလျင်ဘေးဆိုး၊ အန္တရာယ်ဆိုးကြီးကြောင့် လူနှစ်သိန်းသုံးသောင်းခန့် သေဆုံးရပြီး လူတစ်သန်းခွဲ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ ငလျင်ဒဏ်ကြောင့် ဒဏ်ရာရပြီး မသေဘဲ ကျန်ရစ်ခဲ့သူ နှစ်သိန်းငါးသောင်းခန့်မှာ မသန်စွမ်းသူများဘဝသို့ ရောက်ရှိသွားနိုင်သည်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုသည့်အတိုင်း လုယက်၊ ခိုးဝှက်နေသူများလည်း နေရာအနှံ့အပြားတွင်ရှိလာသည်။ လူသားအချင်းချင်း မညှာမတာ သတ်ဖြတ်ကြသူများလည်း အများအပြားပင်။ ထိုသူတို့အကြား မျက်စိသူငယ်နားသူငယ်ဖြစ်ရှာသော မသန်စွမ်းသူ ဒုက္ခသည်များဘဝကား ပြေးကြည့်ရန်မလို၊ တွေးကြည့်ရုံမျှနှင့်ပင် သိရှိနိုင်ပါသည်။

၁၉၉၄ ခုနှစ်က ကယ်လီဖိုးနီးယားပြည်နယ်တွင် ငလျင်လှုပ်စဉ် လက်သင်္ကေတပြဘာသာစကား (Sign Language)နားမလည်မှုကြောင့် နားမကြားသော အမျိုးသားတစ်ဦးသည် အကာအကွယ်ရရှိရန်အလို့ငှာ အဆောက်အအုံအပြင်သို့ ထွက်ခွာခဲ့ရသည်။ မွေးရာပါဦးနှောက်ချို့ယွင်းမှုကြောင့် အကြောမသန်စွမ်းသူများ နေထိုင်ရာအဆောက်အအုံများရှိ မသန်စွမ်းသူများကို စေတနာ့ဝန်ထမ်းသမားများက မူးယစ်ဆေးဝါးသုံးစွဲသူများဟု မှတ်ယူခဲ့သဖြင့် လျစ်လျူရှုခြင်းခံရသည့် အဖြစ်မျိုးလည်း တွေ့ကြုံရသည်။ ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပွားခဲ့သော ဆူနာမီရေဘေးတွင် မသန်စွမ်းသူများစွာတို့မှာ ရေလှိုင်းများမှ မလွတ်မြောက်နိုင်ဘဲ ရေနစ်ခဲ့ရသည်။ သီရိလင်္ကာနိုင်ငံ ဂါလီရှိဘိုဒီ မသန်စွမ်းဂေဟာတွင် နေထိုင်သူ ၁၀၂ ဦးအနက် ၄၁ ဦးသာ အသက်ရှင်ပြီး ကျန် ၆၁ ဦးမှာ ဂေဟာမှ စွန့်ခွာရန်မတတ်နိုင်ခြင်း၊ စွန့်ခွာရန်အချိန်မီသတင်းမရရှိခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ကြရသည်။

စင်စစ် မသန်စွမ်းသူများသည် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာ မကျရောက်မီကပင် ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်သူများဖြစ်သည်။ ၎င်းတို့အဖို့ လူ့အသိုက်အဝန်းအတွင်း သွားလာမှု၊ သတင်းအချက်အလက်များရရှိနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုများ ရရှိနိုင်မှုတို့တွင် သာမန်လူများနည်းတူ ရရှိရန်ခက်ခဲလှသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် မိမိဘဝမိမိရပ်တည်ရန် အခွင့်အလမ်းနည်းပါးကြသည်။ မိမိ၏အားနည်းချက်ကို တစ်ပါးသူသိမည်ကို စိုးရွံ့ခြင်း၊ အမြင်စောင်းခံရခြင်း၊ လုံလောက်သော အကူအညီပေးသည့် စနစ်များမရှိခြင်းတို့ကြောင့် ရပ်ရွာလုပ်ငန်းများတွင် တက်ကြွစွာပါဝင်သူများ ဖြစ်ရမည့်အစား အချို့မှာအိမ်တွင်းပုန်းဘဝဖြင့် အရိုးထုတ်ကြရသည်။

အထူးသဖြင့် သဘာဝဘေးလွန်ကာလတွင် စိန်ခေါ်မှုအသစ်များကို ပိုမိုကြုံတွေ့ကြရသည်။ အိုးအိမ်ဆုံးရှုံးမှုအပြင် လှုပ်ရှားသွားလာရေး အထောက်အကူပြုပစ္စည်းများ ပျောက်ဆုံးခြင်း၊ ခြေတုများပျက်စီးဆုံးရှုံးခြင်းစသည်တို့က မသန်စွမ်းတို့၏ဘဝကို ပိုမိုဆိုးရွားစေသည်။ သဘာဝဘေးဒဏ်တို့က ပတ်ဝန်းကျင်လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို ပျက်စီးစေခဲ့ရာ သွားလာရေးများ ပိုမိုခက်ခဲလာပြီး တစ်ဦးနှင့်တစ်ဦး ကူညီထောက်ပံ့ရေးကွန်ရက်ကို ပျက်စီးစေသည်။ တစ်ပါးသူအပေါ် မှီခိုအားထားရမှု ပိုလာသည်။ ၎င်းတို့ မှီခိုအားထားနေရသူများမှာလည်း အိုးအိမ်၊ စည်းစိမ်နှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဆုံးရှုံးရရုံသာမက အချို့မှာ အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရမှုများ ကြုံတွေ့နေရသည်ဖြစ်ရာ "ကိုယ်မချိအမိသော်လည်း သားတော်ခဲ" ဖြစ်ရသည်မှာ ဓမ္မတာပင်။

လူတစ်ဦးချင်းစီ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်နှင့် ၎င်းရှိနေသည့်ဝန်းကျင်၏ သင့်တော်လျော်ညီစွာ ရပ်တည်နိုင်မှုအတွက် လိုအပ်ချက်များအကြား ကွာဟမှုဖြစ်ပေါ်လာလျှင် မသန်စွမ်းမှုမှာ အလိုအလျောက် ဖြစ်ပေါ်လာရစမြဲဖြစ်သည်။ ဥပမာအားဖြင့် အင်္ဂလိပ်ဘာသာစကားအသုံးပြုသော အစည်းအဝေးတစ်ခုတွင် အင်္ဂလိပ်ဘာသာ စကားမတတ်သူတစ်ဦးအဖို့ ပါဝင်ဆွေးနွေးငြင်းခုံရန်မဆိုထားဘိ၊ အခြားသူများ ဘာပြောနေသလဲဆိုသည်ကိုပင် ဘာသာပြန်အကူအညီမပါဘဲ မသိရှိနိုင်ပေ။ ထို့အတူ မသန်စွမ်းသူများသည်လည်း မသန်စွမ်းမဟုတ်သူများကဲ့သို့ လှုပ်ရှားသွားလာ၊ ပြောဆိုဆက်ဆံမှုများ မပြုနိုင်သည့်အခြေအနေမျိုးတွင် လူ့အသိုက်အဝန်းက ဝိုင်းဝန်းကူညီမှုပြုမပေးလျှင် ၎င်းတို့၏ မသန်စွမ်းမှုသည် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သကဲ့သို့ ၎င်းတို့နှင့် လူ့အသိုက်အဝန်းသည် ဝေးမြဲဝေးလျက်ပင် ရှိနေပါလိမ့်မည်။

ဆက်လက်ဖော်ပြပါမည်

ပြည်တွင်းသတင်း

လက်ကျန်နိုင်ငံရေး အကျဉ်းသားများနှင့်စပ်လျဉ်း၍ (၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

ကျန်ရှိနေသေးသော လက်ကျန်နိုင်ငံရေး အကျဉ်းသားများနှင့်စပ်လျဉ်းပြီး (၇)ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာငြိမ်းချမ်းရေးစင်တာ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် လက်ရှိ ကျန်ရှိနေသေးသောစာရင်းများအရ နိုင်ငံရေးအကျဉ်းသား ဟုတ် မဟုတ်၊ နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး အမှန်တကယ်အကျဉ်းကျသူ ဟုတ် မဟုတ် အသေးစိတ်စိစစ်ရန်အတွက် အဓိက ထားဆွေးနွေးခဲ့ကြကြောင်း၊ လက်ရှိနိုင်ငံတော်အစိုးရ မတိုင်မီကာလက နိုင်ငံရေးနှင့် ဆက်နွှယ်ပြီး အကျဉ်းကျခံနေရသော ကျန်ရှိနေသည့် အကျဉ်းသားများ လွတ်မြောက်ရန်အတွက် ပထမဦးစားပေးဆွေးနွေးခဲ့ကြကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ ကော်မတီဝင် ဦးရဲအောင်ထံမှ သိရသည်။

ယနေ့ပြုလုပ်သော အစည်းအဝေးတွင် နိုင်ငံရေးအကျဉ်းသားများကို စိစစ်၍ အချက်အလက်များရှာဖွေခြင်း၊ စုဆောင်းခြင်းများ ပြုလုပ်ပြီးပါက အဖွဲ့ကိုယ်စားလှယ် (သို့မဟုတ်) အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဒီဇင်ဘာလမတိုင်ခင် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများအားလုံးကို စိစစ်တင်ပြကာ လွှတ်ပေးနိုင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အတတ်နိုင်ဆုံး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားမည်ဖြစ်ကာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ယခုနှစ် ဒီဇင်ဘာလ နောက်ဆုံးထားပြီး အမှန်တကယ် ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ခွင့်ရရန် ဆက်လက် ဆောင်ရွက်သွားမည်ဟု အစည်းအဝေး တက်ရောက်သူများထံမှ သိရသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ ကော်မတီဝင် ဦးရဲအောင်အား မီဒီယာများ တွေ့ဆုံမေးမြန်းစဉ်။

"ကျွန်တော်တို့ ကော်မတီရဲ့ တာဝန်ကိုက နိုင်ငံရေးအကျဉ်းသားများအတွက်သာ ဖြစ်တဲ့အတွက် လက်ရှိ အမှုရင်ဆိုင်နေရသူတွေအတွက် ထည့်သွင်း ပြောဆိုခြင်းမရှိခဲ့ပါဘူး" ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့မှ တက်ရောက်သူတစ်ဦးက ပြောကြားသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသား တစ်ရာဝန်းကျင်အား ပြန်လည်လွတ်မြောက်အောင် ဆောင်ရွက်ရာတွင် အချိန်ကြာမြင့်နေရခြင်းမှာ အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများအား တစ်ဦးချင်းစီအလိုက် ပုဒ်မများကို အဓိကထားစိစစ်ခြင်းမဟုတ်ဘဲ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရင်း နိုင်ငံရေးပုဒ်မနှင့် မသက်ဆိုင်ဘဲအကျဉ်းကျခံနေရသည့်သူများအတွက်ပါ အသေးစိတ် စိစစ်နေရသဖြင့် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း ဦးရဲအောင်က ပြောကြားသည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လူ့အခွင့်အရေးကော်မရှင်မှ ဦးစစ်မြိုင်၊ မြန်မာငြိမ်းချမ်းရေးစင်တာမှ ဦးလှမောင်ရွှေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဉာဏ်ဝင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့၊ ဦးသူရ (ဇာဂနာ)၊ ဦးကိုကိုကြီး၊ ဦးကောင်းမြတ်ထွဋ်၊ AAPP, SNLD, NDF တို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ညနေ ၄ နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

တရားဝင် အတည်မပြုရသေးသော်လည်း လက်ရှိကောက်ခံထားသော စာရင်းများအရ မကြာသေးမီက အကျဉ်းကျခံထားရသူ အမျိုးသားနှစ်ဦးကိုပါ ထပ်မံထည့်သွင်းကာ လက်ကျန်နိုင်ငံရေး အကျဉ်းသားအဖြစ် ယာယီသတ်မှတ်ထားသူ စုစုပေါင်း ၁၃၅ ဦးရှိသော်လည်း ၂၁ ဦးမှာ နိုင်ငံရေး အကျဉ်းသားအဖြစ် သတ်မှတ်ရန် အချက်အလက်အချို့ လိုအပ်နေသေးသဖြင့် စိစစ်နေကြောင်း သိရသည်။

(ရဲခေါင်ညွန့်၊မြတ်သန္တာမောင်)

ရန်ကုန်၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုး ခရီးစဉ်ပျံသန်းပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာ့လေကြောင်းနှင့် ဒိန်းမတ်နိုင်ငံ World Ticket ကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန်၊ ညောင်ဦး၊ မန္တလေး၊ ဟဲဟိုးခရီးစဉ်ကို အောက်တိုဘာ ၁၄ ရက်မှစတင်၍ နေ့စဉ် ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ အထူးလျှော့ဈေးနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

အထူးဈေးနှုန်းမှာ နိုင်ငံသားများအတွက် ရန်ကုန်-မန္တလေး ငွေကျပ် ၃၅၀၀၀၊ ရန်ကုန်-ဟဲဟိုး ၃၃၀၀၀၊ ရန်ကုန်-ညောင်ဦး ၃၃၀၀၀ ကျပ်၊ မန္တလေး-ဟဲဟိုး ၁၉၀၀၀ ကျပ်၊ ညောင်ဦး-မန္တလေး ၁၉၀၀၀ ကျပ်၊ ညောင်ဦး-ဟဲဟိုး ၂၅၀၀၀ ကျပ်တို့ ဖြစ်သည်။

နိုင်ငံခြားသားများအတွက် ရန်ကုန်-မန္တလေး အမေရိကန်ဒေါ်လာ ၅၉ဒေါ်လာ၊ ရန်ကုန်-ဟဲဟိုး ၅၅ ဒေါ်လာ၊ ရန်ကုန်-ညောင်ဦး ၅၅ ဒေါ်လာ၊ မန္တလေး-ဟဲဟိုး ၂၉ ဒေါ်လာ၊ ညောင်ဦး-မန္တလေး ၂၉ ဒေါ်လာ၊ ညောင်ဦး-ဟဲဟိုး ၃၉ ဒေါ်လာတို့ ဖြစ်ကြသည်။

လက်မှတ်များကို ရန်ကုန်မြို့ ဖုန်း- ၀၁-၃၇၁၁၃၁၊ ၀၉-၄၃၀၃၉၁၆၂၊ ၀၁-၂၅၂၀၀၇၊ ၀၁-၂၂၉၂၄၅၊ ၀၉-၄၅၀၀၅၀၈၉၈၊ ၀၁-၃၉၃၀၈၈၊ ၀၁-၃၉၈၄၀၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး အွန်လိုင်းမှ ဝယ်ယူလိုသူများအတွက် www.myanmaairways.aero သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ဆုတံဆိပ်၊ ကျပ်သိန်း ၂၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ကလပ်အသင်းပိုင်ရှင်များ၊ တာဝန်ရှိသူများက ချီးမြှင့်ခဲ့သည်။

ယနေ့ပွဲ

နိုင်ငံတကာခြေစမ်းပွဲ (သုဝဏ္ဏကွင်း ညနေ ၅ နာရီ)

နေပြည်တော် - ဗီယက်နမ် ယူ-၂၃

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၄-၁၀-၂၀၁၃ ရက်မှ ၁၆-၁၀-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို၁၆-၁၀-၂၀၁၃ ရက်နေ့ ၁၃း၀၀မှ ၁၄း၀၀ နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည် အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း- ၀၆၇-၃၆၁၃၆တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

ဘိန်းဖြူ ဖမ်းဆီးရမိ

လားရှိုး အောက်တိုဘာ ၁၂

အမှတ် ၂၄ မူးယစ်တပ်ဖွဲ့စု နောင်ချိုလှုပ်ရှားမှု ရဲအုပ်ဇော်လင်းကျော်ဦးစီးအဖွဲ့သည် အောက်တိုဘာ ၁၂ ရက်နေ့လယ်ပိုင်းက နောင်ချိုမြို့ အဝင်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်နေစဉ် လားရှိုးမှ မန္တလေးသို့ ယာဉ်မောင်း စိုင်းအောင်လှိုင်ဝင်း မောင်းနှင်သည့် အားသစ်ခရီးသည်တင် မှန်လုံယာဉ်ကိုရှာဖွေရာ ခုံအမှတ် (၁၁)တွင် လိုက်ပါလာသူ ခရီးသည်တင်သန်း သယ်ဆောင်လာသည့် ခြင်းတောင်းကို ယာဉ်ဝမ်းဗိုက်အတွင်း တွေ့ရှိသဖြင့် ရှာဖွေရာ အဝတ်အစားများနှင့် ရောနှောသိုဝှက်ထားသည့် ရောင်စုံဆပ်ပြာခွက်တစ်ခွက်လျှင် ဘိန်းဖြူမှုန့် အလေးချိန် ၁၃ ဂရမ်ခန့်စီပါ လေးခွက်၊ အလေးချိန် ၅၂ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ဘိန်းဖြူသယ်ဆောင်သူ တင်သန်း ကွဲကောလေးရွာ အင်းတော်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူအား နောင်ချိုမြို့ ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ဇော်လွင်(လားရှိုး)**

သားငါးကဏ္ဍဖွံ့ဖြိုးရေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ တိုးချဲ့မွေးမြူရေး၊ သုတေသနပြုရေး၊ နည်းပညာအသုံးပြုရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်အေးသည် အောက်တိုဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ငါးကဏ္ဍဆိုင်ရာ ပညာရှင်များ၊ အသားကဏ္ဍဆိုင်ရာ ပညာရှင်၊ အသားနှင့်ငါးကဏ္ဍဆိုင်ရာ အလုပ်အဖွဲ့များ (Working Group) နှင့်တွေ့ဆုံ၍ အသားနှင့် ငါးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အသားကဏ္ဍဆိုင်ရာ အလုပ်အဖွဲ့များ ဖြစ်သည့် အသားစားနွား၊ ခိုင်းနွား၊ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်း ပုဂ္ဂလိက အလုပ်အဖွဲ့၊ ဝက်မွေးမြူရေးလုပ်ငန်း ပုဂ္ဂလိက အလုပ်အဖွဲ့၊ ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးလုပ်ငန်းပုဂ္ဂလိက အလုပ်အဖွဲ့၊ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ပုဂ္ဂလိက အလုပ်အဖွဲ့၊ တိရစ္ဆာန်အစာနှင့် ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း ပုဂ္ဂလိကအလုပ်အဖွဲ့၊ ပျားမွေးမြူရေး ပုဂ္ဂလိကအလုပ်အဖွဲ့၊ ငါးကဏ္ဍဆိုင်ရာ အလုပ်အဖွဲ့များဖြစ်သည့် ဘဏ္ဍာရေး ဆိုင်ရာအလုပ်အဖွဲ့၊ မွေးမြူရေးဆိုင်ရာ အလုပ်အဖွဲ့၊ ငါး ပုစွန်အစာ ထုတ်လုပ်ရေးဆိုင်ရာ အလုပ်အဖွဲ့၊ ငါးဖမ်းလုပ်ငန်းဆိုင်ရာ အလုပ်အဖွဲ့၊ ငါးပုစွန် ပြုပြင်ထုတ်လုပ်ရေးဆိုင်ရာ အလုပ်အဖွဲ့၊ ဈေးကွက်ဆိုင်ရာ အလုပ်အဖွဲ့၊ သုတေသန၊ ဖွံ့ဖြိုးရေးနှင့် ရေထွက် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအလုပ်အဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်နှင့် အတွင်းရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး/ခရိုင်ဦးစီးဌာနမှူးများတက်ရောက်ပြီး ငါးမွေးမြူခြင်းတွင် ကန်ကျပ်မွေးမြူခြင်း၏ အကျိုးအပြစ်များ၊ ငါး Polyculture မွေးမြူရေးကိစ္စရပ်များ၊ ပုစွန်တိုးချဲ့မွေးမြူပြီး ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ မြန်မာ့ပိုင်နက်ရေပြင်အတွင်း ငါးတည်ရှိမှု သုတေသနပြုတိုင်းတာရေး၊ မွေးမြူရေး ဥပဒေထွက်ပေါ်လာရေး၊ အသားစားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျမှတ်ပုံတင်ထားရှိပြီး ဒေသတွင်း လွတ်လပ်စွာ သယ်ယူပို့ဆောင်ခွင့်ရှိရေး၊ တိရစ္ဆာန် ပြည်ပမှ တင်သွင်းမှုများအား နိုင်ငံတကာ စံချိန်စံညွှန်း လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရေး၊ မွေးမြူရေးနှင့် ပတ်သက်သော ပညာပေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး၊ နို့စားနွား မွေးမြူရေးနှင့် တိရစ္ဆာန်အစာ နည်းပညာအသုံးပြုရေးတို့နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး ပညာရှင်များနှင့် အလုပ်အဖွဲ့များ၏ အကြံပြုချက်များအပေါ် ချက်ချင်းလက်ငင်းဆောင်ရွက်ရမည့်ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ရေရှည်တွင် ဆက်လက်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်သို့ရောက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ နို့စားနွားမွေးမြူသူများ၊ သားငါးထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အစာစပ်စက်ရုံလုပ်ငန်းရှင်များ၊ တွံတေးမြို့နယ် ကရင်ချောင်း၊ ကပင်ကြီး၊ ချောင်းစု၊ အလယ်ချောင်း၊ ရွှေမယင်းဒေသ၊ တံခွန်တိုင်၊ ကုန်းဝက်ချောင်း ကျေးရွာများမှ ငါးမွေးမြူသူများနှင့် တွံတေးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမ၌ တွေ့ဆုံ၍ **(ဝဲပုံ)** တိရစ္ဆာန်အစာ ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်သုံးစွဲရေး၊ တီလားပီးယားငါး (Monosex)က မျိုးထုတ်လုပ်ရေး၊ ငါးမွေးမြူရေး (ငါးကန်)အခွန်များ ပေးသွင်းရေး၊ လိုအပ်သည့် ငွေကြေးနှင့် နည်းပညာ အကူအညီရရှိရေး၊ ငါးမွေးမြူရေးတွင် အာမခံစနစ်ထားရှိရေး၊ သုတေသနနှင့် ဓာတ်ခွဲခန်း တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် တွံတေးမြို့နယ် ပေါက်တောရွာသို့ရောက်ရှိပြီး ကျေးရွာမီးလင်းရေးကော်မတီများနှင့် တွေ့ဆုံပြီး ပေါက်တောရွာ၊ ကျိုက်သလဲရွာ လျှပ်စစ်မီးရရှိရေးတို့ကို ကွင်းဆင်းဆောင်ရွက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ခေတ်မီအဆင့်မြင့်ပစ္စည်းများ သိရှိစေမည့်အခွင့်အလမ်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ

သတင်း - ဝေယံဦး၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၁၂

ထုတ်ကုန်ပစ္စည်းအသစ်များ၊ ဝန်ဆောင်ပေးမှုများကို သိရှိစေရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ၂၀၁၃ ကို အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။ **(အောက်ပုံ)**

ပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းမြင်သာမှုရှိလာသော မြန်မာနိုင်ငံဈေးကွက်အတွင်း နိုင်ငံတကာမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးခေတ်မီပစ္စည်းများ၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့ကထုတ်လုပ်သော အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ပြည်တွင်းထုတ်ပရိဘောဂများ၊ အာမခံဝန်ဆောင်မှုလုပ်ငန်းများကို ပြခန်းပေါင်း ၁၂၀ ဖြင့် ကုမ္ပဏီပေါင်း ၆၅ ခုတို့မှ ခင်းကျင်းပြသနေခြင်းဖြစ်သည်။

Dagon Exhibition Limited ကစုစည်းကျင်းပသည့်ပွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ယခုကုန်စည်ပြပွဲတွင် ပို၍ထူးခြားသည်မှာ ပန်းချီရွှေမြင့်နှင့် ကျော်ကျော်ဝင်း (ပန်းပု)တို့၏ လူပုံတူတိုက်ရိုက်လက်တွေ့ရေးဆွဲခြင်းအပြင် ပန်းပုလက်တွေ့ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထူးခြားသော ဖျော်ဖြေမှုများလည်း ကြည့်ရှုခံစားနိုင်သည့်အပြင် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ထိတွေ့သိရှိနိုင်သည့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။



ပြည်တွင်းသတင်း

နိုင်ငံတကာပြပွဲကြီးများ ပြုလုပ်နိုင်ရန် ရန်ကုန်၌ နေရာအခက်အခဲရှိ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် နိုင်ငံတကာပြပွဲကြီးများ ပြုလုပ်ရန်အတွက် နေရာအခက်အခဲရှိကြောင်း၊ နိုင်ငံတကာပြပွဲခန်းမကြီးများ တည်ဆောက်ရန်လည်း နေရာအခက်အခဲရှိကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံတကာမှ ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုများရရှိရန် ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများကို ရန်ကုန်တွင် လက်ခံကျင်းပနိုင်မှ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးအခွင့်အလမ်းရရှိမည် ဖြစ်သည်။

"နိုင်ငံတကာအဆင့်မီ ပြပွဲနေရာဖြစ်တဲ့(Exhibition Hall)ရန်ကုန်မှာဆောက်ဖို့ နေရာအခက်အခဲရှိနေတယ်။ တိုင်းဒေသကြီးအစိုးရနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့တွေကိုလည်း တင်ပြထားပါတယ်။ နေပြည်တော်မှာတော့ နေရာအဆင်ပြေပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ Myanmar International Convention Center ကဲ့သို့ နိုင်ငံတကာပြပွဲကြီးများ ခင်းကျင်းပြသနိုင်သည့်နေရာမျိုး ရန်ကုန်တွင်လည်း တည်ရှိရန်လိုအပ်နေပြီ ဖြစ်သည်။

"ဒီလိုပြပွဲကြီးတွေ ပြုလုပ်နိုင်တဲ့နေရာသာရှိရင် ပြည်တွင်းကို နိုင်ငံခြားသားပြပွဲလေ့လာသူတွေ ရှိနိုင်သလို၊ တစ်ဖက်ကလည်း နိုင်ငံခြားသားတွေ လာရောက်လေ့လာနိုင်တဲ့ ပြပွဲခင်းကျင်းတဲ့ နေရာအဖြစ် အစပျိုးတယ်လို့ နားလည်ပါတယ်။ နိုင်ငံခြားသားတွေ လာရောက်လေ့လာတဲ့အတွက် ကျွန်တော်တို့အတွက် ဘက်စုံ အထောက်အကူပြုနိုင်မှာပါ" ဟု နည်းပညာနှင့် စီမံခန့်ခွဲမှုဂျာနယ်တစ်စောင်မှ အယ်ဒီတာချုပ်တစ်ဦးက ပြောသည်။

ကျင်းပ

ယင်းကဲ့သို့ နိုင်ငံတကာကုန်စည်ပြပွဲများဖြစ်သည့် ပေကျင်း ၂၀၁၃ စသည့်ပြပွဲကြီးများအား ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် သွားရောက်ကြည့်ရှုခဲ့ရကြောင်းနှင့် ထိုပြပွဲကြီးများမှာ ပြည်တွင်းလုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့်အလမ်းများ ရရှိနိုင်ကြောင်းကိုလည်း အဆိုပါတာဝန်ရှိသူက ရှင်းပြသည်။

ထပ်မံပြသ

ယခုကာလအတွင်း ရန်ကုန်မြို့တွင် ပြသခဲ့သော နိုင်ငံတကာပြပွဲများမှာ ဆောက်လုပ်ရေးနှင့် ဗိသုကာနည်းပညာ(မြန်မာ)၂၀၁၃ပြပွဲ၊ ဆေးရုံသုံးပစ္စည်းနှင့် ဆေးဘက်ဆိုင်ရာပြပွဲ (မြန်မာ) ၂၀၁၃၊ ဂျပန်ပစ္စည်းသီးသန့်ကုန်စည်ပြပွဲ ၂၀၁၃ **(အောက်ပုံ)** စသည်တို့ဖြစ်ပြီး ထပ်မံပြသရန် စီစဉ်ထားသော ပြပွဲများမှာ အဆောက်အအုံ၊ လျှပ်စစ်စွမ်းအင်နှင့် သတ္တုတူးဖော်ရေး(မြန်မာ) ၂၀၁၃ ပြပွဲကို မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ လည်းကောင်း၊ နိုင်ငံတကာရေနှင့် စွန့်ပစ်ရေဆိုးလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၃ နှင့် မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာ စက်မှုဆိုင်ရာကုန်ထုတ်လုပ်မှုနှင့် ကိုယ်စားလှယ်ရယူမှုပြပွဲ စသည့်ပြပွဲနှစ်ခုကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ကြည်(ရန်ကင်း)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၂၅၀၀-၆၄၂၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၂၀၀၀-၆၄၂၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၃၀၃-၁၃၂၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀-၃၁.၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၉၀ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၄၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၀၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၈၀၀-၂၁၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကြွဲ	တစ်အိတ်	၂၀၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၈၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၂
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၃၀-၈၆၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၆၀-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၃၀-၅၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀-၂၂၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၆၀၀-၃၂၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မင်္ဂလာဇေယျုံကျောင်းရေစက်သွန်းချ အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ မြတ်လေးလမ်းရှိ မင်္ဂလာမဟာသတိပဋ္ဌာန်ကျောင်း (ရခိုင်ကျောင်း) တိုက်နှင့် စိတ္တသုခကမ္မဋ္ဌာန်းကျောင်းပေါင်း ၄၇ဌာနတို့၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဘဒ္ဒန္တဉာဏစက္က မထေရ်မြတ်ကြီးသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စကားအင်းကျေးရွာ အောင်စည်ခုံဘုရားအနီးရှိ မင်္ဂလာဇေယျုံနှစ်ထပ်ကျောင်းတော်ကြီး၌ တပည့်ဒါယကာ ဒါယိကာမများ ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးအား သီတင်းကျွတ်လပြည့်နေ့ (၁၉-၁၀-၂၀၁၃ရက်) စနေနေ့ နံနက်၉နာရီတွင် ရေစက်သွန်းချ အလှူတော်မင်္ဂလာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ဖခင်အမည်မှန်

ရွာသာကြီး၊ စီးပွားရေးတက္ကသိုလ် (တတိယနှစ်) B.Com တွင် ပညာသင်ကြားနေသော မခင်မီမီကျော်၏ဖခင်အမည်မှန်မှာ ဦးမြဝင်း ဖြစ်ပါသည်။

ဦးမြဝင်း HGU-၁၃၁၇၆၃

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၀-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၀တွင်ပါရှိသော ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိတ်ဖွင့်တင်ဒါတွင် တင်ဒါတင်သွင်းရမည့်ရက် ၁၂-၁၀-၂၀၁၃ရက်အစား ၁၂-၁၁-၂၀၁၃ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော်များ အိမ့်ကြာဖြူ ကုမ္ပဏီလီမိတက်မှ သွင်းကုန်လိုင်စင် IL 7/13-14/0608(26-4-13) သွင်းကုန်ခွင့်ပြုမိန့် (လိုင်စင်) သက်တမ်းပြင်ဆင်ခြင်း စာအမှတ် ကဥ-၁၂/၂၉/၂၀၁၃(၅၆၀၂) ၁၄-၅-၂၀၁၃နှင့် သွင်းကုန်လိုင်စင် သက်တမ်းကာလတိုးမြှင့်ခြင်း(စာအမှတ်၊ ကသစ-ဦး) သက/၂၀၁၃-၂၀၁၄ (၁၃၄၂) ၃၁-၇-၂၀၁၃ များသည် အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၀၉-၅၀၅၃၄၃၃

ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးသန်းလှိုင် ၁၂/မရက(နိုင်)၁၂၆၈၂၃ (အစား) ဦးသိန်းလှိုင် ၁၂/မရက(နိုင်) ၁၂၆၈၂၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/စီ၊မြေကွက်အမှတ်၆၁/ဒ၊မြေကွက်တည်နေရာအမှတ်၁၀၊ ဘောဂလမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မောင်သောင်း၊ မခင်ညိန်း အမည်ပေါက်Bလ/န ၃၉ မြေအား အမည်ပေါက် မောင်သောင်း၊ မခင်ညိန်း ကွယ်လွန် ညီမ/အစ်မဖြစ်သူ ဒေါ်မြင့်မြင့်ဆွေ (အပျိုကြီးဘဝဖြင့် ကွယ်လွန်) မောင်/အစ်ကိုဖြစ်သူ ဦးအောင်မြင့် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် (၁) ဒေါ်တင်တင်ဝင်း ၁၂/အစန(နိုင်)၀၀၇၂၀၃၊ (၂) ဦးလှသောင်း ၁၂/အစန(နိုင်)၀၀၇၁၉၅၊ (၃)ဒေါ်စိုးစိုးထွေး ၁၂/အစန(နိုင်)၁၆၁၁၀၆တို့က သား၊သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(၄)မျက်နှာရှိ ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာတွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်၊ အမှတ်(၆၉၇)အစား အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ် ၁၄၁၊မြေကွက်တည်နေရာအမှတ်၁၄၁၊ ပါရမီလမ်း၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာပ ဒေါ်ခင်ကြည်၊ ဦးသရီးကိုကို အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ကြည်နှင့် ခင်ပွန်း ဦးကျင်သန်း ကွယ်လွန်သဖြင့် ဒေါက်တာဥမ္မာသန်း ၁၂/ ဥကတ(နိုင်) ၁၄၁၇၆၅၊ ဒေါ်နွယ်နွယ်ဦး၁၂/ဥကတ(နိုင်) ၁၃၈၂၄၆ တို့က သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မူလဧရိယာပေ(၄၀×၆၀)အနက်မှ ဒေါ်ခင်ကြည် ပိုင်ဆိုင်သော ဧရိယာ (၂၅ ပေ× ပေ၆၀)အား မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံ SYNNEX MYANMAR Co., Ltd. နှင့်
အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းလုံပေါင်း ၁၂/မဂတ(နိုင်)၀၅၉၉၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်-21 A၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် တည်ထောင်ဖွင့်လှစ်ထားသော SYNNEX MYANMAR Company Limited ၏ဒါရိုက်တာ ဦးမင်းဇော်ယု ပိုင်ဆိုင်သော ကုမ္ပဏီအစုရှယ်ယာများအားလုံးကို ဦးစိုင်းလုံပေါင်းမှ အပြီးအပြတ်တရားဝင်ဝယ်ယူခဲ့ပြီးဖြစ်သည့်အပြင် SYNNEX MYANMAR Company Limited ၏ မန်နေဂျင်းဒါရိုက်တာတာဝန်ကိုလည်း ဦးစိုင်းလုံပေါင်းမှ လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်မည်ဖြစ်၍ ဦးမင်းဇော်ယုသည် အဆိုပါကုမ္ပဏီမှ အပြီးအပြတ် နုတ်ထွက်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါကုမ္ပဏီများနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စအရပ်ရပ်နှင့်တကွ အကျိုးသက်ဆိုင်ခွင့်များအားလုံးသည် ဦးမင်းဇော်ယုနှင့် တစ်စုံတစ်ရာသက်ဆိုင်မှုမရှိတော့ဘဲ ဦးစိုင်းလုံပေါင်းထံသို့ အပြီးအပြတ် လွှဲပြောင်းရောက်ရှိခဲ့ပြီးဖြစ်၍ အဆိုပါကုမ္ပဏီများနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်တို့ကို ဦးစိုင်းလုံပေါင်းမှ စီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ)(စဥ်-၆၇၀၂)
အမှတ်၅၆၁၊ (M.A.C Tower)၊ အခန်း-၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမြန်ပြန်လာပါ

မားမား ဒေါ်စန်းစန်းမြင့် ၁၃/လရန(နိုင်)၀၉၅၁၂၄ အမြန်ပြန်လာပါ၊ သမီးလေး မားမားကို သတိရ စိတ်ပူနေသည်။ တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

သမီးလေးကေဇင်သွယ်
ဖုန်း-၀၉-၄၂၁၁၃၆၁၁၄

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရက်ပေါင်း ၅၈ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ဆီးဂိမ်းကျင်းပမည့် အားကစားကွင်းနှင့် အားကစားရုံများ အာရှအဆင့်မီ ခံ့ညားထည်ဝါစွာ ဆောက်လုပ်ထား

နေပြည်တော် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆီးဂိမ်းအတွက် သစ်လွင်လှပသော အာရှအဆင့်မီပြိုင်ပွဲရုံနှင့် အားကစားကွင်းများအထိ အကောင်းဆုံးပြင်ဆင်ထားကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံက ကျွန်းဆွယ်ခေတ် အိမ်ရှင်တုန်းက အောင်ဆန်းအားကစားကွင်းကြီးကိုသာ အဓိကအားထား ကျင်းပခဲ့ပါတယ်။ ဒီတစ်ခါ အိမ်ရှင်အဖြစ် ကျင်းပမှာတော့ တကယ့်ကို ကောင်းမွန်လှပတဲ့ အားကစားရုံကြီးတွေ၊ အားကစား ကွင်းကြီးတွေ ဖြစ်ပြီး အာရှအဆင့်မီ ကွင်းကြီးတွေ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးကျော်မိုးဝင်းက ရှင်းပြသည်။

နေပြည်တော်တွင် အဓိက အားကစားပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိအားကစားကွင်းများ၌ ကျင်းပသွားမည်ဖြစ်သည်။ ယင်း ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိအားကစားရုံနှင့် အားကစားကွင်းကြီးများကို အလွန်လှပခံ့ညားစွာ တည်ဆောက်ထားသည်ကို တွေ့ရသည်။

တည်ဆောက်

အဆိုပါ အားကစားရုံကြီးများတွင် မိုးလုံလေလုံ အားကစားရုံကြီးများ ပရိသတ် ၃၀၀၀၀ ဆံ့ ဘောလုံးကွင်းနှင့် ရေကူးနှင့် ဒိုင်ဗင်ပြိုင်ပွဲများ ကျင်းပနိုင်သည့် ရေကူးအားကစားရုံကြီးများ ပါဝင်ဖွဲ့စည်း ထားသည်။ တစ်ခုစီပါရှိသည်။ အလားတူ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင် ပြိုင်ပွဲများအတွက်လည်း အဆင့်မြင့် ပြုပြင်ထားသည်။ အားကစားသမားများနှင့် တာဝန်ရှိသူများ၊ နည်းပြများ တည်းခိုနားနေနိုင်သည့် အားကစားရွာကိုလည်း နေပြည်တော်တွင် စနစ်တကျတည်ဆောက်ထားသည်။

နိုင်ငံအလိုက် တည်းခိုနိုင်မည့် အဆောက်အအုံများ၊ လေ့ကျင့်ခန်းပြုလုပ်နိုင်မည့် အားကစားနေရာများ အစစအရာရာ လိုလေသေးမရှိအောင် အားကစားရွာ၌ ထည့်သွင်းတည်ဆောက်ထားသည်။ မကြာမီ အဆိုပါ အားကစားရွာနှင့် အားကစားရုံများကို ဖွင့်လှစ်ပေးတော့မည် ဖြစ်ကြောင်း သိရသည်။

မောင်ရွှေရိုး

ဇေယျာသီရိမြို့နယ်ရှိ မိုးလုံလေလုံ အားကစားရုံကို တွေ့ရစဉ်။

မူဆယ်တွင် အဝေးပြေးကုန်စည်ပို့ဆောင်ရေး အခက်အခဲများ စုပေါင်းဆွေးနွေး

မူဆယ် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုင်းယု (၁၀၅) မိုင်ရှိ ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ရုံး၌ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက အဝေးပြေးအသင်း ကုန်ဂိတ်လုပ်ငန်းရှင်များ၊ အေးဂျင့်များ၊ ယာဉ်မောင်း ယာဉ်နောက်လိုက်များ၊ ယာဉ်ပိုင်ရှင်များနှင့်တွေ့ဆုံ၍ အစည်းအဝေး တစ်ရပ် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်ကုန်မြို့၌ ကျင်းပခဲ့သော အဝေးပြေး ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အစည်းအဝေးမှ အတွေ့အကြုံကို ရှင်းလင်းရာ ဒုတိယ ဥက္ကဋ္ဌ (၁) ဒေါ်ရန်ကြူဟွမ်နှင့် အထွေထွေအတွင်းရေးမှူး ဦးနှင်းလှိုင်တို့က အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းကြသည်။

လုပ်ငန်းရှင်များအနေဖြင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နယ်စပ်ဂိတ် လေးဂိတ်ရှိရာ မူဆယ် (၁၀၅)မိုင်ဂိတ်တွင်သာ Mobile Team တစ်ခုတည်း ဆောင်ရွက်နေခြင်းကြောင့် ရာနှုန်းပြည့်ရနိုင်မည် မဟုတ်ကြောင်း၊ (၁၀၅)မိုင် နယ်စပ်စစ်ဆေးရေးဂိတ်ကို အစစ်ဆေးခံ ဖြတ်ကျော်ခဲ့သော ယာဉ်များ ရိုးသားစွာ မှားယွင်းခြင်းအပေါ် သုံးသပ်ပြီးမှ ပြစ်ဒဏ်ချမှတ်စေလိုကြောင်း၊ Mobile Team အနေဖြင့် မျှမျှတတ ဖြစ်စေလိုကြောင်း၊ ဖမ်းဆီးအရေးယူရာတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များထက် အဓိကတာဝန်ရှိသော ကုန်သည်၊ ကုန်ဂိတ်တို့ပါ အရေးယူရမည်ဖြစ်ကြောင်း၊ ယာဉ်မောင်း၊ ယာဉ်လိုက်များအပေါ် အဖြစ်မှန်ကိုသုံးသပ်ပြီးမှ အပြစ်ပေးမှု ပြုလုပ်သင့်သည်ဟု ဆွေးနွေးခဲ့ကြောင်း ပြန်လည်ရှင်းလင်းသည်။

"ကားတစ်စီးကို ကားတာယာပွိုင့်ကြည့်ရုံနဲ့ ဝန်တန်ချိန်ခန့်မှန်းနိုင်ပါတယ်၊ နွားကားလား၊ ကုန်ကားလား ခွဲခြားနိုင်ပါတယ်။ ကျွန်တော်တို့မှာ ခေါက်ကြေးသာစားရတဲ့ လူများဖြစ်လို့ မှန်မှန်ကန်ကန်နဲ့ တရားမျှတစွာ ဆောင်ရွက်ပေးစေလိုပါတယ်" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

ဆွေးနွေး

"တိတိကျကျ လုပ်မယ်ဆိုရင် ပစ္စည်းကိုစစ်ပြီးမှ ဂျူတီဆောင်ပြီးမှ ကားထွက်ရင်ကောင်းတယ်။ အခုဟာက ကားထွက်ပြီး တစ်မိုင်တောင် မဝေးတဲ့နေရာမှာ Mobile Team ထိုင်ထားတော့ ပြစ်ချက်တစ်စုံတစ်ရာ တွေ့ရင် ပထမစစ်ဆေးခဲ့တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေပါ တာဝန်ရှိပါတယ်" ဟု အေးဂျင့်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

သိန်းဇော် (ရွှေလီဦး)

[illegible advertisement]

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၃၄/က၊ ဧရိယာ ၁၂၀၀ စ/ပေ၊ နှစ် ၆၀ဂရန်မြေနှင့် ၎င်းပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၄ လမ်း၊ အမှတ် ၁၃၄/A ဟုခေါ်တွင်သည့် တိုက်အပါအဝင် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီလွင် ၁၂/မရက(နိုင်)၁၁၀၅၀၈က အထက်ဖော်ပြပါမြေနှင့် တိုက်အပါအဝင် အကျိုးခံစားခွင့်များကို ဦးကျော်ထွဋ်အောင် ၁၂/သဃက(နိုင်)၀၇၁၂၇၃၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၀၇၈/၂၀၁၀) ရရှိထားသူ ဇနီးဒေါ်ခင်ဆွေဝင်း ၁၂/သဃက(နိုင်)၀၁၅၄၂၄ထံမှ ၉-၈-၂၀၁၃ရက်စွဲပါ အပြီးအပိုင် အရောင်းအဝယ်အတွက် စရန်ပေးကတိစာချုပ် ၂၀-၉-၂၀၁၃ရက်စွဲပါ စရန်ပေးကတိစာချုပ်နှင့် ၂-၁၀-၂၀၁၃ ရက်စွဲပါ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်တို့အရဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ရောင်းချသူ ဒေါ်ခင်ဆွေဝင်းမှ အဆိုပါရောင်းချသော မြေနှင့်တိုက်တို့နှင့်ပတ်သက်၍ ကျန်ရှိသောကိစ္စအဝဝကို ၂၈-၁၀-၂၀၁၃ရက်အတွင်း ဆောင်ရွက်ပေးသွားရန် တာဝန်ယူကတိပြုထားပါကြောင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီလွင်၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ရီရီလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့်	ဒေါ်ရီ	ဒေါ်ဝင်းဝင်းထက်
B.A(Law),LL.B (စဉ်-၁၅၇၆)	LL.B (စဉ်-၃၈၈၁)	LL.B, LL.M (စဉ်-၃၁၈၄၆)
တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေ

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၆၄၅၄၅၊ ၀၉-၅၀၈၃၅၀၅၊ ၀၉-၄၂၀၀၁၁၅၇၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ် ၁၉၊ အုပ်စုအမှတ် ၂၆၊ ဦးပိုင်အမှတ် ၂၂၊ မြေပိုင်မြေအမျိုးအစား၊ ဧရိယာ ၄ဒသမ၆၈ဧကအတွင်း၌ မြို့တော်စည်ပင်သာယာဌာနမှ ရဲမှူးမောင်မောင်စိုး၊ ရဲမှူးဝင်းမြင့်၊ ဦးအောင်ကျော်တို့သုံးဦးအား အထူးဂရန်ချထားပေးသည့် ဂရန်သုံးကွက်နှင့်အတူ အခြားကျူးကျော်အိမ်များစွာရှိနေပြီး အဆိုပါမြေကွက်အတွင်း၌ ထိုဂရန်မြေသုံးကွက်အပြင် အခြားကျူးကျော်အိမ်များနှင့်အတူ အခြားမြေလွတ်များစွာရှိနေပြီး မည်သည့်အနှောင့်အယှက်မှမရှိသည့်မြေကွက်အလွတ် တစ်ဧကကျော်ခန့် ကျန်ရှိနေပါသည်။ အဆိုပါမြေကွက်ပိုင်ရှင်သည် ၂၀၀၃ခုနှစ်မှစ၍ မူလအမည်ပေါက်ပိုင်ရှင်ထံမှ စဉ်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မည်သူနှင့်မျှမသက်ဆိုင်သည့် ကျန်မြေလွတ်ကွက်လပ်များအား ရောင်းချရန်ဆန္ဒရှိသဖြင့် အဆိုပါမြေကွက်နှင့် မြေပိုင်မြေအလွတ်အား မည်သူတစ်ဦးတစ်ယောက်မှ ကန့်ကွက်မှုမရှိခဲ့လျှင် ကျွန်ုပ်မှဝယ်ယူရန် ဆန္ဒရှိသောကြောင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အကျိုးဆောင်ထံသို့ဖြစ်စေ အထောက်အထားများတင်ပြ ကန့်ကွက်နိုင်ပါသည်။ အဆိုပါကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်သိန်း	ဒေါ်ဇာဇာဝင်း (စဉ်-၄၁၂၃၄)	ဒေါ်ဇင်ဝေမိုး (စဉ်-၃၉၀၀၄)
ဖုန်း-၀၉-၄၃၁၈၆၀၂၅၊	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
၀၉-၄၂၀၁၇၄၄၁၂	ဖုန်း-၀၉-၄၂၅၀၁၈၂၇၆	ဖုန်း-၀၉-၇၃၁၆၁၂၃၂

Precious Stone Group Co.,Ltd. ၏ letter Head [illegible]

6.2.13 Precious Stone Letter Head (2) စောင် 00215,00216
16.2.13 Precious Stone Global Service Letter Head (2) စောင် 0021.022(profile)
4.3.13 Precious Stone Mining Letter Head (2)စောင် 00212,00213
14.3.13 Precious Stone ConstrutionLetter Head(2)စောင် 0001, 0002 6.8.13 Precious Stone Construction Letter Head (2)စောင် 0025,0024
7.8.13 Precious Stone Costruction Letter Head (1) စောင် 0026
17.8.13Precious Global Service Letter Head (2) စောင် 0030,0031
19.8.13Precious Stone Mining Letter Head(2)စောင်00214,00215(1) Precious Stone [illegible] (၂)form(B)(26)
23.8.13Precious Stone ConstructionLetter Head (2)စောင်0027,0028

မှတ်ချက် ။ Precious Stone Co.,Ltd. သည် 1995 [illegible] Precious Stone Group [illegible] Chairman [illegible]

MD
Precious StoneCo.,Ltd.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၇၃၁၊ မြေကွက်အကျယ် (အလျား၄၀ပေ×အနံပေ ၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၁၉ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၇၃၁ ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့၏အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးထွန်းဦး KPU-၀၅၆၆၁၈ [၁၂/လမန(နိုင်)၀၇၄၅၀၅] အမည်ပေါက်ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အထက်ဖော်ပြပါမြေကွက်ပါမစ်ပျောက်အား နှစ်၆၀မြေငှားစာချုပ်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပါမစ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဂရန်သစ်လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax: ၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကျိုက္ကလော့ အမေ့မေတ္တာစာမူပြိုင်ပွဲ ဆုရသူများ

[illegible]

ဒေါ်ပုံးနေဝင်း

[illegible advertisement]

ကြော်ငြာ

"ဟိန်းသစ်" တာယာ နှင့် ကားဆက်စပ်ပစ္စည်း ရောင်းဝယ်ရေးဆိုင်သစ်အား စတင်ဖွင့်လှစ်လိုက်ပါပြီ။

အမှတ်-၂၂၇၊ ဝေဇယန္တာလမ်း၊ ရတနာလမ်းနှင့် မေတ္တာလမ်းကြား၊ ရန်ကုန်မြို့

ဖုန်း-၀၉ ၈၆၃၅၄၃၂၊ ၀၉ ၈၆၃၆၅၄၃

တိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ပုသိမ် အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ခင်စောမူ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး၊ ပုသိမ်/မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးတို့နှင့် အတူ အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ အေးချမ်းသာယာခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ကျောင်းကုန်းမြို့နယ် ဒေသခံပြည်သူများ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက ကျောင်းကုန်းမြို့နယ်၏ ဒေသအခြေအနေကိုလည်းကောင်း၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်ဝင်းကျော်က ကျောင်းကုန်းမြို့နယ်အတွင်း နယ်မြေဒေသလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ဘာသာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကျောင်းကုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး တင်ပြချက်များအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း တင်ပြပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ သီရိလင်္ကာသံအမတ်ကြီး H.E. Mr. H.R Piyasiri နှင့် သီရိလင်္ကာနိုင်ငံ Plywood House Pte.,Ltd မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး တိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဒေသထွက်ကုန် အုန်းသီးကုန်ကြမ်းမှ ထုတ်ကုန်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာတွင် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးလှခိုင်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးဦးစောမြသိန်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျိုက်ဝိုင်းစေတီတော် အဘိဓမ္မာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ရွှေဟောင်းသမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၅ခုနှစ်သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ သီတင်းကျွတ်လဆန်း၁၄ရက်မှလပြည့်ကျော် ၁ရက်(အောက်တိုဘာ ၁၈ ရက်မှ ၂၀ရက်)ထိ စေတီတော်ရင်ပြင်အောင်ဓမ္မာရုံ၌ ဗုဒ္ဓနှင့်ရဟန္တာဓာတ်တော်များအပူဇော်ခံခြင်း၊ သီတင်းကျွတ်လပြည့်(အောက်တိုဘာ၁၉ရက်) အရုဏ်တက်ချိန်တွင် ဘုရားသုံးဆူတန်ဆောင်း၌ ဆွမ်းတော်ကြီးတင်ကပ်လှူပူဇော်ခြင်း၊ ယင်းနေ့နံနက် ၇နာရီတွင် အောင်ဓမ္မာရုံ၌အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပခြင်း၊ နံနက် ၁၀ နာရီတွင် ဖြူးကျောင်း ဆရာတော် ဘဒ္ဒန္တအရိယဝံသက ဝါတွင်းသီလပေး တရားတော်နှင့် မွန်းလွဲ၁နာရီတွင်ဂန္ဓာရုံကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်တော်မူကြမည်ဖြစ်ပြီးညပိုင်းတွင် စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

နေပြည်တော်ကောင်စီနယ်မြေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော် ကောင်စီနယ်မြေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ကိုယ်စား မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူး(ဥတ္တရခရိုင်) ဦးလှိုင်ဝင်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး (ဒက္ခိဏခရိုင်) ဦးဝင်းမြင့်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့နည်းပြများ၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့်ဒက္ခိဏသီရိ မြို့နယ်တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မင်းမင်းလတ်

ပန်းသီးစားသုံးခြင်းဖြင့် ရရှိသောကောင်းကျိုး(၁၀)ချက်

တစ်နေ့ပန်းသီးတစ်လုံးစားလျှင် ဆရာဝန်ပင်မလိုဟု အနောက်တိုင်းဆိုရိုးရှိသည်။ သို့ရာတွင် ပန်းသီးမှရရှိသော ကောင်းကျိုးများကိုမူ တိကျစွာ မပြောနိုင်ပေ။ အောက်ဖော်ပြပါအချက်များသည် ပန်းသီးစားသုံးခြင်း၏ဆိုရိုးကို ထောက်ခံသောရလဒ်များပင်ဖြစ်သည်။

၁။ အရိုးကိုကာကွယ်ခြင်း

Flavanoid ဒြပ်ပေါင်းသည် သွေးဆုံးပြီး အမျိုးသမီးများ၏အရိုးသိပ်သည်းဆကို မြင့်မားစေသည်ဟု ပြင်သစ်သုတေသီများက ဆိုသည်။ အဆိုပါ ဒြပ်ပေါင်းသည် ပန်းသီး၌သာပါရှိသည်။ ထို့အပြင် ပန်းသီးတွင်ပါသည့် Boron ဒြပ်ပေါင်းသည်လည်း အရိုးများကို ခိုင်မာစေသည်။

၂။ ပန်းနာရင်ကျပ်ရောဂါမှကာကွယ်ခြင်း

မကြာသေးမီက လေ့လာစမ်းသပ်ချက်အရ ပန်းသီးဖျော်ရည်ကို နေ့စဉ်သောက်သုံးသော ကလေးများသည် တစ်လတစ်ကြိမ်သာ သောက်သောကလေးများထက်ပန်းနာဝေဒနာခံစားရမှုမှလျော့နည်းစေသည်ဟု သိရသည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၌ ပန်းသီးများများ စားသုံးသူများနှင့်ပန်းသီးမစားသောသူများကို နှိုင်းယှဉ်ကြည့်ပါက မွေးဖွားလာသော ကလေးများတွင် ပန်းသီးစားသုံးမှုများသော မိခင်၏ကလေး၌ ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရသည်ဟုဆိုသည်။

၃။ အယ်လ်ဇိုင်းမားရောဂါမှကာကွယ်ခြင်း

အမေရိကန်နိုင်ငံ Cornell တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ကြွက်များနှင့်စမ်းသပ်ချက်အရ ပန်းသီးတွင်ပါဝင်သော quercetin ဒြပ်ပေါင်းသည် ဦးနှောက်ဆဲလ်များရှိ Free radical များ ပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ ယင်းသည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုလျော့ကျစေသည်ဟု ဆိုသည်။

၄။ ကိုလက်စထရောကျဆင်းစေခြင်း

တစ်နေ့လျှင် ပန်းသီးနှစ်လုံးစားသုံးပါက သွေးတွင်းအဆီဓာတ်ကို ၁၆ ရာခိုင်နှုန်းအထိ လျော့နည်းစေနိုင်ကြောင်း သိရသည်။

၅။ အဆုတ်ကင်ဆာဖြစ်ပွားခြင်းမှ ကာကွယ်ခြင်း

သုတေသီများ၏ လေ့လာချက်အရ ပန်းသီးစားသုံးသောသူ ၁၀၀၀၀ တွင် အဆုတ်ကင်ဆာဖြစ်ပွားမှု ၅၀ ရာခိုင်နှုန်း လျော့ကျစေသည်။

၆။ ရင်သားကင်ဆာဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း

Cornell တက္ကသိုလ်မှ စမ်းသပ်ချက်အရ တစ်နေ့ ပန်းသီးတစ်လုံးနှုန်း အကျွေးခံရသော ကြွက်များတွင် ရင်သားကင်ဆာဖြစ်ပွားမှု ၁၆ ရာခိုင်နှုန်း ကာကွယ်ကြောင်း တွေ့ရသည်ဟုဆိုသည်။ အဆိုပါကြွက်များကို တစ်နေ့ ပန်းသီး သုံးလုံးကျွေးသောအခါ ၃၉ ရာခိုင်နှုန်းအထိ ကာကွယ်ကြောင်း၊ တစ်နေ့ခြောက်လုံးအထိကျွေးလျှင် ၄၄ ရာခိုင်နှုန်း ကာကွယ်စေကြောင်း စမ်းသပ်တွေ့ရှိရကြောင်း သိရသည်။

၇။ အူမကြီးကင်ဆာဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း

အဆိုပါတက္ကသိုလ်၏ လေ့လာချက်အရ ပန်းသီးဖျော်ရည်တိုက်ကျွေးခဲ့သော ကြွက်များ၌ အူမကြီးကင်ဆာဖြစ်ပွားမှုမှ ၄၃ ရာခိုင်နှုန်းအထိ ကာကွယ်မှုပေးကြောင်း လေ့လာတွေ့ရှိရသည်။ ပန်းသီးရှိ Pectin ဒြပ်ပေါင်းသည် အူလမ်းကြောင်းတစ်လျှောက်ရှိ အစာခြေစနစ်ကို အထောက်အကူပြုရုံမက အူမကြီးကင်ဆာဖြစ်ပွားမှုကို ထိန်းချုပ်ပေးသည်။

၈။ အသည်းကင်ဆာဖြစ်ပွားမှုလျော့နည်းစေခြင်း

ပန်းသီးအခွံပါ ရောကြိတ်ထားသည့် ဖျော်ရည်သောက်သုံးပါက အသည်းကင်ဆာဖြစ်ပွားမှုကို ၅၇ ရာခိုင်နှုန်းအထိ ကာကွယ်ပေးသည်။

၉။ ဆီးချိုသွေးချိုကို ထိန်းညှိပေးခြင်း

လူ့ခန္ဓာကိုယ်ရှိ ဂလာကျူတိုးနစ်အက်စစ်ကို ပန်းသီးတွင်ပါဝင်သည့် Pectin ဒြပ်ပေါင်းက အထောက်အပံ့ပေးခြင်းဖြင့် ဆီးချိုသွေးချိုကို ထိန်းညှိပေးသည်။

၁၀။ ကိုယ်အလေးချိန်တက်မလာအောင် ကာကွယ်နိုင်ခြင်း

ကိုယ်အလေးချိန်လျှော့နေစဉ် အချိန်အတွင်း ပန်းသီး သို့မဟုတ် သစ်တော်သီး သုံးလုံးစားသော အမျိုးသမီးများသည် မစားသောအမျိုးသမီးများထက် ကိုယ်အလေးချိန်ကျနှုန်း ပို၍မြန်ဆန်ကြောင်းကို ဘရာဇီး သုတေသီတို့က လေ့လာချက်အနေဖြင့် ဖော်ပြထားသည်။

သွင်သွင်နဒီ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၈-၁၀-၂၀၁၃ရက် မွန်းလွဲ ၂း၀၀နာရီ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပပြုလုပ်သော (ဆေးဝါး ဝယ်ယူရေးတင်ဒါစိစစ်ရေးကော်မတီ)အစည်းအဝေး ဆုံးဖြတ်ချက်အရ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)အတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ထပ်မံဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ (က) **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ရုံးချိန်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆ (လိုင်းခွဲ-၁၈၀)

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	ရုံးသုံးပရိဘောဂပစ္စည်း	၈ မျိုး
(ခ)	Air Conditioner အပါအဝင် ရုံးသုံးလျှပ်စစ်ပစ္စည်း	၄ မျိုး
(ဂ)	စာရေးကိရိယာ	၆ မျိုး
(ဃ)	Copier Toner & Printer Toner Catridge	၉ မျိုး
(င)	သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်း	၉ မျိုး
(စ)	မြို့ပြရေသွယ်ပစ္စည်း	၇ မျိုး
(ဆ)	X-Ray Tube(For XRD-6000 Shimudzu)	၁ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၇-၁၀-၂၀၁၃ ရက် မှ ၆-၁၁-၂၀၁၃ ရက် ၁၂း၀၀နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP(ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 16/HPGE/2013-2014

(က) Micom Relay (P 643) — (4) Nos

Tender No. 17/HPGE/2013-2014

(ခ) စက်ရုံများအတွက် Digital Meter — (61) Nos

Tender No. 18/HPGE/2013-2014

(ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132 kV LA — (2) Sets

Tender No. 19/HPGE/2013-2014

(ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက် ဘက်ထရီအမျိုးအစား(၅)မျိုး — (280) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၇ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅က/၃၆၉၀ Mitsubishi၊ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင် ၁၃/တကန(နိုင်)၁၃၂၂၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီးမြို့**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅က/၄၃၂၂ Hino ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင် ၁၃/တကန(နိုင်)၁၃၂၂၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၃၈၁၀ Hino Ranger F-D 175 B ယာဉ်လက်ဝယ်ရှိသူ ဦးလှဖြိုး ၅/ကဘလ(နိုင်)၀၂၄၇၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၁ဃ/၉၇၂၇၇ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်အေး ၁/ဗမန(နိုင်)၀၃၁၃၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မင်းဘူး)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ဃ/၁၃၅၉ Brevis ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းနိုင် ၉/သစန(နိုင်) ၀၀၃၇၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မင်းဘူး)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုင်းကိုင်ဒေသဖွံ့ဖြိုးရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

မိုင်းကိုင် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက မိုင်းကိုင်မြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးစိုင်းအိုက်ပေါင်းနှင့် တာဝန်ရှိသူများ၊ မိုင်းကိုင်မဲဆန္ဒနယ်မြေမှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ကျေးရွာများမှ အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာတိုင်းလျှပ်စစ်မီးလင်းရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး စသည်ဖြင့် ကဏ္ဍများခွဲ၍ ညှိနှိုင်းဆွေးနွေးခဲ့ရာ မြို့နယ်လိုအပ်ချက်အရ ပညာရေးကဏ္ဍတွင် အထက (ခွဲ) ကျောင်းနှစ်ကျောင်းကို အထက အဆင့်၊ အလက(ခွဲ)ကျောင်းနှစ်ကျောင်းကို အလက(အဆင့်)၊ မူလွန်ကျောင်း ငါးကျောင်းကို အလက (ခွဲ)အဆင့်၊ အမက ၁၆ ကျောင်းကို မူလွန်အဆင့်၊ အမက (ခွဲ)ကိုးကျောင်းကို အမကအဆင့်၊ ကျေးရွာကိုယ့်အားကိုယ်ကိုးကျောင်း ၂၀ ကို အမကအဆင့်၊ အလက အဆင့်သို့ တိုးမြှင့်နိုင်ရေး ဆွေးနွေးကြသည်။ ဆက်လက်၍ ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ငါးခုထပ်မံတိုးချဲ့ နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်း မီးလင်းရေးနှင့် ပတ်သက်၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သော ရေထွက်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတွင် ဒေသထွက် လက်မှုပညာ ပစ္စည်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်နိုင်ရန် စသည်ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)

ကျွဲပွဲဘူတာတွင် ခရီးသည်တင်ရထား ရပ်ပေးစေချင်

ကျွဲပွဲ အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ရန်ကုန်-မန္တလေးမီးရထားလမ်းပေါ်ရှိ ကျွဲပွဲဘူတာသည် အင်္ဂလိပ်အစိုးရလက်ထက် ကတည်းက အဆင့်မြင့်ဘူတာတစ်ခုဖြစ်ပြီး လူစီးရထားများ ရပ်တန့်ခဲ့သည်။ မီးရထားဌာနမှ ဘူတာအတွက် သတ်မှတ်လျာထားသည့် ဝင်ငွေလည်းပြည့်မီကျော်လွန်ခဲ့သည်။ ဖက်စစ်ဂျပန်များလက်ထက် ကျွဲပွဲကို ဗဟိုပြု၍ မီးရထားသံလမ်းများဖြုတ်ကာ သံဖြူဇရပ်-သေမင်းတမန်လမ်းကို ဖောက်ခဲ့သောကြောင့် မီးရထားဌာနမှ ဒွေးလမ်းဖွင့်ပွဲကို ကျွဲပွဲဘူတာ၌ ခမ်းနားစွာ လာရောက်ဖွင့်လှစ်ပေးခဲ့သော သမိုင်းဝင်ဘူတာဖြစ်သည်။

လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်ခန့်မှ စ၍ ၁၉ အဆန်၊ ၂၀ အစုန်လူ စီးရထား ဖျက်သိမ်းလိုက်သဖြင့် ကျွဲပွဲဘူတာ၌ မည်သည့်ရထားမျှ ရပ်ပေးခြင်းမရှိတော့ပါ။ တောင်ဘက် ညောင်ခြေထောက်ဘူတာ၊ မြောက်ဘက် ဘန့်ဘွေးကုန်းဘူတာတို့၌လည်း ရပ်သည့်ရထားမရှိသဖြင့် ရထားစီးလိုပါက ၁၇ မိုင်ဝေးသည့် တောင်ငူသို့ သွားရောက်စီးရသည်။

သို့ပါ၍ ကျွဲပွဲဒေသမှ ကျေးရွာအုပ်စု ၁၂ ခုမှ ကျေးလက်ပြည်သူများသည် ဘူတာရှိပြီး ရထားများဖြတ်သွားတာမြင်ပါလျက် စီးခွင့်မရသဖြင့် ရထားစီးချင်သူများက လူစီးရထားတစ်စင်းစင်း ကျွဲပွဲဘူတာ၌ ရပ်ပေးရန် ဆန္ဒရှိကြကြောင်း သိရသည်။

(၁၁၄)

တရားဝင်တင်သွင်းခွင့်မရှိသော အရက်၊ ဘီယာများနှင့် FDA ထောက်ခံချက်ဖြင့်တင်သွင်းရသည့် နိုင်ငံခြားဖြစ် အားဖြည့်အချိုရည်အား ဘုရင့်နောင်ပွဲရုံတွင် စစ်ဆေးတွေ့ရှိ

ရန်ကုန် အောက်တိုဘာ ၁၂

မြဝတီမှ ရန်ကုန်သို့ထွက်ခွာလာသော ၁၂ဘီးယာဉ် သုံးစီးသည် အောက်တိုဘာ ၈ ရက် ညနေ ၃ နာရီခန့်တွင် တရားမဝင်အကောက်ခွန်မဲ့ ကန့်သတ်ကုန်ပစ္စည်းများ သယ်ဆောင်၍ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းအရ Mobile Team (ရန်ကုန်ဆိပ်ကမ်းနယ်မြေ) မှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ကုန်ပစ္စည်းသယ်ဆောင်တင်/ချမှုပြုလုပ်နိုင်သောနေရာများကို ဝင်ရောက်စစ်ဆေးခဲ့သည်။

Mobile Team (ရန်ကုန်ဆိပ်ကမ်းနယ်မြေ)မှ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဘုရင့်နောင်ကားကြီးဝင်းပတ်လမ်းအမှတ် (၁၁၇) ပွဲရုံရှေ့ရောက်စဉ် ရပ်တန့်ထားသည့်ယာဉ်နှစ်စီးတွင် ကုန်ပစ္စည်းများ တင်ဆောင်နေသည်ကို တွေ့ရှိရ၍ အထက်ပါ ယာဉ်နှစ်စီးနှင့် ပွဲရုံ အမှတ် (၁၁၇)ကို စစ်ဆေးရာ တရားဝင်တင်သွင်းခွင့် မရှိသည့် နိုင်ငံခြားအရက်ဘီယာများဖြစ်သည့် Black Label (1) litre စာတန်းပါ အရက်အလုံး ၆၀ ၊ RED Lable (1) litre စာတန်းပါအရက် ၉၆လုံး၊ High Commissioner (35 ele) စာတန်းပါ အရက် ၅၀၄လုံးနှင့် တစ်ဖာလျှင် ၂၄ဘူး ပါ Carlsberg၊ SINGHA BEER၊ EL DLABLO BEER၊ CHAN BEER စသည့် ဘီယာမျိုးစုံ ၁၉၆၅ ဖာ၊ SPY ဝိုင် ၅၁၆ဖာ၊ FDA ထောက်ခံချက်အထောက်အထားစာရွက်စာတမ်းမရှိသည့် Red Bull 250 စာတန်းပါ အချိုရည်ဘူးများနှင့် LIPOVITAN-D အားဖြည့်အချိုရည် စုစုပေါင်း ၁၅၁၆ ဖာခန့်ကို စစ်ဆေးတွေ့ရှိရပြီး ဖော်ပြပါ ပစ္စည်းများနှင့်ပတ်သက်၍ တင်သွင်းရောင်းချခွင့်၊ ခိုင်လုံသော အထောက်အထား မပြနိုင်သည့် အကောက်ခွန်မဲ့ပစ္စည်းများကို စစ်ဆေးတွေ့ရှိရမှုအပေါ် ဥပဒေအရ အရေးယူ တရားစွဲဆိုနိုင်ရေး ဘုရင့်နောင်နယ်မြေရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေ (၂၀၁၂) ပုဒ်မ (၈/၁၀)ဖြင့် အမှုဖွင့်လှစ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

လမ်းလယ်ကျွန်းကိုတိုက်မိသည့်ကားပျက်စီး

နေပြည်တော် အောက်တိုဘာ ၁၂

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၈၄/၃-၄)ကြား သီးကုန်း ယာဉ်ရပ်နားစခန်းအဝင် လမ်းအကွေ့တွင် အောက်တိုဘာ ၈ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှမန္တလေးသို့ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ကိုကိုဝင်းနိုင်(၂၇နှစ်)မောင်းနှင်လာသော ၆/---ပရိုဘောက်စ် အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ဝင်ရောက်တိုက်မိ၍ ယာဉ်၏ ရှေ့ဝဲ/ယာဘီးကွဲ၊ ရှေ့ဘန်ဘာ ပိန်ချိုင့်ခဲ့သောကြောင့် **(အပေါ်ပုံ)** ယာဉ် မဆင်မခြင်မောင်းနှင်သူ ကိုကိုဝင်းနိုင်ကို သီးကုန်းအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ (၁၆) ကြိမ်မြောက် သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ (၁၆)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲကို ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

လာရောက်လှူဒါန်း

သွေးလှူဒါန်းပွဲတွင် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းခွဲများမှ ဓမ္မမိတ်ဆွေများနှင့် ဓမ္မရောင်ခြည်၏ ပုံမှန်သွေးလှူရှင်များအပြင် အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း ကိုယ်အလေးချိန်ပေါင် ၁၀၀ ကျော်၍ ရောဂါကင်းရှင်းပြီး ကျန်းမာရေးကောင်းမွန်သော မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါကြောင်း၊ သွေးလှူဒါန်းလိုပါက ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းဖုန်း-၃၈၂၉၃၅(တိုက်ရိုက်)၊ ၀၁-၃၇၁၈၀၀ (လိုင်းခွဲ)၃၆၄၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၀၁၅၄၄၆ နှင့် ၀၉-၅၁၄၃၉၉၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပေါင်းအိုးဖြင့် ကုလားပဲပြုတ်ရာမှ ပေါင်းအိုးကန်ထွက်၍ ဝန်ထမ်းနှစ်ဦးဒဏ်ရာရရှိ

ရန်ကုန် အောက်တိုဘာ ၁၂

အောက်တိုဘာ ၈ ရက်မွန်းလွဲ ၁ နာရီခွဲခန့်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ကျိုက္ကဆံလမ်း အလုပ်သမား ဆေးရုံကြီးရှေ့ရှိ United Living Mall စူပါမားကတ် မြေညီထပ် ဟင်းချက်ခန်းတွင် ကုလားပဲကို ပေါင်းအိုးဖြင့်ပြုတ်ထားရာ ပဲဖတ်များ လေပေါက်ပိတ်ပြီး ကန်ထွက်ရာမှ အရောင်းဝန်ထမ်းမစန္ဒာလင်း (၁၉ နှစ်)သည် ခါး၊ ခြေထောက်တို့တွင် အပူလောင်ဒဏ်ရာရရှိသည်။ ထို့အတူ မဇင်မာဦး (၁၈ နှစ်)သည် ခြေထောက် မျက်နှာအပူလောင် ဒဏ်ရာရရှိပြီး ၎င်းတို့နှစ်ဦးကို အလုပ်သမားဆေးရုံကြီးသို့ တင်ပို့ကုသထားပြီး ဒဏ်ရာအခြေအနေမှာ မစိုးရိမ်ရကြောင်းသိရသည်။ အခင်းဖြစ်ပွားရာသို့ တာမွေမြို့နယ် မီးသတ်စခန်း ဒုတိယမီးသတ်ဦးစီးမှူးဦးကျော်ဆန်း ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်သူရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ Equipment for Substation Maintenance အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) Testing Instrument
(၂) Accessories for Transformer
(၃) Control Cable
(၄) SF6 gas bottle
(၅) Steel Ferrule & rope for kWh meter sealing
(၆) Testing Instrument for Communication

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးကိုအောင်၏ Pass Port No.A-224648 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၂၇၃၀၉၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ ရွှေမဇ္ဈူဘုရားအဝင်လမ်း၊ ခန့်မှန်း(၁¾)မိုင်ခန့်အား (၁၂)ပေနှင့် (၁၆)ပေအကျယ် ကွန်ကရစ်လမ်းဖောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၃-၁၀-၂၀၁၃ရက်မှ ၂၆-၁၀-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့တွင် လာရောက်ထုတ်ယူပြီး ၂၇-၁၀-၂၀၁၃ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့တွင် တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးညှင်းမြို့၊ ဖုန်း-၀၇၄-၆၀၀၀၉၊ ၀၇၄-၆၀၂၆၁၊ ၀၇၄-၆၀၀၃၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မိုးညှင်းမြို့

ကျောင်းအလှူ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ စိတ္တာသုခကျောင်းဆရာတော် ဘဒ္ဒန္တဝေပုလ္လ ဦးဆောင်၍ ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်လျက်ရှိပါသည်။ ပါဝင်လှူဒါန်းကုသိုလ်ယူကြပါရန် လေးစားခင်မင်စွာ ဖိတ်ကြားပါသည်။

မိမိတို့လှူဒါန်းလိုမှု အသေးစိတ်ကိုအောက်ပါဖုန်းများတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၂၂၄၇၀၂၊ ၀၉-၄၂၀၀၁၂၃၄၊ ၀၉-၇၃၁၂၀၉၃၃

တေဇ (၂၂)
(၁၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ဖိတ်ကြားခြင်း

တေဇ (၂၂)ကျောင်းဆင်းအရာရှိများ၏ (၁၈)နှစ်မြောက်ကျောင်းဆင်းနှစ်ပတ်လည်နေ့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာတွင် အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့်ရေစက်ချတရားနာယူခြင်း
နေ့ရက်၊ အချိန် - ၂၀-၁၀-၂၀၁၃ရက် နံနက် ၉း၃၀နာရီ
နေရာ - ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၊ အမှတ် (၈၀၃/၈၀၅)၊ မဟော်သဓလမ်း၊ (၁၂)ရပ်ကွက်၊ အရှေ့ဒဂုံ။
ဆုံရပ် - တ/ဥက္ကလာပမြို့နယ်လျှပ်စစ်ရုံးသို့ နံနက် ၈း၀၀နာရီအရောက် စုစည်းရန်။

(၂) ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပပြုလုပ်ခြင်း
နေ့ရက်၊ အချိန် - ၂၀-၁၀-၂၀၁၃ရက်၊ နံနက် ၁၁း၃၀နာရီ

(၃) ညစာစားပွဲကျင်းပပြုလုပ်ခြင်း
နေ့ရက်၊ အချိန် - ၂၀-၁၀-၂၀၁၃ရက် ညနေ ၁၈း၀၀နာရီ
နေရာ - မ/ဥက္ကလာ ဂန္ဓမာ Whole Sale (Venus garden) စားသောက်ဆိုင်

ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းသွားကြပါရန်-
မြဝတီဘဏ်စာရင်းအမှတ် - A/C No-S 132 K 0011015914 U
မွေး/ရေ ဘဏ်စာရင်းအမှတ်-ဦးစိုးနိုင် SN 83-0201220002252
သစ္စာ ဖုန်း-၀၉-၈၆၂၁၁၁၁၊ ကျော်ဇေယျ ဖုန်း-၀၉-၅၁၆၅၆၅၀၊ ဇော်ဇော်ထွေး ဖုန်း-၀၉-၅၀၂၂၉၉၆၊ ဇော်ဟိန်း ဖုန်း-၀၉-၅၁၂၇၀၈၂၊ ရဲဝင့်ကို ဖုန်း-၀၉-၈၃၅၁၁၆၆၊ ရဲဝင်းရှိန် ဖုန်း-၀၉-၅၀၅၅၁၁၇၊ အောင်ဇော်မိုး ဖုန်း-၀၉-၅၁၅၀၃၁၇၊ ရဲမိုးထွန်း ဖုန်း-၀၉-၅၀၃၂၁၀၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၅၇၀၆ Muliti Purpose Vehicle M/B ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလွင် ၁၂/ရကန(နိုင်)၀၃၆၉၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းသို့ အလှူငွေလှူဒါန်း

ရွှေဘို အောက်တိုဘာ ၁၂

လွန်ခဲ့သော နှစ်ပေါင်း ၅၀ က ရွှေဘိုမြို့ ဘိုကုန်းရပ်ကွက်၏ အစွန်အဖျားတွင် ကျမ်းပြုစာရေးဆရာ ဒေါက်တာဦးသန်းထွန်း(ရွှေဘို)စတင်တည်ထောင်ခဲ့ပြီး ခေတ်အဆက်ဆက် စခန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများ လက်ဆင့်ကမ်းစွမ်းဆောင်ခဲ့မှုကြောင့် ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းသည် ယနေ့အထိ ရပ်တည်နိုင်ခဲ့သည်။ စခန်း စတင်တည်ထောင်စအချိန်၌ဆရာကြီးဒေါက်တာဦးသန်းထွန်း၏အသက်မှာ ၂၄နှစ်သာရှိသေးသည်။

ထိုစဉ် အချိန်က ရွှေဘိုမြို့၏ အစွန်အဖျားလူသူ နေထိုင်ခြင်းမရှိသော နေရာလေးတွင် ဆရာကြီး၏ ရှိစုမဲ့စု ငွေ၁၀၅ကျပ်ကို အရင်းတည်ပြီးချုံနွယ်များကို ရှင်းလင်းကာ ထန်းရွက်တဲ တစ်ခုထိုး၍ မိဘမဲ့ကလေးသူငယ်များကို စတင် ပြုစုစောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။ နောင်သောအခါ နိုင်ငံတော်အစိုးရ၊ လူမှုဝန်ထမ်းဝန်ကြီးဌာနက ၁၉၆၆ ခုနှစ်တွင် အသိအမှတ်ပြုခံရပြီး စခန်းသို့ ဆန်ထောက်ပံ့ပေးခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဆန်၊ စားစရိတ်နှင့် အဝတ်အစား ထောက်ပံ့ပေးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဆန်၊ ငွေကြေးနှင့် ဆရာကြီး ဒေါက်တာဦးသန်းထွန်းသို့ ထောက်ပံ့ငွေပေးခဲ့သည်။

နိုင်ငံတော်အစိုးရကလည်းစခန်းအတွက် မြေ ၇ ဒသမ ၂၅ ဧကကို အခွန်လွတ်ဂရန်မြေအဖြစ်သတ်မှတ်ပေးခဲ့သည်။

ဆရာကြီးဦးသန်းထွန်း၏ လူငယ်ဖွံ့ဖြိုးရေးစခန်းသည် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်များ၏ ကူညီထောက်ပံ့မှုများကြောင့် ယခုအချိန်တွင် မိဘမဲ့ကလေးသူငယ် ၅၀ အထိလက်ခံစောင့်ရှောက်ပေးနိုင်လျက်ရှိသည်။ အဆိုပါစခန်းမှ ကျောင်းသက် အနှစ် ၅၀ အတွင်း ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော လူချွန်လူတွန်ပေါင်း မြောက်မြားစွာတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည်။

စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ ဇမေတ္တာ စေတနာရှင်များအသင်းက စခန်းငွေပဒေသာပင်ရန်ပုံငွေ စုစုပေါင်း ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဦးသန်းထွန်းက ပရဟိတလုပ်ငန်းများအကြောင်း ရှင်းလင်းဟောပြော၍ စခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်း(ဦးတင်ဝင်းကျောင်း)က အလှူငွေများကို လက်ခံခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(၀၅၀)

ရမည်းသင်းတွင် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကျင်းပ

ရမည်းသင်း အောက်တိုဘာ ၁၂

ရမည်းသင်းမြို့တွင် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကို အောက်တိုဘာ ၁ ရက် ည ၇ နာရီက ရမည်းသင်းမြို့ သီလဝခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တိုင်းဒေသကြီးကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များနှင့်စာပေဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။ ရှေးဦးစွာ စာပေဟောပြောကြမည့် စာရေးဆရာ ဆရာချစ်ဦးညို၊ ဆရာ ဦးကျော်ဝင်းတို့က သုတ၊ ရသစာပေများ ဟောပြောကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့မှတာဝန်ရှိသူများက စာရေးဆရာနှစ်ဦးအား ဆုများချီးမြှင့်သည်။

(၀၁၁)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တိုင်းရင်းသားရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့်အဖွဲ့အား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်

တာချီလိတ် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့တွင် ကျင်းပမည့် အကြိမ် (၂၀) မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်ဒုတိယအကြိမ်မြောက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် တာချီလိတ်ခရိုင်ကိုယ်စားပြု အာခါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုညှိခံခြင်းနှင့်ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီက တာချီလိတ်မြို့ဝမ်ကောင်းရပ်ကွက် သွယ်ဟော့ပေ့ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးကျော်စွာလွင်နှင့် အာခါတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးလောတာတို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက အာခါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုငွေကျပ်သိန်း ၃၀၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် ဦးကြည်မြင့်က ကျပ်တစ်သိန်းနှင့်အခြားအလှူရှင်များက ဂုဏ်ပြုငွေများကို ပေးအပ်ကြရာ အာခါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးလောတာကလက်ခံယူပြီး **(အောက်ပုံ)** အာခါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက စည်းလုံးခြင်းသည်အင်အားအကဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

မောင်ယဉ်ကျေး

ရေလုပ်သားတစ်ဦး ပိုက်ဆင်းဖော်ရာမှ ရေနစ်သေဆုံး

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပဲခူးမြစ်အတွင်း၌ အောက်တိုဘာ ၉ ရက် ည ၇ နာရီခွဲက ရေလုပ်သားတစ်ဦး ပိုက်ဆင်းဖော်ရာမှ ရေနစ်သေဆုံးရကြောင်း သိရသည်။

တာဝန်မှူးအဖွဲ့သည် အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူ ကျော်မင်းထိုက် (၃၂နှစ်) (ရေလုပ်သား) ငွေသန်းဝင်း(၂)လမ်း မြို့ဟောင်းအရှေ့ရပ်ကွက်နေသူနှင့် ကျော်မြင့်ဦး မြို့ဟောင်းအရှေ့ရပ်ကွက်နေသူနှင့်အတူ ငါးဖမ်းလှေနှင့်ပိုက်မျှောစဉ် ပိုက်မှာ ကျောက်သင်္ဘောပန်ကာနှင့်ငြိသဖြင့် သေဆုံးသူက ဆင်းဖြုတ်ရာ ပြန်ပေါ်မလာသဖြင့် ကျော်မြင့်ဦးက ပိုက်အား ပြန်ဆွဲတင်ရာပိုက်နှင့်အတူ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် သိရှိနိုင်ရန် သန်လျင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး သန်လျင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြိုးမင်းလတ် - သန်လျင်

သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် AD-6 တွင် Geotechnical Well Site Survey လုပ်ငန်းကို တိုင်းတာရေးရေယာဉ် MV. MARINER ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ Geotechnical Well Site Survey ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ Work Area Coordinate for (A) Block တွင် Point A မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈ မိနစ် ၃၈ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၉ ဒသမ ၆၁ စက္ကန့် Point A2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၁၂ ဒသမ ၃၀စက္ကန့်၊ Point A3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၄ မိနစ် ၃၆ ဒသမ ၄၂ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၀၅ စက္ကန့်နှင့် Point A4 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၈ မိနစ် ၃၁ ဒသမ ၃၃ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၃ မိနစ် ၁၆ ဒသမ ၂၉ စက္ကန့်၌လည်းကောင်း၊ Work Area Coordinate for (B) Block တွင် Point B1 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၂ မိနစ် ၅၀ ဒသမ ၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၄၆ ဒသမ ၉၁ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၉ မိနစ် ၄၅ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၆ မိနစ် ၂၂ ဒသမ ၀၅ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၇ မိနစ် ၅၂ ဒသမ ၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၈ မိနစ် ၅၂ ဒသမ ၈၆ စက္ကန့်နှင့် Point B4 မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၁ မိနစ် ၁၁ ဒသမ ၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၁ မိနစ် ၇ ဒသမ ၂၇ စက္ကန့်၌လည်းကောင်း ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-6တွင် Geotechnical Well Site Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. MARINER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါသဖြင့် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ဖိတ်ကြားအပ်ပါသည်

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ ခုနှစ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို ပဋ္ဌမအကြိမ်မြောက် ကျင်းပမည်ဖြစ်သောကြောင့် ကိုယ်တိုင်လာရောက် ကန်တော့နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများအား ဖိတ်စာနှင့်တကွ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက် (တနင်္ဂနွေနေ့)

အချိန် - ညနေ ၄ နာရီမှ ၁၀ နာရီအထိ

နေရာ - **Western Park Ruby Restaurant, (MIP)** မြန်မာ့စက်မှုဆိပ်ကမ်းရှေ့၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ **(MEC Gas)** ဆိုင်ဘေး၊ ဖုန်း-၀၁-၂၁၂၀၀၈၊ ၀၁-၂၂၆၅၉၈၊ ၀၉-၇၃၀၄၃၆၃၄။

ဆက်သွယ်ရန်-ဦးရှိန်းယော ဖုန်း-၀၉-၅၁၈၈၄၂၂၊ ဦးကျော်သိန်း ဖုန်း-၀၉-၅၀၉၁၂၁၉၊ ဦးစိန်မောင် ဖုန်း-၀၉-၅၁၁၄၁၉၈၊ ဦးခင်မောင်ဝင်း (IC)ဖုန်း- ၀၉-၅၀၀၇၅၆၀၂၊ ဦးသိန်းဇော် ဖုန်း-၀၉-၅၁၃၅၈၁၄၊ ဒေါ်ခင်ထွေးရီ ဖုန်း-၀၁-၅၄၂၆၄၀၊ ဦးခင်မောင်သိန်း ဖုန်း-၀၉-၇၃၁၄၉၇၇၇၊ ဦးဒေဝ ဖုန်း-၀၉-၇၃၀၁၁၈၃၃၊ ဦးသန်းဌွေး ဖုန်း-၀၉-၇၃၀၄၇၉၆၉၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၁-၅၅၇၇၉၀၊ ဒေါ်ချယ်ရီထွန်း ဖုန်း-၀၉-၅၁၂၂၉၈၀၊ ဒေါ်သန့်စင်မြင့် ဖုန်း-၀၉-၅၀၀၂၉၁၉၊ ဒေါ်ခင်မြသွယ် ဖုန်း-၀၁-၅၂၄၀၃၉၊ ဒေါ်ခင်စိန်မင်း ဖုန်း-၀၉-၅၀၀၆၆၂၉၊ ဦးမြဝင်း (IC) ဖုန်း-၀၉-၅၄၀၈၇၈၆၊ ဦးဟံသာထွန်း ဖုန်း-၀၉-၅၁၃၇၀၇၆၊ ဒေါ်ခင်အေးသာ ဖုန်း-၀၁-၅၇၉၈၃၃၊ ဦးစိုးလွင် ၀၉-၇၃၀၆၉၂၄၀၊ ဦးထွန်းစိုး-ဒေါ်သန်းသန်းအေး ဖုန်း-၀၉-၇၃၁၅၂၅၂၁၊ ၀၉-၄၂၁၀၇၈၂၂၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၃၃၃ Golden Lion L/T (GL-01) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/မထလ(နိုင်)၀၆၅၃၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊မိတ္ထီလာမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဟ/၅၅၁၈ သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ် ၁၃/ကတန(နိုင်)၀၅၅၇၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (ကျိုင်းတုံ)

သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော် မျက်ပါးရွှေသင်္ကန်းကပ်လှူရန်နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်ာန်းကျွန်းမြို့နယ်တွင် မဟာသက္ကရာဇ် (၁၁၁)ခုနှစ်မှ အစပြု၍ တည်ထားကိုးကွယ်ခဲ့သော ဆံတော်ခုနစ်ဆူ၊ ဓာတ်တော် ၁၀ ဆူ ကိန်းဝပ်စံပယ်တော်မူသည့် ဆုတောင်းပြည့်သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်ကြီးတွင် ယခင်ကပ်လှူပူဇော်ခဲ့သည့် ရွှေသင်္ကန်းတော်များမှာ အချိန်ကြာမြင့်လာခဲ့သဖြင့် ရွှေအရောင်အဆင်းများ မှေးမှိန်လျက်ရှိပါသည်။

သို့ဖြစ်၍ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ဂေါပကအဖွဲ့ဝင်များမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များအား အသိပေးပြီး ရွှေရောင်အဆင်းထွန်းလင်းတောက်ပလာပြီး ကြည်ညိုဖွယ်ရာဖြစ်စေရန်နှင့် အလှူရှင်များ သဒ္ဓါပီတိဂွမ်းဆီထိသကဲ့သို့ လှူဒါန်းလိုစိတ်ဖြစ်ပေါ်လာစေရန် ရည်သန်စိတ်ထားဖြင့် လှူဒါန်းနိုင်ကြပါရန် စေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရွှေသင်္ကန်းတော်အတွက် အလှူငွေများ လှူဒါန်းလိုပါက အောက်ပါ အလှူခံဌာနနှင့် ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။ ပြင်ပသို့ အလှူခံများ စေလွှတ်ထားခြင်းမရှိပါ။

(က) ဂေါပကအဖွဲ့ရုံး ဖုန်း-၅၆၄၀၈၇၊ ၅၆၄၀၂၉

(ခ) စေတီတော်ရင်ပြင်အလှူခံ(၂)ဌာန

(ဂေါပကအဖွဲ့)

ကျိုက္ကစံဆံတော်ရှင်စေတီတော်

အမည်မှန်

ဘုားသီးတောင်မြို့နယ်၊ ပေါက်တော ကျေးရွာနေ ဦးအောင်စိုးသိန်း ၁၁/ဘသတ(နိုင်)၀၁၅၈၂၄ ၏သမီး မမြသူဇာလှိုင်၏ အမည်မှန်မှာ မမြသူ ၁၁/ဘသတ(နိုင်)၀၃၁၄၅၂ ဖြစ်ပါကြောင်း။

မမြသူ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉ B၁၊ မြေကွက်အမှတ် ၂၁၊ မြေကွက်တည်နေရာအမှတ် ၄၀၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ် မအေးစိန်အမည်ပေါက် နှစ် ၉၀ဂရန်မြေအားအမည်ပေါက် မအေးစိန် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၈၈(၁၅-၈-၁၃)ဖြင့် ရရှိသူဦးကျော်စိန်လှ ၁၂/စခန(နိုင်)၀၄၃၅၁၇က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ၄င်းထံမှ GP ရရှိသူ မစိမ့်စိမ့်စိုး ၁၄/ဟသတ(နိုင်)၂၆၉၅၃၉ SP-၁၄၃၀၉/၁၃ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာဖြင့် ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ(၁)၊ မြေကွက်အမှတ် က/၅၊ မြေကွက်တည်နေရာအမှတ် ၁၅၉၊ မြို့မလမ်း၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးရဲအောင်(ခ)ကနုဆာမိ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးရဲအောင်(ခ)ကနုဆာမိ(ဖခင်) နှင့် ဒေါ်မရလိုကာ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်လက်ချ်မီး ၁၂/ဒပန(ပြု)၀၀၁၃၇၀၊ ဒေါ်မာသီ ၁၂/ဒပန(ပြု)၀၀၀၅၆၁၊ ဦးမာရီအပါး ၁၂/ဒပန(ပြု)၀၀၁၂၃၀၊ ဒေါ်စန်းပပ ၁၂/ဒပန(ပြု)၀၀၀၅၆၄ထံမှ GP-၈၈၉၃/၁၃(၄-၆-၁၃)နှင့် GP-၉၀၉၃/၁၃ (၆-၆-၁၃)ရရှိသူ ဦးဇော်မင်းနိုင်TKA-၀၉၁၉၇၉က သေစာရင်းနှင့် ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အနော်ရထာလမ်းနေ ကျွန်တော် ကျွန်မတို့၏သား မောင်ဇော်မိုးထွန်း ၈/ဆဖန(နိုင်)၀၀၂၉၅၆သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ ၄င်း၏ဆန္ဒအလျောက် နေထိုင်ဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် အမှုကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင် ဦးကြည်ထွန်း ၈/ဆဖန(နိုင်)၀၀၂၉၅၅

မိခင် ဒေါ်တင်မြင့် SPU-၀၃၈၅၀၁

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ ဖြူးမြို့ ဘိုးဘွားရိပ်သာတွင် ကျင်းပ

ဖြူး အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးမြို့ ဘိုးဘွားရိပ်သာတွင် (၅၃) ကြိမ်မြောက် ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ဖြူးဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ နာယက ဖြူးမြို့နယ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်နှင့် ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပုတို့က အမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာမှ အဘွားဒေါ်တင်ရီက မေတ္တာပို့ စကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော အလှူရှင်များက အဘိုးအဘွားများအတွက် ရန်ပုံငွေကျပ် ၁၄ သိန်းကျော်နှင့် အဘိုးအဘွားများ ဝတ်စုံဖိုးငွေကျပ် သုံးသိန်းကို စုပေါင်းပေးအပ်လှူဒါန်းကြရာ ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပုနှင့် အတွင်းရေးမှူး ဦးကျော်စိုးတို့က လက်ခံယူကြသည်။

ဖြူးမြင့်ဦး

ဘတ်စ်ယာဉ်တင်သွင်းခြင်းကိစ္စ အသိပေး

ရန်ကုန် အောက်တိုဘာ ၁၂

ယာဉ်အိုယာဉ်ဟောင်း စီမံချက်အရ ခရီးသည်တင်လိုင်းများတွင် ပြေးဆွဲနေသော ဟိုင်းလပ်၊ ပစ်ကပ်နှင့် လိုက်ထရပ်ယာဉ်များကို ဖျက်သိမ်းအပ်နှံပြီး အစားထိုးတင်သွင်းရာတွင် ခရီးသည်တင်လိုင်းများ၌ ပြန်လည်ပြေးဆွဲရန်အတွက် ယခင်က Mini Bus ယာဉ်အား တင်သွင်းခွင့်ပြုခဲ့သည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန One Stop Service အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ သက်တမ်းကြာမြင့်နေသော ဖျက်သိမ်းယာဉ်ထောက်ခံချက် ပုံစံ (ဃ) တွင် ခရီးသည် ယာဉ်လိုင်းပြေးဆွဲယာဉ်ဖြစ်၍ Mini Bus အပြင် City Bus ယာဉ်များပါ ပါမစ်လျှောက်ထားခွင့်ပြုရန် ဆုံးဖြတ်ထားသည်။

ထို့ကြောင့် ခရီးသည်တင်လိုင်းများတွင် ပြေးဆွဲနေသော ဟိုင်းလပ်၊ ပစ်ကပ်နှင့် လိုက်ထရပ်ယာဉ်များအား ဖျက်သိမ်းအပ်နှံပါက ယခုအခါ "ခရီးသည် ယာဉ်လိုင်းများတွင် ပြန်လည်ပြေးဆွဲရန်အတွက် Mini Bus(သို့မဟုတ်) City Bus ကြိုက်နှစ်သက်ရာ ယာဉ်အား အငှားယာဉ်အဖြစ်သာ အစားထိုးတင်သွင်းခွင့်ပြုမည်ဖြစ်ပါကြောင်း" ယာဉ်ပိုင်ရှင်များ သိရှိစေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်တိုဘာ ၉ ရက်က အသိပေးထုတ်ပြန်ချက်အရ သိရသည်။ **(စိုးဝင်း-SP)**

ရေကြီးသဖြင့် ဒေသခံများအလုပ်ဖြစ်နေ

ရေစကြို အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် စက်တင်ဘာ တတိယပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်များအတွင်း အားရစရာကောင်းလောက်အောင် ရေများဝင်ရောက်ခဲ့သည်။

ယခုအောက်တိုဘာ လဆန်းတွင် ရွာသွန်းသောမိုးရေများနှင့်အတူ ဆင်ချောင်းရေလျှောင်တမံ၊ ရေပိုလွှဲမှ ထွက်ကျလာသောရေများ ပေါင်းဆုံပြီး ချောင်းအတိုင်းစီးဆင်းလျက်ရှိရာ ပခုက္ကူ-မန္တလေးကားလမ်း ဆင်ချောင်းကျေးရွာအနီး ရေကျော်တွင် ကားကြီးများသာ ဖြတ်သန်းသွားလာနိုင်ပြီး ကားလေးနှင့် ဆိုင်ကယ်များ မသွားနိုင်ဖြစ်နေကြရပြီး ဒေသခံအမျိုးသားများက ကားလေးတစ်စီးတွန်းခငွေကျပ် ၄၀၀၀၊ ဆိုင်ကယ်တစ်စီး ငွေကျပ် ၅၀၀ နှင့် ဆောင်ရွက်ပေးကြသည်။ အောက်တိုဘာ ၁၈ ရက်က ဆိုင်ကယ်တစ်စီးကို လူလေးဦးထမ်းသယ်ဆောင်ပေးနေသည်ကို တွေ့မြင်ခဲ့ရပြီး နေ့စဉ် ဆိုင်ကယ်အစီး ၂၀၀ ကျော်နှင့် ကားလေး ၅၀ကျော်ခန့်ရှိကြောင်း သိရသဖြင့် ဒေသခံများရေစီးနေသရွေ့ အလုပ်ဖြစ်နေကြမည်ဖြစ်သည်။ **ဖေထွဏ်းဇော်(ရေစကြို)**

အရှိန်မထိန်းနိုင်သည့်ကား လမ်းအကာအရံသံတန်းကို ဝင်တိုက်မိ

နေပြည်တော် အောက်တိုဘာ ၁၂

မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၈၂/၆-၇)ကြားတွင် အောက်တိုဘာ ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သီးကုန်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ အောင်မင်းထွေး(ခ) ရာဖစ် (၄၃)နှစ် မောင်းနှင်လာသည့် 5F/... မာဇဒါ ဘန်ဂိုပစ်ကပ်အဖြူရောင်ယာဉ်သည် တိုက်ရှေ့ပြုတ်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းအရှေ့ဘက်တွင် ကာရံထားသော သံတန်းကို ဝင်ရောက်တိုက်မိခဲ့ပြီး ယာဉ်မှာရှေ့ဝဲဘက်ဘီး ကျွတ်ထွက်၊ ရှေ့ဘန်ပါပိန်ချိုင့်၊ ရှေ့ လေကာမှန်ကွဲအက်ပျက်စီးခဲ့သဖြင့် **(အောက်ပုံ)** ယာဉ်မဆင်မခြင်မောင်းနှင်သူအောင်မင်းထွေး(ခ) ရာဖစ်အား သီးကုန်း အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကိုရဲ)**

ကားရပ်နားပြီးအိပ်စက်နေတဲ့ ဒရိုင်ဘာကားကြိတ်၍သေဆုံး

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာနှင့် မရွှေဥကျေးရွာကြား ရန်ကုန်-ညောင်တုန်းလမ်းမကြီး မိုင်တိုင် (၁၃/၀) ၌ အောက်တိုဘာ ၈ ရက်က ကားဒရိုင်ဘာတစ်ဦးကားကြိတ်၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စန္ဒယော်ကျေးရွာနှင့် မရွှေဥကျေးရွာကြား ရန်ကုန်-ညောင်တုန်းလမ်းမကြီးပေါ် မိုင်တိုင် (၁၃/၀)၌ ၄င/... ဖူဆို ကုန်တင်ယာဉ်ခြောက်ဘီးကားမောင်းနှင်သူ ဦးအောင်မြင့် ဟင်္သာတမြို့နယ်နေသူသည် ၎င်း၏ကားကို လမ်းဘေး၌ ရပ်တန့်ကာ ကားခေါင်းရှေ့ကတ္တရာလမ်းပေါ်၌ ပုဆိုးခင်း၍ အနားယူအိပ်စက်နေစဉ် ညောင်တုန်းဘက်မှ ရန်ကုန်ဘက်သို့ယာဉ်မောင်းစည်သူထွန်း ညောင်ဖြူရပ်ကွက် တောင်ကြီးမြို့(ကုန်အပြည့်ဖြင့်)မောင်းနှင်လာသော ၁၂ ဘီးကား ၁ဃ/.... သည် လမ်းဘေးတွင် ရပ်ထားသော ဖူဆိုကားကို နောက်မှဝင်ရောက်တိုက်မိရာ တိုက်မိသောအရှိန်ကြောင့် ရပ်ထားသောကားမှာ ကားရှေ့၌အိပ်စက်အနားယူနေသူ ဦးအောင်မြင့်ကို ကြိတ်မိကာ လေးပေခန့် ရှေ့သို့ရွှေ့လျားသွားသည်။

ကားကြိတ်ခံရသူ ဦးအောင်မြင့်မှာဒဏ်ရာများဖြင့် နေရာ၌ပင်သေဆုံးသွားခဲ့သည်။အမှုကို ထန်းတပင်မြို့နယ် တက်သစ်ရဲစခန်းမှ ဒုရဲအုပ်မျိုးလွင်က တရားလိုပြုလုပ်၍ ယာဉ်မောင်းစည်သူထွန်းအပေါ် အရေးယူနိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်သာဖြန်း(ထန်းတပင်)

ညဘက်အရှိန်ပြင်းစွာမောင်းနှင်သည့်ကား စည်ပင်ဝန်ထမ်းနှင့်ဓာတ်တိုင်ကိုဝင်တိုက်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန် အင်းစိန်လမ်းမကြီး လှိုင်ရတနာအိမ်ရာတိုက် ဆိုင်းဘုတ်ရှေ့ရှိ အမှိုက်သိမ်းဆည်းနေသော စည်ပင်သန့်ရှင်းရေးဝန်ထမ်း အမျိုးသားတစ်ဦးအား အောက်တိုဘာ ၈ ရက် နံနက် ၁ နာရီ မိနစ် ၅၀ က ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော Mark-2 ရွှေငါး ၇ဃ/--- ကားက ဝင်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်တုံးများကို ဖြတ်ကျော်ကာ လမ်းလယ်ဓာတ်တိုင်ကို တိုက်မိသဖြင့် ဓာတ်တိုင်ပြိုလဲ သွားသည်။ ကားပေါ်ပါယာဉ်မောင်း အပါအဝင် မည်သူတစ်ဦးမျှ ဒဏ်ရာရရှိခြင်းမရှိဘဲ ကားဖြင့်တိုက်ခံရသည့် စည်ပင်ဝန်ထမ်း အမျိုးသားကို ယာဉ်ထိန်းအရေးပေါ်ကယ်ဆယ်ရေးတပ်စိတ်က ဆေးရုံသို့ပို့ခဲ့ပြီးအခင်းဖြစ်ရပ်သို့ လှိုင်မြို့နယ်မြို့မရဲစခန်းမှ စခန်းမှူးသိန်းဆွေမြင့်နှင့်တပ်ဖွဲ့ဝင်များကလာရောက်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၁၂၂)**

လင်မယားချင်းစကားများရန်ဖြစ်စဉ် ဇနီးဖြစ်သူကဓားဖြင့်ထိုး၍ခင်ပွန်းသေဆုံး

မှော်ဘီ အောက်တိုဘာ ၁၂

အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက မှော်ဘီမြို့နယ်အတွင်း လင်မယားချင်းစကားများ ရန်ဖြစ်ရာ ဇနီးဖြစ်သူက ဓားဖြင့်ထိုး၍ ခင်ပွန်းဖြစ်သူသေဆုံးသွားခဲ့ရသော ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၈ ရက် နံနက် ၁၁ နာရီခွဲက မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာနေ ကိုစိုးဝင်းနှင့် ၎င်း၏ဇနီးဖြစ်သူ မသန်းသန်းကြည်တို့နေအိမ်တွင် စကားများရန်ဖြစ်ကြစဉ် မသန်းသန်းကြည်က ဓားဖြင့်ထိုး၍ ကိုစိုးဝင်းတွင် ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် မသန်းသန်းကြည်ကို အရေးယူပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူးက တိုင်တန်းခဲ့၍ မှော်ဘီမြို့မရဲစခန်းက အမှုဖွင့်ကာ သက်သေခံပစ္စည်း သိမ်းဆည်းပြီး မသန်းသန်းကြည်ကို ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ငှားမည်

လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းအလယ်၊ ပေ(၂၅×၅၀)၊ နှစ်လွှာ၊ ဘဏ်ဖွင့်ရန်၊ ကုမ္ပဏီဖွင့်ရန်၊ အရောင်းပြခန်းဖွင့်ရန် နေရာကောင်း၊ နှစ်ရှည်ငှားမည်။ (ကားရပ်နားရန် အဆင်ပြေသည်။)

ဖုန်း-၀၉-၈၇၀၂၇၈၂၊ ၀၁-၂၁၅၉၈၉၊ ၀၁-၂၁၄၀၇၆

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

တောင်ဥက္ကလာပမြို့နယ်တရားရုံး

၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၃၅

ဦးစိုးညွှန့်အောင် **နှင့်**

၁။ ဦးဝင်းကြည်
၂။ ဒေါ်စန်းမြင့်
၃။ ဦးအောင်ကြည်
၄။ ဒေါ်သန်းသန်းဌေး
၅။ မောင်နိုင်ဝင်း
၆။ ဒေါ်အေးအေးမြိုင်(ခ)ကြည်ကြည်ဝင်း
၇။ ဒေါ်တင်တင်မြိုင်
၈။ ဦးသန်းဇော်
၉။ ဒေါ်ခင်ခင်လှိုင်

ဒီကရီရသူ **တရားရှုံးများ**

ယခင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ် ၂၇၃တွင် ချမှတ်ထားသော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၂ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) နံနက် ၁၀း၀၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချသည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် (၁၀၆၈/က)၊ ပေ (၂၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးဝယ်သူဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ရာခိုင်နှုန်း လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေအားလုံးကို လေလံတင်ရောင်းချသည့်ရက်ပယ်၍ ၁၅ရက်မြောက်တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဆုံးရုံးတော်စတင်ဖွင့်လှစ်သည့်ရက်တွင် ပေးသွင်းရမည်။

၆။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၇။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချစ်ကိုကို)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊ မြေကွက်အမှတ် ၂၈၃/က၊ မြေကွက်တည်နေရာအမှတ် ၂၈၃/က၊ ဂန့်ကော် ၁ လမ်း၊ အင်းစိန်မြို့နယ် ဒေါ်မေခင်ဦး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မေခင်ဦး ကွယ်လွန်သဖြင့် ဦးမောင်မောင်စိုး ၁၂/အစန(နိုင်)၀၀၅၀၁၄က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးမောင်မောင်စိုး ထံမှ GP ရသူ ဒေါ်ဥမ္မာမြင့် ၁၂/မရက(နိုင်)၁၃၃၀၂၄က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၂၆၃/က၊ မြေကွက်တည်နေရာအမှတ် ၁၂၆၃/က၊ မာန်ပြေလမ်း၂၀၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်နှင်းမယ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်နှင်းမယ်(မိခင်)နှင့် ဦးတင်ကြိုင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးသန်းလွင် ၁၂/သကတ(နိုင်)၀၃၂၃၅၃၊ (၂) ဒေါ်အေးအေးသန်း ၁၂/သကတ(နိုင်)၀၃၄၃၃၂ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်းတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နယ်သတင်းနှင့်ကြော်ငြာ

ဖျာပုံမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်း

ဖျာပုံ အောက်တိုဘာ ၁၂

ဖျာပုံမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဖွဲ့စည်းခြင်း အခမ်းအနားကို အောက်တိုဘာ၉ရက် မွန်းလွဲပိုင်းက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးများ၊မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာ၊ခရစ်ယာန်ဘာသာ၊အစ္စလာမ်ဘာသာနှင့်ဟိန္ဒူဘာသာတို့မှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်ကြရာ ဥက္ကဋ္ဌ ဦးဘဟိန်း (ဗုဒ္ဓဘာသာ)၊အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့် (ခရစ်ယာန်ဘာသာ)၊ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်း (ဗုဒ္ဓဘာသာ)နှင့်အဖွဲ့ဝင်၃၆ဦးတို့ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ကြသည်။

တာဝန်ပေးအပ်ခြင်းခံရသည့် ဘာသာအလိုက် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်သည်။

ဆက်လက်ပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်နှင့် ရပ်ကွက်နှင့်ကျေးရွာများတွင်လည်း ဆက်လက်ဖွဲ့စည်းသွားမည်ဟုသိရသည်။

အောင်ဝင်း(ဖျာပုံ)

ကျောက်မဲမြို့၌ ကျန်းမာရေးစစ်ဆေး

ကျောက်မဲ အောက်တိုဘာ ၁၂

အခြေခံပညာကျောင်းများမှ ကျောင်းသူ ကျောင်းသားများအား ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် စစ်ဆေးကုသခြင်းများကို ကျောက်မဲမြို့ အမှတ် (၁) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးကုသရာတွင် မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာကျော်သိန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အရပ်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုစစ်ဆေးတိုင်းတာခြင်း၊ အထွေထွေရောဂါစစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းရောဂါစစ်ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောကြောင်း သိရသည်။ **(အပေါ်ဓါတ်ပုံ)** **(ဝ၉ဝ)**

ရန်ကုန် အောက်တိုဘာ ၁၂

အရန်မီးသတ်တပ်ဖွဲ့ဝင်များမွမ်းမံသင်တန်းဖွင့်

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းဇုန်နယ်မြေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီက အလုံမြို့နယ်မြို့နယ်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ စမ်းချောင်းဇုန်နယ်မြေမှူး ရဲသူရိန်သိန်းမြင့် (ဦးစီးအရာရှိ)နှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ စမ်းချောင်းဇုန်နယ်မြေမှူးက သင်တန်းသားများအား အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးသို့ အပ်နှင်းခြင်းပြုပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက သင်တန်းသားများသို့ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တင်ဝင်းလေး (ကြည့်မြင်တိုင်)

လျှပ်စစ်ဓာတ်အား ကျသင့်ငွေ အိမ်တိုင်ရာရောက်ကောက်ခံမည်

ကျောက်မဲ အောက်တိုဘာ ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့်MCCကုမ္ပဏီလီမိတက်မှ လျှပ်စစ်ဓာတ်အားခကျသင့်ငွေများကို ကွန်ပျူတာစနစ်အသုံးပြုပြီး ကျောက်မဲမြို့နယ်ရပ်ကွက်၊ ကျေးရွာများတွင် အောက်တိုဘာ ၁၄ ရက်မှစတင်ပြီး ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့်အိမ်တိုင်ရာရောက်ကောက်ခံသွားတော့မည်ဖြစ်သည်။

မိမိတို့ကုမ္ပဏီအနေဖြင့် ဓာတ်အားခကျသင့်ငွေကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့်ကျောက်မဲ၊သီပေါ၊နောင်ချိုနမ္မတူ၊ နမ့်ဆန် စသည့် မြို့နယ်များတွင် လုပ်ပိုင်ခွင့်များ ရရှိခဲ့ကြောင်း၊ မိမိတို့ကုမ္ပဏီဝန်ဆောင်ခအဖြစ် တစ်စောင်လျှင်ငွေကျပ်၂၀၀ဖြစ်ကြောင်း၊ ၎င်းအပြင်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံး ငွေလက်ခံဌာနတွင်လည်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ပိတ်ရက်မရှိ မီတာခ ငွေများကို လက်ခံသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု မီတာကိန်းဂဏန်းများ လိုက်လံဖတ်ရှုခြင်းလုပ်ငန်းကို မိမိတို့ကုမ္ပဏီအနေဖြင့် မလုပ်ကိုင်ဘဲ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်သွားမည် ဖြစ်ကြောင်း M.CCကုမ္ပဏီလီမိတက်မှတာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

မောင်မောင်(ကျောက်မဲ)

စုပေါင်း၍ချုံနွယ်ပိတ်ပေါင်းများရှင်းလင်း

မော်လမြိုင် အောက်တိုဘာ ၁၂

၂၀၁၃ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံဝင်း အတွင်းများကိုမွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်အင်အား၁၃၀သည် ဆေးရုံဝန်ထမ်း ၄၀၊ စုစုပေါင်းအင်အား ၁၇၀တို့ဖြင့် စုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ သန့်ရှင်းရေး ပြည်သူ့အကျိုးပြုလုပ်ငန်းအား ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်သည့် နေရာသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်း၊ ဒုပြည်နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းဗိုလ်၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသန်းတင်၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညီလှတို့ လာရောက်ကြည့်ရှုအားပေးကြသည်။

(အောက်ပုံ) ကျော်သန်း(မော်လမြိုင်)

ရွှေရတုပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

မြိုင် အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ မြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၂-၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ရွှေရတုပညာရည်ထူးချွန်ဆုကြီးကြပ်ရေးကော်မတီ အဖွဲ့က ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၃ရက် နံနက် ၉နာရီက မြိုင် အထက ကျောင်းခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးကြည်ဝင်းက ပညာရေး တိုးတက်ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို မှာ ကြားခြင်း၊ မြိုင်အထက ကျောင်းအုပ်ဆရာကြီး ဦးညွန့်အောင်က စာမေးပွဲ အောင်ချက် မြင့်မားရေးမှာ အဓိက ဆရာ/ဆရာမများ၏ သင်ကြားမှုများကို ကျောင်းသားကျောင်းသူများက စည်းကမ်းလိုက်နာသင်ယူကြိုးစားမှသာလျှင် အရည်အချင်းမြင့်မား၍ ဂုဏ်ထူးရှင်များပေါ်ထွန်းကာ အောင်ချက်ရာနှုန်းပါမြင့်တက်လာမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုရရှိသူ ကျောင်းသားကျောင်းသူများအားဆုများချီးမြှင့်ကြရာ မြိုင်မြို့ အမှတ်(၁)ရပ်ကွက်နေ မောင်ဆက်နိုင်အောင်အား ဘာသာစုံဂုဏ်ထူးဆုနှင့် ပညာသင်အထူးဆုတို့ကို မြို့နယ်ရွှေရတုပညာရည်ထူးချွန်ဆုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌက ဆုများချီးမြှင့်ကြောင်း သိရသည်။ **(၁၃၅)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၁၅၄၄၂ Honda C90 Custom CMS, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီလီမြင့်(ခ)အိုက်လန် ၁၃/လရန(နိုင်)၀၆၅၀၄၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဝယ်လိုသည်

CNG Taxi

1.5/ဖင်ကောက်/

ပိုင်ရှင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၀၈၉၀၊ ၀၉-၇၃၂၁၆၄၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကံဘဲ့၊ မြေကွက်အမှတ်၂၀၊ မြေကွက်တည်နေရာအမှတ်၄၊ မင်္ဂလာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဦးဘိုးစိန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မြေစာရင်းအရ ဦးဘိုးစိန်(ဂရန်အရ ဦးဘိုးစိန်(ခ)W Fore Sein နှင့် ၎င်း၏ဇနီး ဒေါ်ကြည်ကြည် ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်မမကြည် ၁၂/ရကန(နိုင်) ၀၅၆၁၄၉၊ (၂) ဦးသန်းစိန် ၁၂/ရကန(နိုင်) ၀၅၅၉၁၉၊ (၃) ဦးဝင်းစိန် ၁၂/ရကန(နိုင်) ၀၅၄၉၇၉၊ (၄) ဦးထွန်းစိန် ၁၂/ရကန(နိုင်) ၀၅၄၃၉၁၊ (၅) ဦးလှဟန် ၁၂/ရကန(နိုင်) ၀၅၆၁၄၈၊ (၆) ဒေါ်မူမူအေး ၁၂/ရကန(နိုင်)၀၄၃၃၈၉၊ (၇) ဒေါ်ကြူကြူအေး ၁၂/ရကန(နိုင်)၀၅၅၉၁၂တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊မြေကွက်အမှတ်၁၇၅/ခ၊ မြေကွက်တည်နေရာအမှတ် (၁၇၅/ခ)၊ သူရဇလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်ကြီး၊ ဦးညွန့်မောင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ကြီး ကွယ်လွန်သဖြင့် ဒေါ်ခင်လှ ၁၂/မရက(နိုင်)၀၀၉၅၉၅နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးညွန့်မောင် ကွယ်လွန်သဖြင့် ဒေါ်စောနု ၁၂/ဥကတ(နိုင်)၀၂၄၈၅၀ တို့က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်းကျမ်းကျိန်လွှာများတင်ပြ၍ဒေါ်စောနုထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၀၃၆ (၁၆-၇-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ ဒေါ်စောစန္ဒာမင်း ၁၂/ဥကတ(နိုင်)၀၃၅၇၆၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၄၇၉၃/၁၃ (၂-၈-၂၀၁၃)ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ဣန္ဒာ ဖလမ်းအတွင်းရှိ အမှတ် ၅၂၆ဘီဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ဇ/၅၂၆ဘီ၊ ဧရိယာ ပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဒေါ်ခင်ခင်နွယ် ၁၂/ဥကမ(နိုင်)၀၃၁၈၀၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအေးကြိုင် B.Sc, H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၃၄)
ဖုန်း-၀၉-၅၁၂၅၁၀၆၊

ဦးချစ်ဝိုင်းမော် LL.B
အထက်တန်းရှေ့နေ(စဉ်-၄၁၅၇၆)
ဖုန်း-၀၉-၅၀၄၂၃၀၈

အမှတ်၁၀၃၀၊သုဇာတာဖလမ်း၊ (၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၆၊ မြေကွက်များအမှတ် ၆၉၇၊ ၆၉၈၊ ၆၉၉၊ ၇၀၀၊ ၇၀၁၊ ၇၀၂၊ ၇၀၃၊ ၇၀၄၊ ၇၀၅၊ ၇၀၆ ပါမစ်မြေကွက်များသည် ဦးသက်လွင်(ခ)အန့်ကူး ၁၂/ကတတ(နိုင်)၀၂၂၄၃၈အမည်ဖြင့်တည်ရှိပြီး အဆိုပါမြေကွက်များနှင့် အကျိုးခံစားခွင့်အားလုံးတို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်နန်းမြခိုင် ၁၃/လလန(နိုင်)၀၅၁၇၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သော မြေကွက်များနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးအသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ခင်သူဇာငြိမ်း LL.B
အထက်တန်းရှေ့နေ
အမှတ် ၇၇၉၊ ဇာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ခေမာသီလမ်းရှိ အမှတ် ၃၀၂၁/ခဟု ခေါ်တွင်သည့် မြေတိုင်းမြေကွက်အမှတ် (ဃ/၃၀၂၁/ခ)၊ ဧရိယာပေ (၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၁၀၉၀၄၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် အိမ်မြေဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများ တင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအေးကြိုင် B.Sc, H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၃၄)
ဖုန်း-၀၉-၅၁၂၅၁၀၆

ဦးကိုကိုအောင် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၅၄၇၃)
ဖုန်း-၀၉-၅၆၆၁၂၀၂

အမှတ် ၁၀၃၀၊ သုဇာတာဖလမ်း၊(၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁၊ မြေကွက်အမှတ် ၁၃၊ မြေအကျယ်အဝန်းပေ (၆၀×၆၀)ရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဒေါ်ခင်ပပနိုင် KTDA-၀၀၂၆၆၄အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်သွယ်သွယ်ဦး ၁၂/ရကန(နိုင်)၀၄၃၈၂၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်မိုး ၁၂/ဒဂမ(နိုင်)၀၀၂၁၈၈က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဝင်းဇော်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၃၁၀၀၄၉၉၄

ငြာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)
အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက်
လျှောက်လွှာများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)တွင် အောက်ဖော်ပြပါ အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

စဉ်	သင်တန်းအမည်	သင်တန်းကြေး	သင်တန်းကာလ	ဖွင့်လှစ်မည့်ရက်	လက်ခံသင်ကြားမည့်ဦးရေ
၁။	Post graduate Diploma in Web Engineering	၃ သိန်းကျပ်	၄၂ပတ်	၂၁-၁၂-၂၀၁၃	၃၀ ဦး

၂။ သင်တန်းချိန်များမှာ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ သင်ကြားမည်ဖြစ်ပါသည်။ တနင်္လာနေ့မှ သောကြာနေ့အထိ ညနေ ၄း၀၀နာရီမှ ညနေ ၆း၀၀နာရီအထိ လက်တွေ့ချိန်များ သတ်မှတ်ပေးပြီး သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

၃။ သင်တန်းသားများ၏ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များအတိုင်း လျှောက်ထားနိုင်ပါသည်-

(က) Post graduate Diploma in Web Engineering သင်တန်းကို ကွန်ပျူတာဘာသာရပ်နှင့် ၄င်းနှင့်ဆက်စပ်ဘာသာရပ်ဖြင့် ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

(ခ) လုပ်ငန်းခွင်မှ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်း/ဌာနအကြီးအကဲ၏ထောက်ခံချက်ဖြင့် လျှောက်ထားခွင့်ပြုမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်-

(က) အင်္ဂလိပ်ဘာသာနှင့် ဘာသာရပ်ဆိုင်ရာများအား Online ဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။

နေ့ရက်	အချိန်	နေရာ
၂၃-၁၁-၂၀၁၃(စနေနေ့)	နံနက် ၉း၃၀နာရီမှစတင်၍	ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)

(ခ) ဝင်ခွင့်စာမေးပွဲအောင်မြင်သူများသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)တွင် ၁၁-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ) ဖုန်း-၀၁-၅၃၇၃၉၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန
(ဧရာဝတီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈-C¹၊ မြေကွက်အမှတ် ၄၁၊ မြေကွက်တည်နေရာအမှတ် ၄၉၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်စီစီအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စီစီ ကွယ်လွန်သဖြင့် ဦးခင်စိုး ၁၂/စခန(နိုင်)၀၄၇၇၃၂၊ ဒေါ်စုစုဝင်း ၁၂/စခန(နိုင်)၀၁၆၂၆၆နှင့် ဒေါ်နုနုဝင်း ၁၂/စခန(နိုင်)၀၁၆၂၈၅တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၃၀၊ မြေကွက်တည်နေရာအမှတ် ၁၃၀၊ ဗထူး ၁ လမ်း၊ ၂ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးထွန်းမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးထွန်းမြင့် ကွယ်လွန်သဖြင့် ဇနီး ဒေါ်ထွေးရီ ၁၂/လသယ(နိုင်)၀၇၆၂၇၄က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၄င်းထံမှ GP ၁၀၆၉၇/၁၃ / ၂-၇-၂၀၁၃ ဖြင့် ပါဝါရသူ ဦးကြီးတင် ၁၂/ မရက(နိုင်)၀၆၅၄၂၆က ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၁၀၀၁ Kenbo CNA 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်မင်းစိုး ၉/ပကခ(နိုင်)၀၀၆၃၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန်ကြေညာချက်

GENERAL ARR MAHN THIT Co., Ltd. နှင့် ကုမ္ပဏီပိုင် HYUNDAI Car Show-room တွင် တာဝန်ပေးခံရသော ကုမ္ပဏီဝန်ထမ်းများဖြစ်သည့် ဦးသက်ထွန်းအောင် ၁၄/မမန(နိုင်)၁၄၆၂၃၈ နှင့် ဒေါ်မြင့်စန်းဖြူ ၁၄/ပသန(နိုင်)၁၆၁၇၁၂ တို့အား ကုမ္ပဏီ၏ စည်းမျဉ်း/စည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ကုမ္ပဏီဝန်ထမ်းအဖြစ်မှ ၇-၁၀-၂၀၁၃ ရက်မှစ၍ ထုတ်ပယ်လိုက်ပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၄င်းတို့နှစ်ဦးသည် အထက်ပါကုမ္ပဏီနှင့် ကားအရောင်းပြခန်းတို့နှင့် တစ်စုံတစ်ရာပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထွန်း B.A(Law), LL.B — **တရားလွှတ်တော်ရှေ့နေ**
ဒေါ်ခင်မျိုးသူ LL.B — **တရားလွှတ်တော်ရှေ့နေ**

အမှတ် ၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၆၁၉၅ Toyota Liteace, P/U(4× 2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၉/မတရ(နိုင်)၀၁၆၆၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၁၂၅၄၊ ပုဏ္ဏမီလမ်း၊ အကျယ်အဝန်းပေ (၄၀×၆၀)၊ ဧရိယာပေ ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူထံမှ ဝယ်ယူပိုင်ဆိုင်ထား၍ ၂၅-၆-၂၀၁၃ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၃၁၁/၂၀၁၃) ရရှိထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစံမြင့် ၉/မနမ(နိုင်)၁၁၀၅၄၇ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ
ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L (စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ

အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၂၈၅၊ ဧရိယာ ၀ ဒသမ ၀၆၁ဧက၊ စတုရန်းပေ ၂၆၄၀ ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ ၁လမ်း၊ အမှတ် ၈၆ဟုခေါ်တွင်သော နေအိမ် (ရေ၊ မီးအစုံ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေစာရင်းအမည်ပေါက်သူ ဒေါ်မင်္ဂလာသိန်း ၁၂/ကမရ(နိုင်)၀၃၇၂၂၆ B/RGN-၀၀၅၂၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ
ZAW FAMILY
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေစာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၉-၇၃၂၀၈၀၁၇

၁။ ဦးမြင့်သိန်း ၁၂/တမန(နိုင်)၀၅၅၉၈၇၊ တိုက်(၁)၊ အခန်း (၀၀၁/၀၀၃)၊ ၁၅ လမ်း၊ (A)ဘလောက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ၂။ ဦးဝင်းအောင် ၁၂/မဒန(နိုင်)၀၁၁၀၇၂၊ တိုက်(၆)၊ အခန်း (၁၀၂)၊ ဆယ်သိန်းရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၃။ ဦးမြင့်ဦး ၁၂/သဃက(နိုင်)၀၉၄၄၄၄၊ တိုက်(၆)၊ အခန်း(၄၀၄)၊ ၅ လမ်း၊ (A)ဘလောက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ၄။ ဒေါ်စန်းစန်းဝင်း ၁၂/ဥကတ(နိုင်)၀၉၅၈၄၁၊ အခန်း (၉၅၄)၊ သရေခေတ္တရာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ၅။ ဒေါ်သန်းသန်းစိန် ၁၂/ဒပန(နိုင်)၀၀၇၀၉၆၊ A-1၊ အခန်း (၁၁)၊ ယမုံနာရိပ်မွန်၊ ဒေါပုံမြို့နယ်၊ ၆။ ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်)၀၈၈၆၃၈၊ တိုက် ၂၆၊ အခန်း (၀၀၁/၁၀၁)၊ ၁၂ လမ်း၊ (B)ဘလောက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူများသိစေရန်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာဥယျာဉ်၊ ရိပ်သာ ၁ လမ်း၊ အမှတ် ၁၇၈ နေ ဦးသိန်းလင်းဇော် ၁၂/ပဇတ(နိုင်)၀၀၈၆၈၅ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

လူကြီးမင်းတို့သည် The Student's Supplement ပုံနှိပ်တိုက်လုပ်ငန်းအား အကြောင်းပြု၍ ကျွန်ုပ်၏မိတ်ဆွေကြီး ဦးသိန်းလင်းဇော်ခံမှ ငွေကျပ်သိန်း ၆၅၀ တိတိကို ယုံကြည်အောင်ပြောဆို၍ (၄-၃-၂၀၀၉)ရက်က ကျွန်ုပ်၏မိတ်ဆွေကြီးကုမ္ပဏီတည်ရှိရာ အမှတ် ၂၅၊ လိပ်ကန်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်ပြီး အဆိုပါငွေများအား ရယူသွားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေကြီးကလည်း ယခင်လူကြီးမင်းတို့နှင့် ခင်မင်ရင်းနှီးမှုများကြောင့် ယုံကြည်၍ပေးအပ်ခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်၏မိတ်ဆွေကြီးထံမှ လူကြီးမင်းတို့ အဆိုပါငွေကြေးများရယူသွားခဲ့ပြီးသည့်နောက်ပိုင်းတွင် လူကြီးမင်းတို့သည် အကြောင်းအမျိုးမျိုးပြ၍ ကျွန်ုပ်၏မိတ်ဆွေကြီးအား ငွေကြေးများပြန်လည်ပေးအပ်ရန် ရှောင်တိမ်းနေကြောင်း စုံစမ်းသိရှိရပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်၏ မိတ်ဆွေကြီးထံမှ လူကြီးမင်းတို့ ယုံကြည်အောင် ပြောဆိုရယူသွားခဲ့သော ငွေကြေးများအပေါ် ပြန်လည်ပေးဆပ်ရန်နှင့် အကယ်၍ မလိုက်နာပါက တည်ဆဲဥပဒေအရ တရားစွဲဆိုရမည်ဖြစ်ကြောင်း ဦးမြင့်သိန်းအပါအဝင် လူကြီးမင်းတို့သိစေရန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်သိန်း (စဉ်-၃၀၀၀) LL.B, D.B.L
ဒေါ်ခင်လတ်လတ်စိုး(စဉ်-၈၅၂၆) LL.B(Q), L.L.M,B.A (Business Law)

တရားလွှတ်တော်ရှေ့နေများ

ဒေါ်အိအိမောင်မောင် LL.B, Dip in Chinese (YUFL) အထက်တန်းရှေ့နေ (စဉ်-၄၂၀၈၉)

အမှတ် (၁၀/၁၂)၊ ပထမထပ်၊ အခန်း၁၀၂(B-၂)၊ ၃၅ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၃၉၅၉၆၊ ၀၉-၇၃၀၂၁၇၇၊ ၀၉-၄၅၀၀၀၅၇၂၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(ညောင်နှစ်ပင်) အထူးဇုန်(၂)၊ စီ ၉ လမ်း စိုက်ပျိုးရေးခြံအမှတ် ၅၃၃၏ မူလပိုင်ရှင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဖြူဖြူဆန်း ၁၃/တကန(နိုင်)၂၀၄၉၂၁ထံမှ ခြံကွက်အား တရားဝင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ခင်မျိုးနွယ် ၁၂/မဂတ(နိုင်)၀၄၁၈၈၅ထံမှ ကျွန်တော်ဦးကြည်စွန်း ၁၂/ကတန(နိုင်)၀၇၃၆၄၆က အပြီးအပိုင်ဝယ်ယူ၍ ဆက်စပ်စာချုပ်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်လျက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာကတ်တွင် အမည်ပြောင်းလဲရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီသို့ လျှောက်ထားမည်ဖြစ်ပါသဖြင့် ယနေ့ကြေညာသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်သူများရှိပါက မူရင်းစာရွက်အထောက်အထားနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်စွန်း ၁၂/ကတန(နိုင်)၀၇၃၆၄၆
ခြံအမှတ် ၅၃၃၊ စီ ၉ လမ်း၊ အထူးဇုန်(၂)

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၉ ရပ်ကွက်၊ ၃၁ လမ်း၊ အမှတ် ၅၀ နေ ဦးရွှေဇံမျိုးဟိန်း ၁၂/ပဘတ(နိုင်)၀၃၁၁၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

RUN YGN

အထက်ပါကုန်အမှတ်တံဆိပ်အမှတ်အသားသည် အထက်အမည်ပါ ကျွန်ုပ်အမှုသည် ဦးရွှေဇံမျိုးဟိန်း တစ်ဦးတည်းက မိမိမူပိုင်တံဆိပ်အမှတ်အသားအဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၁၀၄၂၈/၂၀၁၃ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်များဖြင့် ကျား၊ မ၊ လူကြီးဝတ်၊ ကလေးဝတ်၊ အသုံးအဆောင်၊ အင်္ကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ မိုးကာအင်္ကျီ၊ ဂျာကင်၊ စွပ်ကျယ်၊ ခရီးဆောင်အိတ်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ထီးအမျိုးမျိုးအပါအဝင် အခြားအသုံးအဆောင်ပစ္စည်းများတွင် မိမိတစ်ဦးတည်းမူပိုင်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူပြီး တုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှားတုပ၍ သံတူကြောင်းကွဲစာလုံးများသုံးစွဲ၍ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းနှင့်လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက ဦးရွှေဇံမျိုးဟိန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှုအတွက် ဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း LL.B,D.B.L, D.M.L — **စဉ်-၈၁၈၀** — **တရားလွှတ်တော်ရှေ့နေ** — **ဖုန်း-၀၉-၅၄၁၇၆၄၆**
ဒေါ်ခင်ချို LL.B — **စဉ်-၉၁၁၃** — **တရားလွှတ်တော်ရှေ့နေ** — **ဖုန်း-၀၉-၄၉၃၁၉၂၃၂**
ဒေါ်ခင်သူသူသန်း LL.B,LL.M — **စဉ်-၃၇၆၅၉** — **အထက်တန်းရှေ့နေ** — **ဖုန်း-၀၉-၄၂၀၀၀၈၈၈၃**

အိမ်ဖုန်း-၀၉-၇၃၁၄၇၉၅၁
အခန်း (၉/၁၁)၊ အခန်းအမှတ် ၁၀၁(ပထမထပ်)၊ ၃၆လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၄၄၅၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေစာရင်းအမည်ပေါက်သူ ဒေါ်ခင်မူ ၁၂/သဃက(နိုင်)၀၁၆၁၇၆ အမည်ဖြင့် မှတ်သားတည်ရှိပြီး စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အိသဥ္ဇာမိုး ၁၂/ရကန(နိုင်)၀၆၉၃၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)
LL.B, D.I.L, WIPO(Switzerland)
အထက်တန်းရှေ့နေ
ZAW FAMILY
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေစာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၉-၇၃၂၀၈၀၁၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(ညောင်နှစ်ပင်)အထူးဇုန်(၂)၊ စီ ၉ လမ်း၊ စိုက်ပျိုးရေးခြံအမှတ် (၅၃၄)နှင့် (၅၃၅)၏ မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးအောင် ၁၃/တကန(နိုင်)၂၈၇၄၇၈ ထံမှ ခြံကွက်အား တရားဝင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ခင်မျိုးနွယ် ၁၂/မဂတ(နိုင်)၀၄၁၈၈၅ထံမှ ကျွန်တော် ဦးစိုင်းဝင်းထွန်း ၁၃/တခလ(နိုင်)၀၃၄၆၇၉ နှင့် ဦးစိုင်းဝင်းအောင် ၁၃/တခလ(နိုင်)၀၃၄၈၂၄ တို့နှစ်ဦးက အပြီးအပိုင်ဝယ်ယူ၍ ဆက်စပ်စာချုပ်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်လျက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာကတ်တွင် အမည်ပြောင်းလဲရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီသို့ လျှောက်ထားမည်ဖြစ်ပါသဖြင့် ယနေ့ကြော်ငြာသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်သူများရှိပါက မူရင်းစာရွက်အထောက်အထားနှင့်အတူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုင်းဝင်းထွန်း ၁၃/တခလ(နိုင်)၀၃၄၆၇၉
အမှတ် ၅၃၄၊ ၅၃၅၊ စီ ၉လမ်း၊ အထူးဇုန်(၂)
ဦးစိုင်းဝင်းအောင် ၁၃/တခလ(နိုင်)၀၃၄၈၂၄
အမှတ် ၅၃၄၊ ၅၃၅၊ စီ ၉လမ်း၊ အထူးဇုန်(၂)

Fashion Euphoria (Junction Square)

သီတင်းကျွတ်အထူးဈေးရောင်းပွဲ

၁၂-၁၀-၂၀၁၃ရက် (စနေနေ့)မှ ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့)အထိ Fashion Euphoria (Junction Square) ၏ သီတင်းကျွတ်အထူးဈေးရောင်းပွဲတွင် လူကြီးမိဘများ၊ ဆရာသမားများအား သီတင်းကျွတ်ဂါရဝပြုကန်တော့ရန်နှင့် မိတ်ဆွေများအား လက်ဆောင်အဖြစ်ပေးရန်အတွက် ဆန်းသစ်လှပသော ပွဲထိုင်ဇာအမျိုးမျိုးကို အရောင်အသွေးလိုက်ဖက်ညီသော ပိုးထည်များနှင့်တွဲဖက်ပြီးလည်းကောင်း၊ Fashion Euphoria မှ ဖန်တီးတီထွင်ထုတ်လုပ်ထားသော ကွန်ပျူတာပန်းထိုး၊ ချိတ်ဒီဇိုင်း၊ ပန်းဒီဇိုင်းများကိုလည်းကောင်း 30% မှ 70% ထိ အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား လေးစားချစ်ခင်စွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

Fashion Euphoria (Junction Square)

Ph: 09-5105471, 09-43031520

ဝန်ထမ်း (အမြန်)အလိုရှိသည်

မြတ်အိန္ဒြေ Group of Companies

(နယ်ဆိုဒ်များ၌ ခန့်ထားရန်)

အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသောဝန်ထမ်းများ အလိုရှိသည်

၁။	B.E (Civil)/(Mining)	ကျား	၁၅ ဦး
၂။	B.Tech (Civil)/(Mining)	ကျား	၁၅ ဦး
၃။	AGTI (Civil)/(Mining)	ကျား	၁၅ ဦး
၄။	B.E (Mechanical)-(Beckhoe, Dozer)	ကျား	၁၅ ဦး
၅။	AGTI (Mechanical)-(Beckhoe, Dozer)	ကျား	၁၅ ဦး
၆။	ယန္တရားမှူး	ကျား	၁၅ ဦး
၇။	မော်တော်ယာဉ်မှူး	ကျား	၅ ဦး
၈။	မော်တော်ယာဉ်(စက်ပြင်)(Transporter, Tipper)	ကျား	၁၀ ဦး
၉။	ယာဉ်/စက် (Spare Parts ပစ္စည်း) စတိုစာရင်းကိုင်	ကျား	၁၅ ဦး
၁၀။	စိုက်ပျိုးရေးကျွမ်းကျင် (B.Arg/ ဒီပလိုမာ)	ကျား/မ	၂၀ ဦး
၁၁။	Checker/စိစစ်ရေးဝန်ထမ်း(၁၀တန်းအောင်/ဘွဲ့ရ)	ကျား	၂၀ ဦး
၁၂။	Computer စာစီစာရိုက် (DTP) A+(Networking)(ကျွမ်းကျင်)	ကျား/မ	၁၅ ဦး
၁၃။	B.Com CPA	ကျား/မ	၁၀ ဦး
၁၄။	LCCI (Level-1,2,3)ACCA	ကျား/မ	၅ ဦး
၁၅။	စာရင်းကိုင်ဘွဲ့ရ	ကျား/မ	၂၀ ဦး
၁၆။	စားဖိုမှူး	ကျား	၅ ဦး
၁၇။	Driver (ရုံးကား) မြို့တွင်းကျွမ်းကျင်ရမည်။	ကျား	၅ ဦး

- အထက်ပါရာထူးများအတွက် လုပ်ငန်းအတွေ့အကြုံသုံးနှစ်ရှိရပါမည်။
- အမှတ်စဉ် (4,5)(Hydraulic Excavator နှင့် Dozer)များကို ကျွမ်းကျင်စွာပြုပြင်နိုင်ရမည်။
- အမှတ်စဉ် (6) (ဆိုဒ်ရှိယာဉ်/စက်များနှင့် အုပ်ချုပ်ရေးအပိုင်းကို လုပ်ဆောင်နိုင်ရမည်။) (Excavator, Dozer, Dump Truck)
- အမှတ်စဉ် (7)(Transporter နှင့် Tipper)များ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အမှတ်စဉ်(9)အတွက် (ယာဉ်/စက် Spare Parts)ပစ္စည်းများ တတ်ကျွမ်းနားလည်သူ ဦးစားပေးမည်။
- ၃၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။
- အလုပ်သမား မှတ်ပုံတင်မိတ္တူပါရှိရပါမည်။
- ဆက်သွယ်ရန်လိပ်စာ - အမှတ် ၃၅၈/ဘီ၊ ဗေယျာခေမာလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၆၆၁၅၅၂၊ ၆၅၆၂၄၁၊ ၆၅၆၈၀၅၊ ၀၉-၅၁၅၄၀၀၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈၊ မြေကွက်အမှတ် ၁၅၆၊ မြေကွက်တည်နေရာအမှတ် ၁၅၆၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးအောင်ရန်လင်း ၁၂/ပဘတ(နိုင်)၀၀၀၃၄၁ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်ရန်လင်း (ကွယ်လွန်သဖြင့်) ဒေါ်ခင်မျိုးခိုင် ၁၂/တမန(နိုင်)၀၀၄၆၁၉က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် နှစ်၆၀ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ် ၆၄/က၊ မြေကွက်တည်နေရာအမှတ်-၆၄/က၊ စွယ်တော်လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင် ဦးစောသိန်း ၁၂/မရက(နိုင်) ၀၁၉၇၅၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား နှစ် ၆၀ ဂရန်မြေအမည်ပေါက် ဦးစောသိန်းမှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Hein Htet San Law Firm

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၉-သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊ မြေကွက် အမှတ် ၈၅၊ မြေကွက်တည်နေရာအမှတ် ၈၅၊ သစ္စာပန်းလမ်း၊ ၂၉ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ် ဦးလှရှိန် ၁၂/မရက(နိုင်)၀၇၉၀၉၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှရှိန်(ဖခင်)နှင့် ဒေါ်လှလှရီ(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်တင့်တင့်ရှိန် ၆/ထဝန(နိုင်)၁၁၇၈၃၃ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တေဇ(၁၉)ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားဖိတ်ကြားခြင်း

တေဇ(၁၉)၏ (၂၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားကို ၂၀-၁၀-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီအထိ ဆုထူးပန်ပရိယတ္တိစာသင်တိုက် ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်တွင် ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများ၊ မိသားစုဝင်များနှင့် နည်းပြဆရာများ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

CB Bank

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၉၉၄၉၂ Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် ၁၂/ဥကမ(နိုင်)၁၇၈၄၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၃၁၉

ဒေါ်ခိုင်စံပါယ် **နှင့်** ၁။ ဦးသောင်းမြင့်ထွန်း
၂။ ဒေါ်မြင့်မြင့်ခိုင်

တရားလို **တရားပြိုင်များ**

အမှတ် ၈၈၊ ဆင်ကန်လမ်း၊ ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁)ဦးသောင်းမြင့်မြင့်ထွန်း၊ (၂)ဒေါ်မြင့်မြင့်ခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက မေတ္တာဖြင့်ကူညီပေးထားသောငွေသိန်း ၁၀၀နှင့် နစ်နာကြေးငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၅ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၀ ။

ဒေါ်ခင်ရွှေ(ခ)ဏမင်ဆုံး **နှင့်** ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်

ဒီကရီအနိုင်ရသူ **တရားရုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ၁၊ အမှတ် (၄၇၊ ၄၈/၁၂) (ယခုနေရပ်လိပ်စာမသိ)နေ ဦးတုန်းလှိုင်နှင့် ဒေါ်ဆိုင်းသောင် သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၃၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၆ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁၁ ။

ဒေါ်ကူရောက်ကျင်း(ခ)ဂူးကျဲ့ **နှင့်** ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်

ဒီကရီအနိုင်ရသူ **တရားရုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ၁၊ အမှတ် (၄၇၊ ၄၈/၁၂) (ယခုနေရပ်လိပ်စာမသိ)နေ ဦးတုန်းလှိုင်နှင့် ဒေါ်ဆိုင်းသောင် သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၃၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ရန်ကုန်မြို့ရောက် မြောင်းမြမြို့၊ အမှတ်(၁) အထက ကျောင်းသား ကျောင်းသူဟောင်းများသို့ မြတ်ဆရာပူဇော်ပွဲအကြို ညှိနှိုင်းအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

မြောင်းမြမြို့၊ အမှတ်(၁)အထကကျောင်းကြီးတွင် တာဝန်ထမ်းဆောင်ကာ အငြိမ်းစားယူထားသည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် မြတ်ဆရာပူဇော်ပွဲကို ၁၂-၁-၂၀၁၄ရက်တွင် မြောင်းမြမြို့၌ ကျင်းပမည်ဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများ အကြိုညှိနှိုင်းအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အမိကျောင်းတော်ကြီး၌ ပညာသင်ကြားခဲ့ဖူးသူ ကျောင်းသား ကျောင်းသူဟောင်းအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(က) **ကျင်းပပြုလုပ်မည့်နေ့ရက်** - ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)
(ခ) **ကျင်းပပြုလုပ်မည့်အချိန်** - မွန်းလွဲ ၁း၀၀နာရီ
(ဂ) **ကျင်းပပြုလုပ်မည့်နေရာ** - ဘီအိုစီ၊ ပိဋကတ်တိုက်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ မင်္ဂလာဗျူဟာအသင်းချုပ်အနီး၊ ရန်ကုန်တိုင်းဒေသကြီး

မြောင်းမြမြို့ အမှတ်(၁)အထက မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ(ရန်ကုန်)

အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ရွှေဘိုလမ်း၊ (၁)ကွက်၊ မဟာသောဘိတာရာမကျောင်းတိုက် (ဈေးတောင်ကျောင်းကြီး)အတွင်း၌တည်ရှိသော (အခမဲ့)နာရေးကူညီမှုအသင်းကြီးသည် **ပြင်ဦးလွင်(အခမဲ့)နာရေးကူညီမှုအသင်း**အဖြစ် မှတ်ပုံတင်ခဲ့ရာ ၈-၇-၂၀၁၃ ရက်တွင် မှတ်ပုံတင်အမှတ်(၉/၂၀၁၃)အရ တရားဝင်အသင်းကြီးအဖြစ် ယာယီမှတ်ပုံတင်ရရှိခဲ့ပါသည်။

ပြင်ဦးလွင်မြို့၊ ဈေးတောင်ကျောင်းကြီးအတွင်းတည်ရှိသော (အခမဲ့)နာရေးကူညီမှုအသင်းသည် **ပြင်ဦးလွင်(အခမဲ့) နာရေးကူညီမှုအသင်း**ကြီးသာဖြစ်ပါကြောင်းနှင့် အခြားအသင်းနှင့်ရောထွေးမှုမရှိစေရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဤ**ပြင်ဦးလွင် (အခမဲ့)နာရေးကူညီမှုအသင်း**သည် ယခင်ဤလိပ်စာတွင်ဖွင့်လှစ်ခဲ့သော သန္တိသုခလူမှုကူညီရေးအသင်းနှင့် လုံးဝ ပတ်သက်မှုမရှိပါကြောင်းနှင့် သန္တိသုခ ဈေးတောင်ကျောင်းကြီးအမည်ဖြင့် လုံးဝ(လုံးဝ)အလှူခံခြင်းလည်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်(အခမဲ့)နာရေးကူညီမှုအသင်း
ဈေးတောင်ကျောင်းကြီး၊ ပြင်ဦးလွင်မြို့

လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းဇော်
(D.S.A-18 . INTAKE)
အသက်(၅၉)နှစ်

စစ်တက္ကသိုလ်(၁၈)မှ ဦးသိန်းဇော်သည် ၁၀-၁၀-၂၀၁၃ ရက် ၁း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **စတသ(၁၈)မှ သူငယ်ချင်းများ**

ဒေါ်ချိုချိုစန်း (ထားဝယ်)
အသက်(၄၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်၊ ဦးဖို့လမ်း၊ အမှတ် ၁၉၄ နေ ဦးဝင်းနိုင်၏ဇနီး၊ မမို့မို့စံ၊ မချယ်ရီစံ၊ မောင်ဝေယံအောင်တို့၏မိခင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်(အနောက်) အောင်မြေသာစည်အိမ်ရာ၊ တိုက် ၂၊ အခန်း ၅၀၄၌ ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကမာရွတ်မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးချင်တိတ်(မြိတ်)
အသက် (၉၆)နှစ်

ဒေါ်ကြည်ဝေ၏ဖခင် ဆရာကြီးဦးချင်တိတ်သည် ၈-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။
၁၉၇၅-၁၉၇၉ မော်လမြိုင်ကောလိပ်၊ ဓာတုဗေဒကျောင်းသား ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်စိန်
အသက် (၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီးဒေါ်စိန်စိန်သည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ
ထာဝရကုမ္ပဏီ
ကောလင်း၊ ကျောက်ပုထိုး သတ္တုတွင်း

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးကျော်ဒင် (မြင်းခြံ)
အသက် (၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ်၁၅၀၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးမောင်မောင်-ဆရာမ ဒေါ်တင်နွဲ့ (အထက-၂၊ ပုဇွန်တောင်)တို့၏ဖခင်ကြီး ဦးကျော်ဒင်သည် ၂၈-၉-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဆရာ ဦးလှဖေ၊ ဆရာမ ဒေါ်တင်တင်အေး၊
ဒေါ်သန်းတင်အောင်၊ ဒေါ်ခေမာဝေ၊ ဒေါ်ခင်အေးမြ၊ ဒေါ်ရီရီရှိန်နှင့်
တပည့် ကျောင်းသား ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးပြုံး (ရောင်ရီပြုံး) (မုံရွာ)
အသက် (၈၆)နှစ်

ဦးငွေးကြူ-ဒေါ်ယဉ်ယဉ်လှ၏ ဖခင် ဦးပြုံး (ရောင်ရီပြုံး) မုံရွာ အသက် (၈၆)နှစ်သည် ၃၀-၉-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။
၁၉၈၃-၁၉၈၆ ရန်ကုန်စက်မှုတက္ကသိုလ်
မြို့ပြအင်ဂျင်နီယာကျောင်းသား ကျောင်းသူများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး
ဒေါ်ရင်စိန်(ခ)ဒေါ်ကျင်ပု
(တွံတေး)
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်းမတော်လမ်း၊ (၂)ရပ်ကွက်၊ အမှတ် ၁၆၆ (ဒုတိယထပ်)နေ (ဦးခွန်ပေါ်-ဒေါ်နီ)တို့၏ သမီးကြီး၊ [ဦးမောင်ကို(ခ)တြော်ကျီကို]၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်ဝင်း (ခေတ္တ-USA)၊ ဒေါ်ခင်တင့်(ခ)မအမ်းတူး(သံဈေး)၊ ဒေါ်ခင်ခင်အေး(အထက- ၂၊လသာ၊အလယ်တန်းပြ၊ငြိမ်း)၊ (ကိုဝင်းလွင်(ခ)အစိမ်း)၊ ကိုအေးနိုင်-ဒေါ်ခင်ခင်စိုး(ခ)အန္တီးတို့၏မိခင်၊ မောင်လင်းမြတ်အောင်၊ မသဲစုနိုင်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

အဆိုတော် မေမြို့ခင်မောင်မြင့်(ခ)ဦးအုန်းဖေ
အင်/ယာ(စ)ထူး(ငြိမ်း)
စာရေးဆရာ၊ သိပ္ပံမဂ္ဂဇင်းအယ်ဒီတာ
အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၃၇၊ အခန်း ၆ နေ (ဦးလေးမောင်-ဒေါ်စောမေ)တို့၏သား၊ ဒေါ်ခင်ထားထား၏ခင်ပွန်း၊ (ရဲမှူးကြီးဦးသန်းတင်)-ဒေါ်မြမေ၊ သိပ္ပံမှူးတင်-(ဒေါ်ခင်ညွန့်)၊ (ရဲမှူးဦးအောင် မြင့်)-ဒေါ်ရီရီတို့၏ညီ၊ ဦးတင်ထွန်း-ဒေါ်ငွေ၊ (ဦးတင်အောင်)၊ (ဒေါ်ညွန့်ညွန့်)၊ (ဦးရဲမြင့်)၊ ဒေါ်လဲ့လဲ့တို့၏အစ်ကို၊ ဦးညွန့်ရွှေ-ဒေါ်သင်းခွာညိုလှိုင်၊ ဒေါ်စံပယ်ဖြူ ဒေါ်စကားဝါ၊ ကိုစိုးညွန့်ဇော်တို့၏ဖခင်၊ မောင်ချမ်းမြေ့ကိုကိုတို့၏အဘိုးသည် ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း ဦးလှမိုး အသက် (၇၅)နှစ်သည် ၁၀-၁၀-၂၀၁၃ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဦးခင်မောင်ရီ ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့သစ်လုပ်ငန်းမိသားစုနှင့်
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးတင့်ဆန်း(ငြိမ်း)
ရေကြောင်းပြမှူးကြီး
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဒေါ်ခင်အေးကြူ၏ ချစ်လှစွာသောခင်ပွန်း၊ မဝင့်ဇာနီ၊ မလဲ့မွန်ဆန်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဗိုလ်မှူးတင့်ဆန်း(ငြိမ်း) ရေကြောင်းပြမှူးကြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၉-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
ဝန်ထမ်းမိသားစုများ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မေမေခင်(ခ)
ဒေါ်မေမေကြည်(မော်လမြိုင်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးမြသိန်း-ဒေါ်သိန်းကြွယ်)တို့၏သမီးလတ်၊ သုံးဆယ်မြို့နေ (ဦးဘိုးဆန်း-ဒေါ်ဖွားညွန့်)တို့၏ သမီးချွေးမ၊ (ဦးထိန်ဝင်း-ဒေါ်သန်းစိန်)၊(ဒေါ် မေမေသီ)-ဦးသောင်းငွေတို့၏ညီမ၊ ဦးထိန်လင်း-(ဒေါ်ခင်ရှိန်)၊ (ဦးသန်းထွတ်ဇော်)၊ (ဦးဝင်းဖေ)-ဒေါ်ရီရီမြင့်၊ ဒေါ်သစ်သစ်လွင်(ခ)ဒေါ်မေမေအေး-ဦးဇော်ဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၂၀(က)၊ ဒုတိယထပ်(ယာ)နေ ဗိုလ်ကြီးတင်အောင်(ငြိမ်း) (ညွှန်မှူး၊ ငြိမ်း၊ ဆသရဦးစီး)၏ဇနီး၊ (ဒေါ်အာယုမေ)-ဦးအောင်မြင်သန်း၊ ဒေါ်စန်းယုမေ (မော်ကွန်းထိန်း YUFL)-(ဗိုလ်မှူးအောင်ခင်စိုး)၊ ဒေါ်စောယုမေ (အလက-၁၊ ပုဇွန်တောင်)-ဗိုလ်မှူးသန့်ဇင် (ငြိမ်း) လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် (ခရမ်း)တို့၏ မိခင်၊ Dr.မြတ်သက်နွယ်၊ မောင်ညာဏ်မင်းယု (စတုတ္ထနှစ်၊ သွား/ဆေးတက္ကသိုလ်)၊ မောင်ကောင်းမြတ်သူ (ဒုတိယနှစ်၊ မြို့ပြ၊ WYTU)၊ မမြတ်ပွင့်ဖြူ (ဒုတိယနှစ်၊ စိတ်ပညာ)တို့၏အဘွားသည် ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ဝင်း၊ တိုက် ၃၊ အခန်း ၂၊ မြေညီထပ်၊ သထုံလမ်းနေအိမ်၌၁၁-၁၀-၂၀၁၃ ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၃ရက် နံနက် ၈နာရီမှ ၁၂နာရီအထိ သထုံလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးထွန်းမြင့်
(တကကက-ငြိမ်း)၊ တဆတ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၂/က၊ စံပြရပ်ကွက်၊ ကာယသုခအပြင်လမ်း၊ အမှတ် ၄၁နေ (ဦးချမ်းသာအောင်-ဒေါ်လှသာ)တို့၏သား၊ (ဦးလှအောင်- ဒေါ်လှရှင်ဖြူ)တို့၏သားသမက်၊ တပ်ကြပ်ကြီး ကျော်စိန်မြင့် (ဆကရ၊ မင်္ဂလာဒုံ)-ဒေါ်ခင်ရီ၊ ဦးကျော်ရွှေမြင့် (အုပ်ချုပ်ရေးမှူး၊ ၂/က၊ စံပြရပ်ကွက်)-ဒေါ်တင်တင်ငွေး၊ ဦးကျော်စွာမြင့်-ဒေါ်ဂင်မီရာ (ခေတ္တ-ကိုရီးယား)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်စိန်နု၏ခင်ပွန်းသည် ၁၀-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင်တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

တစ်လပြည့်လွမ်းဆွတ်တသသအမျှဝေခြင်း

၁၄-၉-၂၀၁၃ရက်(စနေနေ့)တွင် ရုပ်-နာမ်ခွဲခွာသွားသော သမီးငယ် လမင်းချိုအား ရည်စူးလျက် တစ်လပြည့်မြောက်နေ့တွင် ဇေယျာသီရိမိဘမဲ့ အမျိုးသမီးဂေဟာ၌ ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုအား သမီးငယ်ရရှိပါစေရန် အမျှအတန်းပေးဝေပါ၏.....။
ဘွားဘွား-ဒေါ်စန်းရီ
ဖေဖေ-ဦးအောင်သာချို-မေမေ ဒေါ်ခင်ခင်ဦး
သမီးကြီး-မမြတ်စုချို(အထက-၄၊ မိုင်)
ထီးနီကုန်း၊ လမ်းမတော်၊ တောင်ငူမြို့

(၆)လပြည့်လွမ်းဆွတ်သတိရခြင်း
နန့်အေးအေးလှိုင်
စီးပွားရေး (BBA)
(၁၃-၄-၂၀၁၃)-(၁၃-၁၀-၂၀၁၃)
အသက်(၂၁)နှစ်

သမီးရေ မိသားစုဘဝထဲက မမျှော်လင့်ဘဲ ခွဲခွာသွားတာ ၁၃-၁၀-၂၀၁၃ ရက်ဆိုရင် ခြောက်လပြည့်ပြီးဖြစ်သော်လည်း မိသားစုရင်ထဲမှာ သမီးလေးရဲ့ ပုံရိပ်များက ထင်ဟပ်နေဆဲပါ။ သမီးလေးရဲ့ ဘဝမှာ အလုပ်ချင်ဆုံးဖြစ်သော ဘုရားသခင်အမှုတော်မြတ်၌ ပါဝင်လုပ်ဆောင်ချင်တဲ့ သမီးလေးရဲ့ ဆန္ဒပြည့်ဝစေနိုင်ဖို့ရန် လိုအပ်သူများအားကူညီ ပေးကမ်းခြင်းကို သမီးလေးရှိတဲ့ ကောင်းကင်ဘုံမှ ကျေနပ်၍ပျော်ရွှင်နိုင်ပါစေ။
ဖေဖေ- ဦးရောဘတ်
မေမေ- ဒေါ်စင်ဒရဲလား
မမ- နန့်အေးအေးဖြူ- ကိုသန်းအောင်
တူလေး-လုံးလုံး

ဦးကျော်စိန် (မ/ဥက္ကလာပ)
(ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ)
အသက် (၇၈)နှစ်

၁၀-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည်မှာ တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့၍မရကြပါ။

ကျွန်ုပ်တို့ပြုခဲ့သမျှ ကောင်းမှုကုသိုလ်တို့အား ရောက်လေရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေအပ်ပါသည်။

အမျှ-အမျှ-အမျှ

နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ

အထူးဝမ်းနည်းကြေကွဲခြင်း
ရဲမှူးတင်ထွန်း
ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး
အသက် (၅၈)နှစ်

သူငယ်ချင်း ဒေါ်ယဉ်ယဉ်မြင့် (ရဲအုပ်-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း ရဲမှူးတင်ထွန်းသည် ၇-၁၀-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။
နယ်ဖြစ် ဒုရဲအုပ်လောင်းသင်တန်း
အမှတ်စဉ် (၉/၈၄)မှ သင်တန်းဆင်း
သူငယ်ချင်းများ

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ မအိဘရား ၁၃/မဆန(နိုင်) ၀၃၆၆၀၇သည် တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ဝမ်လိရွာ၊ မိုင်းယွန်းဆီပန့်အနီးရှိ မြေကွက်အလျားပေ(၁၀၂×၁၀၀)၊ အနံ(၁၀၃×၁၀၂)ပေရှိ မြေကွက်အား ဦးဆမ်သောင်း ၁၃/တခလ(နိုင်) ၀၆၀၅၀၇မှ စာချုပ်ချုပ်ဆို ပေးကမ်းခဲ့ပါသည်။ ယင်းမြေကွက်အားမြေပြောင်းဂရန် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။
မအိဘရား ၁၃/မဆန(နိုင်)၀၃၆၆၀၇

ဝမ်းနည်းကြေကွဲခြင်း
ဦးအုန်းသန်း
အသက်(၆၆)နှစ်

ဦးမင်းသူ Director, International Geomatic Services Co.,Ltd. ၏ ဖခင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ အမှတ် ၄၇၊ စီ ၂ နေ ဦးအုန်းသန်း အသက် (၆၆)နှစ်သည် ၉-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
International Geomatic Services Co., Ltd.

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမန်းစံအဲလ်ဖရက် (ရဲအုပ်၊ ငြိမ်း၊ လသာ)
ဓမ္မအမှုတော်ဆောင်၊ လေးဘက်သွားရွာ၊ မြောင်းမြမြို့နယ်
အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သာယာကုန်းကျေးရွာနေ(မန်းဘိုးသာ-ဂျဲချောရွှေ)တို့၏သားကြီး၊ ဒေါ်နန်းအေးအေး၏ခင်ပွန်း၊ဂျီယောခေါ-ဒေါ်ခင်ငြိမ်း (လယ်၊ပြ၊ အထက၊ ပန်ဝါ)၊ ဒေါ်နန်းအေးမိစံ (ဦးစီးအရာရှိ၊အား/ကာ)၊ စစည်သူစံတို့၏ဖခင်၊မခေါဝေါန်၊ မောင်ခေါယောတို့၏အဘိုး၊ မန်းဂေါ်ဒင်-ဒေါ်စနိုးရှိုက်ဒင်၊မန်းလီယို-(ဂျဲမာမာစိန်)၊မန်းထိုင်းဂယ်-ဂျဲမူမူစိန်၊မန်းညီညီထွန်း-ဒေါ်ခင်အေးနုတို့၏အစ်ကိုကြီးသည် ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ၆း၂၅နာရီတွင် တိုက် ၃၊ အခန်း ၃၀၄၊ အား/ကာဝန်ထမ်းအိမ်ရာတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ကျေးဇူးအထူးတင်ရှိခြင်း
B.B.S ဦးဝင်းတင်(ခ) BERNIE TIN
(MEOSA-68)
(U.B.A., Air France, B.B.S., UNICEF, MOPTA; Co-Founder){ Retired}
အသက် (၆၃)နှစ်

၁၆-၉-၂၀၁၃ရက်(တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားသော ဦးဝင်းတင် (၆၃)နှစ် နာမကျန်း၍ ဗန်ကောက်မြို့ Samitivej Sukhumvit Hospital တွင် သွားရောက် ခွဲစိတ်ကုသမှုခံယူခဲ့စဉ်ကာလအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ Email ဖြင့် သော်လည်းကောင်း၊ နှစ်သိမ့်အားပေးသတင်းမေးကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လိုအပ်သောအကူအညီများအား လိုလားစွာပေးခဲ့ကြသော ဗန်ကောက်မြို့ရှိ Golden Pyramid Travel & Tours Co., Ltd. နှင့် ရန်ကုန်မြို့ရှိ Columbus Travel & Tours Co., Ltd. မှလူကြီးမင်းများ၊ Vanbreda Insurance Co., [Malaysia]မှ တာဝန်ရှိသူများ အားလည်းကောင်း၊ ရန်ကုန်မြို့ရှိ အာရှတော်ဝင်ဆေးရုံကြီးတွင် ဆက်လက်ဆေးကုသမှုခံယူခဲ့စဉ် ကာလ၌လည်း စေတနာအပြည့်ဖြင့် ပြုစုကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ပြီးချိန်တွင်လည်း ဈာပနကိစ္စအဝဝအား ကိုယ်စွမ်းဉာဏ်စွမ်းဖြင့်လစ်ဟာမှုမရှိအောင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသော (YKKO Group of Companies Limited, Myanmar Culinary Holdings Co., Ltd., bbq Chicken Restaurant၊ Purple Sky Holdings Co., Ltd. တို့မှ မိသားစုများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ပန်းစည်းများပေးပို့ခြင်း၊နောက်ဆုံးခရီးဈာပနအခမ်းအနားအား လိုက်ပါပို့ဆောင်ပေးခြင်း၊ ဘုရားအမှူးရှိသော သံဃာတော်များအား ရက်လည်ဆွမ်းကျွေးရာ၌ အလှူငွေများ၊လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးဝါးမျိုးစုံ၊ သင်္ကန်းပရိက္ခရာများ၊ မုန့်၊ ခဲဖွယ်များလှူဒါန်းခြင်း အစရှိသောကိစ္စအဝဝတို့၌ ကူညီအားဖြည့်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ UNICEF Myanmar Country Office; Education Section, Admin Section, Travel Section၊ အခြားဌာနခွဲများနှင့် ပြည်တွင်းပြည်ပမှ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ M.E.H.S နှင့် MEOSA-68 Batch မှ သူငယ်ချင်းများ၊ Myanmar Orient Pacific Travel Agency (MOPTA) မိသားစု၊ B.B.S. Old Staff Association နှင့် U.B.A မှ လုပ်ဖော်ကိုင်ဖက်ဟောင်းများ၊ Columbus Travel & Tours Co., Ltd. မိသားစု၊ Eternal Flowers; Flora Services မိသားစု၊ ပြည်ပရောက် ငယ်သူငယ်ချင်းများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ (Ye' Yint Co., Ltd. (Stallion Lubricants)၊ Limited Swam Motors, Best 149 International Limited Device Services Co.,Ltd.တို့အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်းသတင်းမေးမျှဝေခံစားပေးကြပါသော ရပ်ဝေးရပ်နီးမှ သူငယ်ချင်းမိတ်ဆွေသင်္ဂဟများ၊ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ရာ၌ ဈာပနအခမ်းအနားအစမှ အဆုံးကူညီပေးခဲ့ကြပါသော လူမှုကူညီရေးအသင်း(သဃ်န်းကျွန်း)မှ တာဝန်ရှိသူများ၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးပေးခဲ့သော ကိုအောင်မျိုး (am photography & design)၊ ဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စိန်စိန်

အသက်(၉၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး-ဒေါ်ဝေဝေခိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စိန်စိန် အသက်(၉၂)နှစ်သည် ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၈နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း မိသားစု

ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး

ဒုတိယဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း)

ရေကြောင်းပြမှူးကြီး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

D.S.A အပတ်စဉ်(၂၃)

အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သုဝဏ္ဏမြို့၊(၂၉)ရပ်ကွက်၊အမှတ် ၉၄နေ ဦးညိုလှအောင်-ဒေါ်သန်းသန်းလှတို့၏သားကြီး၊ ဒေါက်တာသိန်းနိုင်-ဒေါ်မြမြသန်း (အထက-၁၊ သဃ်န်းကျွန်း)၏မောင်၊ ဒုတိယဗိုလ်မှူးကြီးဘသန်း-ဒေါ်လွင်လွင်ဇော်၊ ဦးခိုင်မင်းအောင်-ဒေါ်မြတ်မင်းမင်းညိုတို့၏အစ်ကို၊ မချိုသဉ္ဇာနိုင်(A.E. Singtel: Singapore)၊ ဗိုလ်ကြီးကျော်ဇင်သန်းဦး၊ မောင်အောင်မျိုးမြတ်နိုင်[Spica Services (S) Pte. Ltd. Claim Executive]၊ မောင်ဝေဖြိုးအောင်(1st Yr. M.C ၊ နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ)၊ မောင်ထက်မြက်အောင်၊ မသဇင်မြတ်နိုး၊ အင်ကြင်းမေသူ၊ မြတ်နိုးမေသူတို့၏ဦးလေးသည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းဇံ(ခ)ငန်ပိန်းချန် (နေပြည်တော်၊ ပျဉ်းမနားမြို့)

ပျဉ်းမနားမြို့၊ ကြန့်တိတ်ဘုံကျောင်း၊ ဥက္ကဋ္ဌဟောင်း

အသက်(၈၅)နှစ်

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ပဲလှော်လမ်း(ခ)မြို့ပတ်လမ်း၊ အမှတ် ၈/၇၂ နေ ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးကြင်မင်း(ဒါရိုက်တာ၊ CB Bank)-ဒေါ်မီမီလှိုင်၊ ဦးကိုကြီး(Hein Si Co.,Ltd.)-ဒေါ်စန်းစန်းမြင့်၊ ဦးကိုလေး(Maxxis Tire, Hein Si Co.,Ltd.)-ဒေါ်ခင်ခင်ဆွေ၊ ဒေါက်တာခင်ဟုန်(U.S.A.N.Y)-ဦးစိုးအောင်၊ ဦးသိန်းထွေး (ဒုဥက္ကဋ္ဌ၊ CB Bank) - ဒေါ်ခက်ခက်ကြူတို့၏ ဖခင်၊ ဒေါက်တာဇင်ဝေထွန်း(M.O Asia Royal Hospital)၊ မောင်နေမျိုးထွန်း(ဓေတ္တ-စင်ကာပူ)၊မောင်မြတ်စံ၊မဆုမြတ်အောင်၊မောင်ပြည့်ဖြိုးအောင်၊မောင်ဟန်မင်းစိုး၊ မစုလင်းမေ၊ မမေလင်းလင်းဟန်၊ မောင်အောင်ခန့်ပိုင်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၃ရက်(စနေနေ့)နံနက် ၀၀း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၂၅၁၊ ကံ့ကော်မြိုင်လမ်းနှင့် ခရေမြိုင်လမ်းထောင့်၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

နေပြည်တော်-ပျဉ်းမနားမြို့နယ်

အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့နေ ဒေါ်ခင်ကြည်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးသိန်းထွေး(CB ဘဏ်၊ ဒုတိယဥက္ကဋ္ဌ)-ဒေါ်ခက်ခက်ကြူတို့၏ဖခင်၊ ဦးသိန်းဇံ(ခ)ငန်ပိန်းချန် အသက်(၈၅)နှစ်(နေပြည်တော်-ပျဉ်းမနားမြို့နယ်)သည် ၁၂-၁၀-၂၀၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရပါဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဘဦးသိန်းဇံ ကောင်းရာသုဂတိလားပါစေ။

အယ်ဒီတာချုပ်နှင့် ဝန်ထမ်းများ

မြန်မာသံတော်ဆင့်သတင်းဂျာနယ်

ဦးခင်ဇော် (ပုသိမ်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ဧရာဝတီဝင်း၊ အမှတ် ၁၀/၅၁၅နေ (ဦးလှ-ဒေါ်ကျင်မေ)တို့၏သား၊ ပုသိမ်မြို့နေ (ဦးအောင်ဇံလှ-ဒေါ်မယ်ခို)တို့၏သားသမက်၊ဒေါ်မြရင်၏ခင်ပွန်း၊ ဦးစန်းကျော်-ဒေါ်အိအိခိုင်၊ (ဦးသန်းကျော်)-ဒေါ်ခင်ငွေးဝင်း၊ ဦးမျိုးသန့်-ဒေါ်မြင့်မြင့်ရွှေ၊ ဦးမျိုးကျော်-ဒေါ်ခင်စန်းဝေတို့၏ဖခင်၊ မောင်ဖြိုးကျော်-မဇင်မာအောင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁-၁၀-၂၀၁၃ရက် ညနေ ၃း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်အေးသန်း (မော်လမြိုင်)

အသက်(၉၁)နှစ်

မော်လမြိုင်မြို့နေ (ဦးစံသိန်း-ဒေါ်သိန်းတင်)တို့၏သမီး၊ ကျိုက်လတ်မြို့နေ(ဦးဘတူ-ဒေါ်ရေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၈နေ (ဗဟိုတရားရုံးရှေ့နေကြီး ဦးတင်ညွန့်)၏ဇနီး၊ (ဦးအုန်းသွင်-ဒေါ်ညွန့်ရီ)တို့၏ညီမ၊ (ဦးစန်းရှိန်-ဒေါ်နုယဉ်)၊ (ဦးသန်းထွန်း)-ဒေါ်ခင်မြစိန်၊ ဦးသိန်းညွန့်-ဒေါ်သီသီအောင်တို့၏အစ်မကြီး၊ ဦးအောင်ခိုင်ညွန့်-ဒေါက်တာတင်တင်အေး၊ ဦးမြင့်ရွှေ(ခ)ဦးဘဘု-ဒေါ်ပဘာညွန့်(ခ)မချို၊ ဒေါက်တာလွင်ထွန်း-ဒေါ်ဥမ္မာညွန့်(USA)၊ ဦးအောင်မျိုးဦး-ဒေါ်နွယ်နီညွန့်(USA)တို့၏မိခင်၊ ဒေါက်တာနှင်းနန္ဒာလွင်ထွန်း(USA)၊ ကိုလှိုင်ပြည့်စုံဦး-မတိုးကျော်မြင့်၊ ဒေါက်တာတေဇာလွင်ထွန်း(USA)၊ ဒေါက်တာသီဟပြည့်စုံ၊ မကေခိုင်ညွန့်တို့၏အဘွား၊ ရွှေသုနန္ဒရီတို့၏ဘွားဘွားကြီးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၄၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း၊ ရေဆိပ် ဒါယကာကြီး

ဦးနိုင်အေး (ကျိုက်ထော်)

(နိုင်လင်းအေး သံဆိုင်)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၅၃-စီ၊ ၅၆လမ်းနေ ဒေါ်မြသောင်း၏ခင်ပွန်း၊ ဒေါ်ချိုချိုဝင်း(အထက-၂၊ တာမွေ၊ ငြိမ်း)၊ ဦးဝင်းဇော်-ဒေါ်သင်းသင်းအေး(နိုင်လင်းအေး၊ သံဆိုင်၊ တ/ဒဂုံစက်မှုဇုန်-၃)၊ ဦးအေးနိုင်စိုး-ဒေါ်စုစုလှိုင်(Winning Security Group Co.,Ltd.)၊ ဦးကျော်ရင်-ဒေါ်ခင်အေးကြိုင် (Happy Guest House၊ ကျိုက်ထို)၊ ဦးရန်လင်းအေး-ဒေါ်တင်ဇာဘုန်း(ဓေတ္တ-UK)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၆း၂၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဥတ္တမထေရီ(ခ)

ဒေါ်အုန်းစိန်

အသက်(၈၈)နှစ်၊ ဝါတော်(၂၆)ဝါ

ပျော်ဘွယ်မြို့နယ်၊ အုပ်ဆပွင့်ရွာနေ (ဦးဖိုးဟန် - ဒေါ်မယ်သင်)တို့၏သမီး၊ ပျော်ဘွယ်မြို့နယ်၊ မကျီးတန်းရွာ၊ ဇောဓိစကြာကျောင်းဆရာတော် ရှင်ဗုဒ္ဓရက္ခိတ၏အစ်မတော်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၃၂နေ ဦးစံကြည်၏ဇနီး၊ ဦးလှရွှေ-ဒေါ်ချစ်၊ ဦးထိန်ဝင်း - ဒေါ်မြင့်မြင့်ကြည်၊ ဦးတင်ရွှေ-ဒေါ်ကြည်၊ ဦးအောင်ကြည်မော်-ဒေါ်ထွန်းတို့၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၆ယောက်တို့၏အဘွားသည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(ဗဟန်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်သန်း (စကု)

အင်ဂျင်နီယာမှူးကြီး(ငြိမ်း)

M.E.P.E

အသက်(၆၇)နှစ်

မန္တလေးမြို့၊ ဂဂ-၃/၁၅၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ (ဦးထွန်း-ဒေါ်မူ)တို့၏သား၊ (ဦးကျော်ညွန့်)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်ဝင်းမေထွန်း၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးကျော်စိန်-ဒေါ်ကြူကြူတို့၏အစ်ကို၊ ဦးသန်းဇော်ငွေး-ဒေါ်ခိုင်ရည်မွန်၊ ဒေါ်သက်သက်နွယ်၊ဒေါက်တာဇော်တိုးမြင့်-ဒေါက်တာနွယ်နီလှမောင်၊ ဒေါက်တာဇော်စိုးထိုက်၊ ဦးဇော်မျိုးထက်တို့၏ဖခင်၊ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ မောင်သော်ဇင်ကောင်းထက်၏အဘိုးသည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးသန်းမြင့်(ငြိမ်း) (မာန်အောင်)

ကြည်း-၁၉၈၅၇၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)

သူရတပ်ခွဲ

အထက-ခွဲ(မင်းကုန်း)

မာန်အောင်မြို့နယ်ရာသက်ပန်အသင်းဝင်

အသက်(၆၀)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပုလင်-ပုန်းဆိုးရွာနေ ဦးကဝိန္ဒ-(ဒေါ်အေးမှုံ)တို့၏သားကြီး၊ (ဦးသာထင်-ဒေါ် ငွေမှုံ)တို့၏သားသမက်၊ အမှတ် ၂၆၂၊ စံပယ်လမ်း၊ အမှတ်(၃)လမ်းမကြီး၊ ပုလဲ(၃)ရပ်ကွက်၊ ပုလဲမြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ငွေတင်၏ခင်ပွန်း၊ ကိုဝဏ္ဏထွန်းဖေ (MRG Mobile Repairing Training)-မခင်သန္တာမြင့်(Marketing Officer of IT Dept; IMPACT Co., Ltd.)၊ မတင်မာလာမြင့်(ဒုတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဗိုလ်ကြီးမျိုးဝင်း(လက်ထောက်ကထိက၊ Electronic ဌာန၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)-မခင်သဇင်မြင့်(ဒုတိယဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းရေးဆွဲရေးဦးစီးရုံး၊ ၃-ပါရဂူ ကျမ်းပြု IR၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာတင်မောင်အေး (လက်ထောက်ဆရာဝန်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး)၊ ဗိုလ်လောင်းအောင်ပြည့်စုံတို့၏ဖခင်၊ မောင်ကောင်းမြတ်မင်း၊ မအေးပွင့်ဖြူ၊ မောင်ဘုန်းမြင့်ဝင်းတို့၏ဘိုးဘိုးကြီးသည် ၁၀-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သိန်းရင်

(ကျောက်တန်း-အေးရွာ)

အသက်(၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်း အေးရွာနေ (ဦးရွှေဒွန်း-ဒေါ်အေးခင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ ရတနာလမ်းသစ်အိမ်ရာ (တက်လမ်းအိမ်ရာ)၊ တိုက်အမှတ် ၄၊ အခန်း ၁၀၄နေ ဦးမျိုးအောင်(ဌာနစုမှူး၊ ငြိမ်း)-ဒေါ်ယဉ်နု[ဒု-ညွှန်ကြားရေးမှူး၊ငြိမ်း၊အမှတ်(၂)သတ္တုတွင်းလုပ်ငန်း]၏မိခင်၊ ဦးဇော်မျိုးဆွေ-ဒေါ်ယဉ်လဲ့မျိုး၊ ဒေါ်တင်မျိုးလှိုင်(ဓေတ္တ-စင်ကာပူ)၊ (ဗိုလ်မျိုးသူရထွန်း)၊ ဒေါ်မျိုးသီရိထွန်းတို့၏အဘွား၊ မောင်ဖြိုးထက်ဆွေ၏ဘွားဘွားကြီးသည် ၁၂-၁၀-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရောင်ဟုန်(အိုးသည်ကုန်းမြို့)

အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့နေ (ဦးတီယာ-ဒေါ်လေးမြ)တို့၏သား၊(ဦးဘထွန်း-ဒေါ်ပန်းမှုံ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သိမ်ကြီးလမ်း၊ အမှတ် ၈၁နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ (ဦးအင်ရောင်-ဒေါ်ကျင်ထွေး)၊ (ဦးရောင်ကြူ-ဒေါ်ရင်ရင်)၊ (ဦးရောင်စံ-ဒေါ်ကြင်ရွှေ)၊ (ဦးတောက်ဝါး)-ဒေါ်စောသိန်းတို့၏ညီ၊ မောင်၊ (ဦးဟန်ကြူး)-ဒေါ်ကျင်သန်းတို့၏အစ်ကို၊ တူ၊တူမ ၃၀တို့၏ဦးလေးသည် ၁၁-၁၀-၂၀၁၃ရက် ည၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြသင်

အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် ၅၃၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်းအရှေ့ရပ်ကွက်နေ (ဦးဖိုးမင်း-ဒေါ်ဖွားပု)တို့၏သမီး၊ (ဦးပွင့်)၏ဇနီး၊ဒေါ်မာမာဦး၊ဒေါ်ကြည်ကြည်၊ဒေါ်ညိုညို၊ (ဒေါ်ခင်ဖြူဖြူ)တို့၏မိခင်သည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက်(တနင်္လာနေ့)ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကြီးစိန်(ခ)

စောကြီးစိန်(ခ)Robin Saw

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်၊ရွှေငုဝါလမ်း၊အမှတ် D-(2) နေ (ဦးစိန်-ဒေါ်ကျင်နု) ကျားခေါင်းမုန့်တိုက် (ပုဇွန်တောင်)တို့၏ သားကြီး၊ (ဦးရှိန် - ဒေါ်ဝက်)တို့၏ သားသမက်၊ ဒေါ်ငွေတင်၏ခင်ပွန်း၊ ဦးတုံဝမ်း-ဒေါ်တင်တင်ဦး(အောင်-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ လယ်ဝေး)၊ ဦးစိန်လင်း (C/O Blue Ocean)-ဒေါ်ခင်မျိုးဝင်း၊ ဦးညီညီထွန်း-ဒေါ်တင်တင်လတ် (အားသစ် လယ်ယာသုံးပစ္စည်း ရောင်းဝယ်ရေး၊ ဝေါ)၊ ဦးမြင့်ငွေး(ခ)ကိုထွေး-ဒေါ်တင်တင်မော် (အားသစ် လယ်ယာသုံးပစ္စည်းထုတ်လုပ်ဖြန့်ချိရေး)တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်အုန်း

(ခတ်ခွဲကျွမ်းကျင်၊ ငြိမ်း)

ဝေဘာဂီဆေးရုံကြီး၊ မ/ဥက္ကလာ

အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ ဆရာစံအရှေ့မြောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၃၄၊ ငါးလွှာနေ ဦးသောင်း - ဒေါ်သန်းကြည် (အိမ်မဲ၊ ထန်းတပင်)တို့၏သားကြီး၊ ဒေါ်ကြည်အောင်၊ (ဒေါ်ခင်ခင်စန်း)၊ ဦးဝင်းတင်တို့၏အစ်ကိုကြီး၊ကိုကျော်သီဟ(MEGA Lifesciences Ltd.) - မနွယ်နီဦး၊ ကိုအောင်ဆန်းဝင်း-မလင်းလင်း၊ မသဲဖြူ (Global Wave)တို့၏ဖခင်၊ ဒေါ်ဂျယ်နီ(ခ)ဒေါ်အေးစိန်၏ခင်ပွန်း၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၁-၁၀-၂၀၁၃ရက် ညနေ၆း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြာဇံအောင် (မင်းပြားမြို့)

အသက်(၆၈)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ အောက်ရွာပိုင်းရပ်ကွက်၊ ပြည်တော်သာနေ ဒေါ်ကြာဇံနု၏ခင်ပွန်း၊ ဦးဦးထွန်းမြိုင်-ဒေါ်မြင့်မြင့်သိန်း၊ (ဦးမောင်သိန်းမြိုင်)-ဒေါ်မသန်း၊ ဦးလှမောင်သိန်း-ဒေါ်သန်းသန်းချေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်နေ ဦးအောင်ဇံ-ဒေါ်မေသိန်းမြိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၁-၁၀-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရွှေပြည်သာမြို့နယ်၊ (၁၉) ရပ်ကွက်၊ စက်မှုလမ်းမ၊ ဈေးဆိုင်ခန်းရှေ့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)နှင့် ၆-၁၀-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာတို့တွင်ပါရှိသော ဦးအေး (ကျောက်မြောင်း) အသက်(၈၃)နှစ်၏ နာရေးကြော်ငြာတွင် မိဘအမည်နေရာ၌ (ဦးထွန်းတင်-ဒေါ်သိန်းကြည်)ဟု ပါရှိခဲ့ပါသည်။ ၎င်းတို့မှာ မွေးစားမိဘများဖြစ်ပြီး မိဘအရင်းတို့၏ အမည်မှန်မှာ (ဦးဖိုးမြိုင် - ဒေါ်မြသက်)တို့ ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းညွန့် (ပခုက္ကူ)

အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ပေါက်ကုန်းရပ်ကွက်၊အပိုင်(၄)၊ မဉ္ဇူသကလမ်း၊ အမှတ် ၁၀၆နေ ဦးစိန်မြင့်၊ ဒေါ်အေးမြင့်မေ၊ ဒေါ်စန်းစန်းမြင့်၊ ဦးမြင့်ဝင်း၊ ဒေါ်စန်းစန်းတင့်၊ ဦးကြည်ဝင်း၊ (ဦးအောင်မိုးဆွေ)၊ ဒေါ်စန်းစန်းထွေးတို့၏မိခင်သည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၂း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဖုန်းမြတ်ထွဋ်(ခ)

ပေါက်ပေါက် (စမ်းချောင်း)

အသက်(၄၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက် (ပညာရေးဌာန)၊အမှတ် ၁၄၉၅၊ ပီမိုးနင်း ၃လမ်းနေ ဦးရဲထွဋ်-ဒေါ်ခင်စန်းရီတို့၏သားထွေး၊ (ဦးဖြူ-ဒေါ်ညွန့်စိန်)တို့၏သားသမက်၊ ဦးရန်နောင်ထွဋ်-ဒေါ်ရီရီခိုင်၊ ဦးနေလင်းထွဋ်-ဒေါ်ထင်မို့မို့ခိုင်၊ (ဦးမိုးပိုင်ထွဋ်) - ဒေါ်အေးအေးမူတို့၏ညီမောင်၊ မောင်ကျော်မင်းဟိန်း(ခ)ဂူးဂူး-မမေသော်နိုင်၊မမေသူဟန်(ခ)တုံတုံတို့၏ဖခင်၊ ဒေါ်ဥမ္မာခင်၏ခင်ပွန်းသည် ၁၂-၁၀-၂၀၁၃ရက် (စနေနေ့) နံနက် ၂း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၃ရက်(သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးရောင်ဟုန်(အိုးသည်ကုန်းမြို့)

အသက်(၈၈)နှစ်

(ဦးတီယာ-ဒေါ်လေးမြ)တို့၏သား၊ (ဦးဘထွန်း - ဒေါ်ပန်းမှုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သိမ်ကြီးလမ်း၊ အမှတ် ၈၁နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်ခင်မိမိ၏အစ်ကို၊ ဦးမြင့်ကြူ-ဒေါ်မို့မို့အောင်(USA)၊ဦးဘုန်းမြင့်(မြို့နယ်အခွန်ဦးစီးဌာနမှူး၊ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ဒေါ်ခင်ခင်သန်း(အထက-၂၊ ဗိုလ်တထောင်၊ ငြိမ်း)၊ ဦးသက်ဆွေ-ဒေါ်သင်းသင်းလှိုင်(အထက-၂၊စမ်းချောင်း၊ ငြိမ်း)၊ (ဒေါ်ဖြူဖြူရှိန်)၊ ဦးကံမြင့်၊ ဦးသက်ဇော်-ဒေါ်ခင်မြတ်ဝင်း (USA)၊ ဦးမိုးဇော်-ဒေါ်ကလျာဘို(USA)၊ကိုသာဆန်း(ညောင်ဦး)၊ ဦးငွေးကျော်-ဒေါ်ဖြူဖြူလွင်၊ ဦးအောင်ကြည်-ဒေါ်လှလှယု (အလက-၂၁၊ လှိုင်သာယာ)၊ မသီတာတို့၏ဖခင်၊ အာကာမြင့်ကြူ-နီလာဦး(USA)၊ ဥက္ကာမြင့်ကြူ(USA)၊ တာရာမြင့်ကြူ (USA)၊ ဇာနည်ဘုန်းမြင့်(USA)၊ဒေါက်တာဝင့်ကေခိုင်ဘုန်းမြင့် (M.B.,B.S, Ygn)၊ ဆုရတနာဝင်း (USA)၊ Christopher Moe Zaw, Stephen Thet Zaw, Adam Moe Zaw ၊မွန်သီရိသော်၊အောင်ထက်သော်၊ ဖွဲ့ပြည့်စုံတို့၏အဘိုး၊ ဝသန်ကြူ၏အန်းကုန်းဘိုးဘိုးကြီးသည် ၁၁-၁၀-၂၀၁၃ရက် ည ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်မြင့်

အသက်(၆၈)နှစ်

ကျောက်ဆည်မြို့၊ ဈေးတန်းရပ်နေ (ဦးလှရွှေ - ဒေါ်တင်တင်)တို့၏သမီး၊ မန္တလေးမြို့နေ ပါမောက္ခဒေါက်တာဦးကိုလေး - ဒေါက်တာ ဒေါ်သင်းကြူအေး၊ ဦးဟန်မြင့် - ဒေါ်စုစုလွင်တို့၏ အစ်မ၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးလင်းမင်းဦး)-ဒေါ်စိုးစိုးအုန်း၊ မိတ္ထီလာမြို့နေ ဦးထွန်းနိုင်ဦး-ဒေါ်ဆွေဆွေလင်း၊ ဦးတင့်လွင်-ဒေါ်အေးခိုင်ခိုင်လင်းတို့၏မိခင်၊ (ဦးထိန်လင်း၊ AE ဆည်မြောင်း၊ လှိုင်ကော်)၏ဇနီး၊ မြေးလေးယောက်တို့၏အဘွားသည် ၁၂-၁၀-၂၀၁၃ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မန္တလေးဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းအောင် (B.Sc, Phy)

(မြင်းကျားပလတ်စတစ်)(ဒိုက်ဦး)

အသက်(၅၉)နှစ်

ဒိုက်ဦးမြို့နယ်နေ (ဦးလှပု-ဒေါ်ကြင်ရွှေ)တို့၏ သား၊ မန္တလေးမြို့၊ တရုတ်တန်းနေ (ဦးတိတ်ကြည်-ဒေါ်ညွန့်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၇၇၆၊ ခုနစ်လွှာနေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ မအေးအေးသိန်း၊ မသင်းစုအောင်(Final Part II၊ ဆေး-၁)၊ မောင်ဖြိုးဇင်ခန့် (Final Year ရေကြောင်းတက္ကသိုလ်)၏ဖခင်သည် ၁၂-၁၀-၂၀၁၃ရက် ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုမင်းကိုဇော် (A/B)

(MT MTM Hong Kong)

MTM Maritime

Center Co.,Ltd.

အသက်(၃၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ယာဉ်ထိန်းရဲရိပ်သာ၊ တိုက်(D)နေ (ဦးအောင်သန်း)-ဒေါ်ညိမ်းလှ၊ (ဦးပန်းခိုင်-ဒေါ်သိန်းယု)တို့၏မြေး၊ ရဲတပ်ကြပ်ကြီးခင်ဇော်-ဒေါ်အေးအေးမူတို့၏သား၊ မဆွေဇင်ဝင့်(Top ဆပ်ပြာမှုန့်ကုမ္ပဏီ)၏အစ်ကိုသည် ၁၁-၁၀-၂၀၁၃ရက် ဒေသစံတော်ချိန် နံနက် ၁၀း၄၀နာရီတွင် ဖိလစ်ပိုင်နိုင်ငံ Roxas Port တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ မွှာရုံ၊ မဟာတံတိုင်း ဒါယကာကြီး

ဦးမျိုးသက်

(ကုန်သွယ် ယာဉ်/စက်၊ ငြိမ်း)

အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်ပိ-ပုတီးရိုးနေ (ဦးနီ-ဒေါ်စိန်ကြည်အေး)တို့၏တတိယသား၊ ဘိုကလေးမြို့နေ (ဦးသောင်းရွှေ-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဘိုကလေးမြို့နေ ဦးမြင့်ငွေး-ဒေါ်သန်းသန်းရီ၊ ရန်ကုန်မြို့နေ ဦးမြင့်ဇော်-ဒေါ်ခင်မူ၊ ဦးအောင်ကျော်မိုး (ပုံ့လွှား၊ ငရုတ်ဆီ)တို့၏ညီ/မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၇၃၂ နေ ဒေါ်တင်အေးမူ၏ခင်ပွန်း၊ မရွှေရည်သွေး၊ မကေဇင်မျိုးထွန်း၊ မောင်ဇေယျာလင်းတို့၏ဖခင်သည် ၁၁-၁၀-၂၀၁၃ရက်(သောကြာနေ့)နံနက် ၈း၂၀နာရီတွင် ဆာကူရာအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းမြိုင်

စီမံကိန်းစိစစ်ရေးနှင့်

တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန

ဒုညွှန်ချုပ်(ငြိမ်း)

ညောင်ဦးမြို့နယ်(တက်မရွာ)

အသက်(၆၈)နှစ်

တက်မရွာနေ (ဦးဘိုးသင်-ဒေါ်သောင်း)တို့၏သမီး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးအေးသောင်-ဒေါ်အေးရွှေ)၊ တက်မရွာနေ (ဦးဘိုးအံ့)-ဒေါ်ညိုအိ၊ ဘိုကလေးမြို့နေ ဦးမြင့်စ-ဒေါ်လှရီ၊ ကျောက်ပန်းတောင်းမြို့နေ ဦးသန်းမြ-(ဒေါ်လှသိန်း)တို့၏ညီမ၊ တက်မရွာနေ ဒေါ်စိန်မြိုင်၊ ရန်ကုန်မြို့နေ ဦးမောင်သန်း-(ဒေါ်စောမူရွှေ)၊ ကျောက်ပန်းတောင်းမြို့နေ ဦးကြည်ဝင်း-ဒေါ်စောရွှေတို့၏အစ်မသည် ၁၁-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် အမှတ် ၁၅၇၈/ခ၊ မောင်းမကန် ကမ်းသာလမ်း၊(၂၀)ရပ်ကွက်၊တ/ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ လက်ရှိအစိုးရသစ်လက်ထက်မှာ လယ်ယာမြေများ စိုက်ပျိုးမှုမှအပ အခြားနည်းသုံးစွဲရန်အလို့ငှာ ခွင့်ပြုမိန့်တစ်စုံတစ်ရာ ထုတ်ပြန်၍ ခွင့်ပြုပေးထားခြင်း လုံးဝမရှိသေး

စာမျက်နှာ ➤ ၄

အသေးစားနှင့် အလတ်စားလုပ်ငန်းများ လုပ်ကိုင်ရန် ကျပ်သိန်း ငါးထောင်အထိ ထုတ်ချေးရန် စီစဉ်ထား

သတင်းနှင့် ဓာတ်ပုံ - ခင်လေးမြင့်အောင်

နေပြည်တော် အောက်တိုဘာ ၁၂

အသေးစားနှင့် အလတ်စားလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ငွေကျပ်သိန်းငါးထောင်အထိ ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားကြောင်း စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်တွင် ထည့်သွင်းပြောကြားခဲ့သည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါများစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ချေးငွေထုတ်ချေးခြင်းများဆောင်ရွက်ပေးရန် စီစဉ်ခြင်းဖြစ်ကာ ချေးငွေသက်တမ်းကာလအားဖြင့် သုံးနှစ်သတ်မှတ်ထားကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

"ငွေထုတ်ချေးပေးမယ်လို့ လွှတ်တော်မှာ ပြောကြားသွားတာမှန်ပေမယ့် ကျွန်တော်တို့တွေအတွက် ကြန့်ကြာမှုတွေကတော့ ရှိနေဆဲပါ။ အသေးစား၊ အလတ်စားလုပ်ငန်းရှင်တစ်ယောက်ဖြစ်လာဖို့ အခွန်ကင်းလွတ်ခွင့်ဆိုတဲ့အကြောင်းမှာ ဥပမာပြောရရင် စည်ပင်နဲ့ပတ်သက်တဲ့အခွန်အခတွေပါဝင်သလားဆိုတာမျိုးတွေကို ပွင့်လင်းမြင်သာဖို့ လိုအပ်နေပါသေးတယ်။ လုပ်ငန်းလုပ်ကိုင်ဖို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်တွေ အလိုအပ်ဆုံးက ချေးငွေရရှိဖို့နဲ့ သက်သာတဲ့ အတိုးနှုန်းပေးဆောင်ရဖို့ဖြစ်ပါတယ်။ လက်ရှိမှာတော့ အတိုးနှုန်းက ၈ ဒသမ ၅ ရာခိုင်နှုန်းရှိနေတဲ့အတွက် ယခုထက်ပိုမိုသက်သာအောင် ဆောင်ရွက်ပေးရင် အဆင်ပြေမှာပါ။ လက်ရှိမှာတော့ ချေးလို့ရတယ်ဆိုတာမှန်ပေမယ့် အဆောက်အအုံစတဲ့ မရွှေ့ပြောင်းနိုင်တဲ့ပိုင်ဆိုင်မှုကို ရာဖြတ်တဲ့အခါ သတ်မှတ်ချက်တွေနဲ့ ပံ့ပိုးရမယ့်အဖိုးနှုန်းတွေကိုတော့ လုပ်ငန်းရှင်တွေက ကြုံတွေ့နေရတယ်" ဟု အထည်ချုပ်စက်ရုံပိုင်ရှင် ဦးစိုးသန်းငြိမ်းက ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

ပြည်တွင်းရှိ အလတ်စားစီးပွားရေးလုပ်ငန်း အထည်ချုပ်စက်ရုံတစ်ရုံရှိ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ခရီးသည်တင်ယာဉ် မည်သည့်အကွာရာမဆို အပ်နှံခွင့်ပြု

ရန်ကုန် အောက်တိုဘာ ၁၂

ခရီးသည်တင်လိုင်းပြေးဆွဲယာဉ်များ စက်စွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှုလျော့နည်းသည့် ယာဉ်ဟောင်းများအပ်နှံပြီး အစားထိုးယာဉ်တင်သွင်းခွင့်ပြုခြင်းကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ရုံးချုပ်မှ အောက်တိုဘာ ၂ ရက်နေ့စွဲဖြင့် တရားဝင်ထုတ်ပြန်ထားကြောင်း သိရသည်။

အစားထိုးတင်သွင်းခွင့်ပြု

အဆိုပါ အစားထိုးယာဉ် တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ ကညနတိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက "ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ပြေးဆွဲနေတဲ့ မော်တော်ယာဉ်များဟာ စက်စွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှုလျော့နည်းခြင်း၊ လမ်းပေါ်မှာ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်မှုနည်းပါးခြင်းတို့ကြောင့် ခရီးသည်တင်ယာဉ်လိုင်းများမှ ခရီးသည်တင်ယာဉ် မည်သည့်အကွာရာမဆို အပ်နှံခွင့်ပြုပြီး မူလယာဉ်လိုင်းများတွင် ပြန်လည်ပြေးဆွဲရန်အတွက် ၁၆ ဦးနှင့်အထက် မီနီဘတ်စ် သို့မဟုတ် စီးတီးဘတ်စ်(ဘယ်မောင်း) အစားထိုးတင်သွင်းခွင့်ပြုခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ယာဉ်တင်သွင်းခွင့်ပါမစ်လျှောက်ထားရာတွင် ယာဉ်ပိုင်ရှင်မှ မူလခရီးသည်တင်ယာဉ်လိုင်းတွင် ပြန်လည်ပြေးဆွဲပါမည်ဟူသော ဝန်ခံချက်နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီများမှ အပ်နှံယာဉ်နှင့်စပ်လျဉ်း၍ ယာဉ်ပိုင်ရှင်အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ယာဉ်လိုင်း၊ ပြေးဆွဲမည့် ခရီးစဉ်ထောက်ခံချက်ပါရှိမှသာ သက်ဆိုင်ရာ အစားထိုးသွင်းကုန်ပါမစ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(အေးကို -သတင်းစဉ်)

ကမ္ဘောဇအသင်း ချန်ပီယံဆုဖလားဆွတ်ခူး

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအဖြစ် ကမ္ဘောဇအသင်းနှင့်မကွေးအသင်းတို့သည် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ကမ္ဘောဇအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲသွားသည်။

ကမ္ဘောဇအသင်း -တစ်ဂိုး (စိုးမင်းဦး)

မကွေးအသင်း -ဂိုးမရှိ

၂၀၁၂ ရာသီက ချန်ပီယံဆုနှင့်လက်တစ်ကမ်းအကွာသို့ ရောက်ရှိပြီးမှ ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရဖူးသည့် ကမ္ဘောဇအသင်းမှာ အစဉ်အလာဆိုးများကို ချိုးဖျက်ပြီး ချန်ပီယံဆုဖလားကိုရယူနိုင်ခဲ့သည်။ချန်ပီယံဆုရရှိရေးအတွက် နှစ်သင်းစလုံးလူစုံအသုံးပြုခဲ့သော်လည်း ဂိုးသွင်းခွင့်ဖန်တီးရာတွင် ကမ္ဘောဇအသင်းက ပိုမိုရရှိခဲ့သည်။ ကမ္ဘောဇအသင်းအတွက် ချန်ပီယံဖြစ်စေမည့် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပြီးခါနီးတွင် တိုက်စစ်မှူး စိုးမင်းဦးက သွင်းယူပေးခဲ့သည်။ ကမ္ဘောဇအသင်းမှာ MNL ပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုဖလားကို ပထမဆုံးအကြိမ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရမကွေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ကျပ်သိန်း ၁၀၀၊ ပထမဆုရ ကမ္ဘောဇအသင်းအား တစ်ဦးချင်း

စာမျက်နှာ ၁၀ ကော်လံ ၄ ◆

MNL Cup ချန်ပီယံ ကမ္ဘောဇအသင်း။

